# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျှင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျရောက်၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၆)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



## ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဒေသဖွံ့ဖြိုးရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ ပိုးလမ်းမကြီးနှင့် ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးစင်္ကြံ တည်ဆောက်ရေး၊ နှစ်နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ **သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## လှိုင်သာယာထိန်ပင် အမှိုက်ပုံမီး မီးခိုးထပ်မထွက်ရန် Biofoam ဓာတ်ငွေ့ရည်ကို ရေနှင့်ရော၍ အမြင့်တက်မီးသတ်ကားဖြင့် ငြိမ်းသတ်မည်


စာမျက်နှာ - ၈


## ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးသို့ သွားရောက်သတင်းရယူ


စာမျက်နှာ - ၁၀





မြန်မာ့အလင်း

# ထန်းပင်တို့ကို ကာကွယ်ကြပါစို့

ထန်းပင်သည်အညာဒေသ၏ အလှတစ်ပါး ဖြစ်ပါသည်။ အလှတစ်ပါး ဆိုသည်ထက် သဘာဝ၏လက်ဆောင်မွန်ဆိုပါက ပို၍ ပြည့်စုံတိကျမည် ဖြစ်ပါသည်။ ထန်းပင်စိုက်ရန် ဓာတ်မြေဩဇာမလို၊ ပိုးသတ်ဆေးမလို၊ ရေသွင်းပေးရန်မလို၊ သဘာဝအလျောက် ရှင်သန်နိုင်သော အပင်ဖြစ်ပါသည်။ ရေဓာတ်ရှိသောမြေ၌ ထန်းပင်သည် ၁၅ နှစ်အတွင်း အရွယ်ရောက် အသုံးချနိုင်ပြီး ခြောက်သွေ့သောမြေ၌ ၂၅ နှစ်အတွင်း အရွယ်ရောက် အသုံးချနိုင်ပါသည်။ ထန်းပင်သည် နှစ်တစ်ရာအထိ ရှင်သန်နိုင်သော အုံ့သြစရာအပင်တစ်မျိုး ဖြစ်ပါသည်။

စိုက်ပျိုးရန်ရင်းနှီးမြှုပ်နှံမှုမလိုသော ထန်းပင်သည် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ရသော အပင်တို့ထက်ပင် လူသားတို့အတွက် ရလဒ်အသီးအပွင့်များစွာကို ဖန်တီးပေးပါသည်။ ထန်းပင်မှဖန်တီးရရှိသော လူမှုအသုံးအဆောင်ပစ္စည်းတို့သည် ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဘဝအတွက် များစွာအသုံးဝင်ပါသည်။ ကျေးလက်ပြည်သူတို့၏ နေအိမ်ခေါင်မိုး၊ ခြံစည်းရိုး အကာတို့ကိုလည်း ထန်းပင်မှဖန်တီးရယူရပါသည်။ ပို၍ ပြည့်စုံအောင်တင်ပြရပါက ထန်းပင်သည် လူသားတို့အတွက် အကောင်းဆုံးအဖော်မွန်ဖြစ်သကဲ့သို့ ကျေးငှက်မျိုးစုံတို့အတွက်လည်း အကောင်းဆုံးခိုလှုံရာ ဖြစ်ပါသည်။

ထန်းပင်၏အမြစ်သည် ရေကို သိုလှောင်ထားနိုင်စွမ်းရှိပါသည်။ သို့ဖြစ်ပါ၍ ရှေးမိဘဘိုးဘွားတို့သည် ရေကန်၊ အင်းအိုင်၊ မြစ်ချောင်းတို့ဝန်းကျင်၌ ထန်းပင်တို့ကို စိုက်ကြခြင်း ဖြစ်ပါသည်။ ပို၍ တိကျစွာတင်ပြရပါက ထန်းပင်သည် ကုန်ကျစရိတ် ဗလာနတ္ထိဖြင့် သဘာဝရေအရင်းအမြစ်ကို ထိန်းသိမ်းပေးသောအပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားတို့ ရှင်သန်ရပ်တည်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ကို ထိန်းသိမ်းပေးသောအပင်မှာ ထန်းပင်ဖြစ်ပါသည်။ထို့မှုမက ထန်းပင်သည် မုန်တိုင်းတို့၏ အရှိန်အဟုန်ကို တွန်းလှန်ယုတ်လျော့စေပါသည်။ သဲမြေတို့ တိုက်စား ပြုန်းတီးမှုကိုလည်း ကာကွယ်ပေးပါသည်။

ထန်းပင်မှရရှိသော အချိုဓာတ်၏တန်ဖိုးကို ပစ္စုပ္ပန်လူသားတို့က မေ့မေ့လျော့လျော့ မသိကျိုးကျွန်ပြုနေကြသည်ဟု ဆိုရမည် ဖြစ်ပါသည်။ အချိုဓာတ်အတွက် လူသားတို့ နေ့စဉ်အသုံးပြုနေသော ကြံမှရသည့် သကြားသည် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စဉ်အရ ဘေးထွက်ဆိုးကျိုးများစွာ ရှိပါသည်။ ကြံကိုစိုက်ပျိုးသည့်အခါ ရေအရင်းအမြစ်ကို များစွာအသုံးပြုရပါသည်။ ကြံကိုစိုက်ပျိုးစဉ်ကာလအတွင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကိုလည်း အသုံးပြုရပါသည်။ ကြံမှ သကြားထုတ်လုပ်သောလုပ်ငန်းစဉ်သည် ကျယ်ပြန့်ပြီး စွမ်းအင်လိုအပ်ချက်ကြီးမားသော လုပ်ငန်းမျိုး ဖြစ်ပါသည်။ ထို့မှုမက သကြားထုတ်လုပ်ရာ၌ **Sulphur dioxide** နှင့် တခြားသော အရောင်ချွတ်ဓာတုပစ္စည်းများကို အသုံးပြုရပါသည်။ သို့သော် ထန်းပင်မှရရှိသော ထန်းလျက်သည် မည်သည့်ဓာတုပစ္စည်းကိုမျှ အသုံးပြုထုတ်လုပ်ရန်မလိုသော အချိုဓာတ် ဖြစ်ပါသည်။ ထန်းလျက်၌ ဗီတာမင်ဘီများစွာပါဝင်သကဲ့သို့ သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်တို့လည်း ကြွယ်ဝစွာပါဝင်ပါသည်။ တိုင်းရင်းဆေးပညာ၌ ထန်းလျက်သည် ဆေးတစ်ပါး ဖြစ်ပါသည်။

ဤမျှ ဤမျှ အသုံးဝင်သော ထန်းပင်တို့ကို တစ်ပင်လျှင်ကျပ်ငါးထောင်မျှဖြင့် အတုံးအရုံးခုတ်လှဲရောင်းချနေသည်ဟူသော သတင်းသည် အညာကျေးလက်ဒေသ ပြည်သူတို့၏ လူမှုစီးပွားဘဝကို အကြီးအကျယ် ခြိမ်းခြောက်စိန်ခေါ်နေသောသတင်း ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံမှ တင်သွင်းသော သစ်ပင်ဖြတ်လွှစက် (CHAIN SAW)တို့ပင် ရောက်ရှိနေသည်ဟူသော သတင်းသည် တုန်လှုပ်ချောက်ချားစရာသတင်း ဖြစ်ပါသည်။ ဤသို့ ထန်းပင်တို့ခုတ်လှဲရောင်းချခြင်း၌ ထန်းတက်သူ မရှိခြင်းနှင့် ထိန်းသိမ်းစရိတ် မတတ်နိုင်ခြင်း(တစ်နည်း)စီးပွားရေးအကျိုးအမြတ် နည်းပါးခြင်းကို အခြေခံအကြောင်းရင်းအဖြစ် ပြောဆိုကြပါသည်။ ဤကဲ့သို့သော ပြောဆိုမှုများသည် ထန်းပင်၏ တန်ဖိုးအစစ်အမှန်ကို နားမလည်သောကြောင့် ဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ကျေးလက်ပြည်သူတို့သည် ဝက်တို့ကို ထန်းရည်နှင့် ပဲပုပ်ရောစပ်ကျွေးမွေးခြင်းဖြင့် ဝက်တို့သည် တစ်ရက်လျှင် ၄၀၀ ဂရမ်အသားတိုးပါသည်။ ဝက်၏ အညစ်အကြေးမှ ထုတ်လုပ်ရရှိသော ဇီဝဓာတ်ငွေ့ဖြင့်လည်း ထမင်း၊ ဟင်း ချက်ပြုတ်ကြပါသည်။ ထန်းပင်၏ လက်တွေ့စီးပွားရေးအကျိုးပြုမှု ကျယ်ပြန့်လာစေရန် ဤကဲ့သို့သော နည်းလမ်းတို့ကို ရှာဖွေကြံဆအသုံးပြုသင့်ပါသည်။ ထန်းပင်တို့ကာကွယ်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတို့က မူဝါဒချမှတ်ရန်လိုသကဲ့သို့ ထန်းပင်၏အသုံးဝင်မှုကိုလည်း ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးသင့်ပါသည်။ ထန်းပင်အခြေပြုစီးပွားရေးလုပ်ငန်းတို့ထွန်းကားလာစေရန်အတွက် ဘဏ္ဍာရေးပံ့ပိုးမှုတို့ကိုလည်းပြုလုပ်သင့်ပါသည်။ နိဂုံးချုပ်အနေဖြင့် ပြည်သူလူထုအတွက် ကောင်းကျိုးရလဒ်အဖုံဖုံနှစ်ပေါင်းတစ်ရာမျှ ဖန်တီးပေးနိုင်သော ထန်းပင်တို့အား မဖြစ်စလောက်သောငွေကြေးဖြင့် ရောင်းဝယ်နေခြင်းကို ဟန့်တားကာကွယ်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ဘိုကလေးမြို့နယ်၌ မြေဆီလွှာအာဟာရဓာတ်ဆိုင်ရာ တောင်သူပညာပေး

**ဘိုကလေး မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်သော သီးနှံများတွင် မြေဆီလွှာအာဟာရဓာတ်ပါဝင်မှုနှုန်း အတိအကျသိရှိစေရန်အတွက် မြေဆီလွှာအာဟာရဓာတ်ဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းကို မေ ၂၂ ရက် က ဘိုကလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစိန်သန်းတို့က သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေး တာဝန်ခံဒေါ်ခင်စန်းယုက မြေဆီလွှာအာဟာရဓာတ်ပါဝင်မှုနှုန်း သိရှိစေရန် စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် တောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။



စပါးအထွက်နှုန်း တိုးတက်စေလိုသောကြောင့် ဘိုကလေးမြို့နယ်မှ တောင်သူများသည် မြေဆီလွှာအာဟာရဓာတ် ပါဝင်မှုအချိုးအစားကို အတိအကျမသိရှိကြဘဲ လယ်ယာစိုက်ကွင်းအတွင်း ဓာတ်မြေဩဇာများကို ခန့်မှန်းထည့်သွင်း အသုံးပြုကြသောကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုစရိတ်ကြီးမြင့်ခဲ့ကြရာ မြေဆီလွှာအာဟာရဓာတ်စစ်ဆေးပြီးသော တောင်သူများသည် အချိုးအစား စရိတ်ညီညွတ်စွာ ထည့်သွင်းအသုံးပြုခြင်းအားဖြင့် သွင်းအားစု ကုန်ကျစရိတ်သက်သာပြီး တောင်သူများ စိုက်ပျိုးထုတ်လုပ်သော သီးနှံများအထွက်နှုန်းတိုးတက်မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

*ထင်သာမြင်သာ ပြုပြင်စရာ*

# ပန်းတနော်မြို့နယ်ရှိ ကျုံခရင်ချောင်းတံတား ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမ-အင်းတကော်-ခရေကန်-ဓနော် ကျေးရွာ လေးအုပ်စု ကျေးလက်လမ်းပေါ်တွင်ရှိသည့် ကျုံခရင်ချောင်းတံတားမှာ ပျက်စီးယိုယွင်းနေပြီး အပေါက်ကြီးများဖြစ်နေ၍ ကြံ့ခိုင်မှုအားနည်းကာ ဆက်လက်အသုံးပြုရန် မသင့်တော့ကြောင်း သိရသည်။

ကျုံခရင်ချောင်းတံတားသည် ကျေးရွာအုပ်စု လေးအုပ်စုတွင် နေထိုင်ကြသော ဒေသခံပြည်သူများအသုံးပြုရာ အဓိကမိန်းလမ်းမကြီးပေါ်တွင်တည်ရှိနေပြီး တံတားယိုယွင်းပျက်စီးကာ အပေါက်ကြီးများဖြစ်နေသောကြောင့် မကြာခဏဆိုသလို အန္တရာယ်တွေ့ကြုံနေရသည့်အတွက် ရွာချင်းဆက် ကျုံခရင်တံတားကို ပြုပြင်ပေးရန်လိုအပ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

“ကျွန်တော်တို့ ပန်းတနော်မြို့မှာရှိတဲ့ ကျုံခရင်တံတားကြီးမှာ ဈေးရောင်းဈေးဝယ်ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ကျောင်းသား ကျောင်းသူတွေ၊ ဒေသခံပြည်သူတွေနဲ့ ခရီးသွားဆိုင်ကယ်တွေ၊ ကြုံကျနိုင်တဲ့အထိ အပေါက်တွေ ဖြစ်ပေါ်နေပါတယ်၊ လက်ရန်းတွေ ပျက်စီးပြီး ခရီးသွားတွေ မကြာခဏ တံတားအောက်ကို ပြုတ်ကျ ကျုံကျတာတွေဖြစ်တဲ့အတွက် ဒီတံတားကြီးကို ဆက်လက်အသုံးပြုတဲ့ ပြည်သူတွေ အန္တရာယ်အမျိုးမျိုးနဲ့ ကြုံတွေနိုင်သလို ကုန်စည်စီးဆင်းမှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါတယ်” ဟု ရှင်းပြပါသည်။

သို့ဖြစ်၍ ယိုယွင်းပျက်စီးနေပြီး အသုံးပြုရန် မသင့်တော်တော့သည့် အဆိုပါတံတားကြီးကို သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ပေးပါရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၅-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ ・ ၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ ・ ၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・ ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ・ ၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



# နိုင်ငံတော်သမ္မတ ဓာတ်ပုံများ ဆက်သွယ်ဝယ်ယူနိုင်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဓာတ်ပုံ(ခေါင်းပေါင်း၊ တိုက်ပုံအနက်နှင့် ရွှေစလွယ်ဝတ်ဆင်ထားသည့် အတည်ပြုသတ်မှတ်ထားသောပုံ)ကို ရုံးဌာနအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့အတွက် ဝယ်ယူလိုပါက နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အောက်ပါ စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | ၀၆၇-၃၄၁၂၃၂၈ |
| | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | ၀၉-၄၄၈၅၄၄၉၈၃ |
| (ခ) | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၀၆၇-၃၄၁၂၃၇၁၊ ၀၁-၈၃၇၁၃၄၀ |
| | ထုတ်လုပ်ရေးဌာနခွဲ | ၀၉-၅၀၅၇၀၁၄ |
| (ဂ) | စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်) | ၀၆၇-၃၄၁၄၆၈၁ |
| | တ(၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် | ၀၉-၇၉၀၄၀၃၂၈၈ |
| (ဃ) | စာပေဗိမာန်အရောင်းဆိုင်(ရန်ကုန်) | ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ |
| | အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း | ၀၉-၄၃၁၆၉၆၃၄ |
| | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | |
| (င) | စာပေဗိမာန်အရောင်းဆိုင်(မန္တလေး) | ၀၂-၃၀၁၈၆ |
| | ၈၆ လမ်း(၂၀ လမ်းနှင့် ၂၂ လမ်းကြား)၊ မန္တလေးမြို့ | ၀၉-၄၀၂၆၈၁၈၈ |

ပုံအရွယ်အစားအလိုက် ကျသင့်သော ဈေးနှုန်းကို www.moi.gov.mm Webpage တွင် ဖော်ပြထားပြီး ရုံး၊ ဌာနအဖွဲ့အစည်းများအလိုက် မှာယူလိုသော ဓာတ်ပုံအရေအတွက်၊ ပေးပို့စေလိုသည့် နေရာတို့အားဖော်ပြ၍ ဆက်သွယ်မှာယူနိုင်ပါကြောင်းနှင့် သက်ဆိုင်ရာဌာနနှင့် နေရာများအရောက် ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဖြည့်စွက်ခန့်ထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဖြည့်စွက်ခန့်ထားခြင်း

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးစိန်သန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(၂) ဦးညွန့်တင်
သံအမတ်ကြီး(ငြိမ်း)

(၃) ဒေါက်တာဒေါ်တင်မေထွန်း
ပါမောက္ခ(ငြိမ်း)
အဝေးသင်တက္ကသိုလ်(ရန်ကုန်)

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး


**နေပြည်တော် ဧပြီ ၂၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# ကွန်ပျူတာအသုံးပြုမှုခင်းများစုံစမ်းစစ်ဆေးခြင်းနှင့် အီလက်ထရွန်နစ်သက်သေခံအထောက်အထားများ အသုံးပြုခြင်းနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၅**

မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC) ၏ နည်းပညာအကူအညီဖြင့် Computer Forensics and Digital Evidence အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ယခုအချိန်သည် စနစ်တစ်ခုသဖွယ် ပျံ့နှံ့ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုကို စနစ်တကျ တိုက်ဖျက်နိုင်ရန်အတွက် ပြင်ဆင်နေသည့် အချိန်ဖြစ်ကြောင်း၊ ထိုအချိန်၌ လိုအပ်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရာတွင် ကွန်ပျူတာအသုံးပြုမှုခင်းများ စုံစမ်းစစ်ဆေးခြင်းနှင့် အီလက်ထရွန်နစ် သက်သေခံအထောက်အထားများ အသုံးပြုခြင်းနည်းပညာသည် အနာဂတ်ကာလမှုခင်းများ စုံစမ်းစစ်ဆေးရာတွင် မရှိမဖြစ်အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်းတို့ကြောင့် ဝန်ထမ်းများ ကျွမ်းကျင်မှုရရှိအောင် ကြိုးစားပြီး သင်ယူစေလိုကြောင်း ပြောကြားသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး(UNODC) မှ Country Manager ဖြစ်သူ Mr. TroelsVester က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သင်တန်း သင်ရိုးညွှန်းတမ်းအုပ်စုအလိုက် စာအုပ်သုံးမျိုးနှင့် သင်တန်းလိုအပ်ချက်များ သုံးသပ်တင်ပြသည့်အစီရင်ခံစာ စာအုပ်တစ်အုပ် (မြန်မာ+အင်္ဂလိပ်)တို့ကို ကော်မရှင်ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ထမ်းများအား လက်တွေ့ဆွေးနွေးပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လူသားချင်းစာနာထောက်ထားမှု အကူအညီ ဆောင်ရွက်ပေးနေသည့် အခြေအနေများ ဆွေးနွေး



**နေပြည်တော် မေ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E. Mr. Paul R.Seger အား ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု ၊ Swiss Agency for Development and Cooperation (SDC) အဖွဲ့မှ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာပြောင်းရွှေ့သူများအား ပြန်လည်လက်ခံ ဆောင်ရွက်ပေးနေမှု ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဆွစ်ဇာလန်နိုင်ငံက မြန်မာနိုင်ငံအတွက် ၂၀၁၉-၂၀၂၃ ခုနှစ် (၅)နှစ်တာကာလအတွက် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစီမံကိန်းတစ်ရပ်ကို ရေးဆွဲနေသည့် အခြေအနေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် SDC တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် မြှင့်တင်နိုင်ရေး ဒေသတွင်းနိုင်ငံများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံကောင်းများ၊ ကျင့်ထုံးကောင်းများကို သိရှိစေရန် ရည်ရွယ်လျက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့ ပူးပေါင်း၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ မေ ၂၅ ရက် နံနက်က ကျင်းပခဲ့သည်။




ဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Rory Mungoven၊ ဦးစီးဌာန အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် EU သံရုံးမှ ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်များ ဖြစ်ပေါ်လာစေရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေအသစ်တစ်ရပ်ကို ပြုစုရေးဆွဲပြီး လွှတ်တော်သို့ ပေးပို့ထားကြောင်း၊ အဆိုပါ ဥပဒေအသစ် အတည်ပြုပြဋ္ဌာန်းပြီး ပေါ်ပေါက်လာမယ့် အခင်းအကျင်းအသစ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်၍ အာဆီယံဒေသတွင်းနိုင်ငံအချို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများမှ သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုပါနိုင်ငံများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍတွင် ထဲထဲဝင်ဝင် ဆောင်ရွက်နေသည့် ကျွမ်းကျင်သူများကို ဖိတ်ကြားပြီး အတွေ့အကြုံများ ရှင်းလင်းမျှဝေနိုင်ရန် ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် အတည်ပြုပြဋ္ဌာန်းတော့မည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ဖြစ်လိမ့်မည်လို့ မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Rory Mungoven ကလည်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့မှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ၎င်းတို့နိုင်ငံများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံကောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် တိုးတက်ရေးအတွက် စကားဝိုင်းပုံစံဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

## လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အာရှ-ပစိဖိတ်ဌာနအကြီးအကဲ Ms. Jyoti Sanghera ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အာရှ-ပစိဖိတ်ဒေသတွင် လုပ်ဆောင်ချက်များနှင့် မြန်မာပြည်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ လွှတ်တော်များတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သော နိုင်ငံတကာ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များလေ့လာရေးတွင် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက လိုအပ်သည်များကို ပံ့ပိုးကူညီပေးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနှင့်ဗီယက်နမ် အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် Cultural Cooperation Program (2017-2020) အရ မြန်မာနှင့် ဗီယက်နမ် အနုပညာရှင်များ ပူးပေါင်းတင်ဆက်မည့် “Honoring brands in cultural activities and international integration” ဖျော်ဖြေပွဲကို မေ ၂၈ ရက် ညနေ ၆ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေများ ပေးအပ်

**ပြည် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လူမှုဖူလုံရေးရုံး၌ မေ ၂၄ ရက်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်မြို့ လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ပြည်သစ်လုပ်ငန်းဒေသရုံးမှ လုပ်ငန်းခွင် ထိခိုက်၍ လုပ်အားဆုံးရှုံးသွားသော ဦးဇော်ဝင်းနိုင်အား အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းငွေကျပ် ၇၁၃၃၆၈၆ . ၅၆၊ အမျိုးသမီးအာမခံ အလုပ်သမား သုံးဦး၏ မီးဖွားမှုနှင့် မီးဖွားစရိတ်၊ အာမခံ အလုပ်သမား သုံးဦး၏ နာရေးစရိတ် အကျိုးခံစားခွင့်နှင့် စုစုပေါင်း အာမခံအလုပ်သမား ခုနစ်ဦးအတွက် အကျိုးခံစားခွင့် စုစုပေါင်း ငွေကျပ် ၁၀၅ သိန်းကျော်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်တို့က အကျိုးခံစားခွင့်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ထိန်ပင်အမှိုက်ပုံ မီးအမြန်ငြိမ်းသတ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စုအတွင်းရှိ ထိန်ပင်စည်ပင်သာယာ အမှိုက်ပုံအတွင်းမှ အပူချိန်လွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးအမြန်ငြိမ်းသတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

ဧပြီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်မှစ၍ အမှိုက်ပုံ မီးလောင်ခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ မီးသတ်ယာဉ်များ၊ အုပ်ချုပ်မှု ယာဉ်များ၊ အထောက်အကူပြု ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလောင်ဧရိယာ နှစ်ဧကခန့် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှု၏ ၈၀ ရာခိုင်နှုန်းအား ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"အခု ကျွန်တော်တို့ မီးမကူးစက်ရေးအတွက်လည်း ထိန်းနိုင်ပြီ၊ မီးငြိမ်းသတ်နိုင်ရေးကလည်း ၈၀ ရာခိုင်နှုန်းလောက် ထိန်းနိုင်ပြီ၊ ကျွန်တော်တို့ မထိန်းနိုင်သေးတာ မီးခိုးဖြစ်နေပါတယ်၊ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာနဲ့ မီးခိုးအတွက်ကို ဆောင်ရွက်နိုင်ဖို့အတွက် Bio Foam သုံးမယ်ဆိုတဲ့ အစီအစဉ်ကို ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်၊ အခုအချိန်က စပြီး မှာယူရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့ စမယ်၊ ၃၆ နာရီအတွင်းမှာ ရောက်လာနိုင်ဖို့ကို တွန်းအားပေး ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

မီးငြိမ်းသတ်ရာတွင် အသုံးပြုမည့် ရေအား ထိန်ပင်ရေကန်မှ မီးသတ်ယာဉ်ဖြင့် သယ်ယူခြင်းမပြုတော့ဘဲ ရေကန်အစပ်၌ ရေတွန်းပန့်များ တပ်ဆင်ကာ မီးလောင်ပြင်နေရာသို့ တောက်လျှောက်ရေများ ပို့လွှတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မီးလောင်သည့်နေရာ အနီးတစ်ဝိုက်ရှိ ရွာများတွင် ယာယီကျန်းမာရေး စောင့်ရှောက်မှု ဒေသန္တရ ဆေးခန်း ငါးခန်းဖွင့်လှစ်ထားသော်လည်း လိုအပ်ပါက ထပ်မံဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လေထုညစ်ညမ်းမှု တိုင်းတာသည့်လုပ်ငန်းအား မီးလောင်ပြင်ပတ်ဝန်းကျင်ရှိ နေရာ ငါးခုတို့တွင် တိုင်းတာမှတ်တမ်းတင်ပြီး ပြည်သူများသို့ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမှိုက်ပုံ မီးငြိမ်းသတ်မှုပိုမိုထိရောက်စေရေးအတွက် လိုအပ်သော BioFoam ဂါလန် ၁၈၀၀ အား ထိုင်းနိုင်ငံသို့ မှာယူ၍ ကရင်ပြည်နယ် မြဝတီလမ်းမှတစ်ဆင့် သယ်ယူအသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသည်။ အမှိုက်ပုံ မီးလောင်မှုကြောင့် မီးခိုးငွေ့ရှူရှိုက်မိပြီး ဆေးရုံဆေးခန်းသို့ ရောက်ရှိလာသော လူနာ ၁၃ ဦးကိုလည်း အရေးကြီးမှုအဆင့်အတန်းအလိုက် အထူးကုဆောင်များသို့ လွှဲပြောင်းကုသပေးလျက်ရှိသည်။ အောက်ဆီဂျင်နှင့် ဆေးဝါးအစုံအလင်၊ အရေးပေါ်လူနာတင်ယာဉ် အစီး ၆၀ ကျော် အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မီးစငြိမ်းတုန်းက YCDC ၊ နောက် ပူးပေါင်းပါဝင်လာတာက မီးသတ်၊ မီးသတ်ပြီးတဲ့အခါကျတော့ မနေ့ကစပြီး တပ်မတော် ပါလာပြီ၊ ညက ဆည်မြောင်းပါ ပါလာတယ်ဆိုတော့ ဌာန လေးခုပေါ့၊ တပ်မတော်ဆို တော်တော်အင်အားများတယ်၊ လူရော ပစ္စည်းအင်အားရောပေါ့၊ မီးလောင်တဲ့အားကလည်း နည်းနည်းကျသွားတဲ့ အခါကျတော့ ကျွန်တော်တို့ ဝိုင်းထိန်းလို့ ရပါပြီ၊ မူဝါဒအနေနဲ့က နှစ်ခုတော့ သွားမှာပေါ့၊ တစ်ခုက အမှိုက်တွေစိုအောင် ကန်ထဲက ရေတွေစုပ်ပြီး အမှိုက်ပုံထဲကို ရေပဲလွှတ်ထားမှာပေါ့၊ နောက်တစ်ခုက မီးလောင်တဲ့ နေရာတွေကို မီးခိုးထပ်မထွက်အောင် BioFoam နဲ့ ရေနဲ့ရောပြီး ထပ်ပက်မယ်၊ မနက်ဖြန်လောက်ဆို ရောက်ပါပြီ"ဟု မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။



မီးငြိမ်းသတ်ရာတွင် ပိုမိုထိရောက်စွာ ကွပ်ကဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ဒရုန်းယာဉ်များဖြင့် ကောင်းကင်ဓာတ်ပုံများ ရယူကွပ်ကဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ အင်အား ၈၀၀ နီးပါး အသုံးပြုကာ ဝိုင်းဝန်း ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မင်းသက်ဦးတို့ တက်ရောက်ကြသည်။ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် အခင်းဖြစ် မီးလောင်ပြင်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုမည်ဖြစ်ပြီး ည ၈ နာရီတွင် ယင်းကိစ္စနှင့်ပတ်သက်၍ အထူးအစည်းအဝေးတစ်ရပ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

---



# တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဧပြီ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဇော်မြင့်မောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် ကိုယ်စားလှယ်များအား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (ဓါတ်ပုံ)

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

---

# မီးခိုးမွန်ရောဂါနှင့် ဆက်စပ်ရောဂါ လူနာများအား ၂၄ နာရီပတ်လုံးကုသပေးနိုင်ရေး အသင့်ပြင်ဆင်ထား

**နေပြည်တော် ဧပြီ ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ မီးခိုးမွန်ရောဂါ ကုသရေးဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပေးသည်။

လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် ယနေ့အထိ မီးခိုးမွန်ရောဂါနှင့်ဆက်စပ်၍ အတွင်းလူနာ ၁၄ ဦး တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိရာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့က ယင်းလူနာများကို ကြည့်ရှုအားပေးပြီး မီးခိုးမွန်ရောဂါနှင့် ဆက်စပ်လူနာများ၏ သွေးတွင် ကာဗွန်မိုနောက်ဆိုဒ် ပါဝင်မှုကိုသိရှိနိုင်ရန် (Carboxyheamoglobin Level)ကို တိုင်းတာရာတွင် အဖြေ အမြန်ရရှိရေး၊ မီးခိုးမွန်ရောဂါနှင့် ဆက်စပ်လူနာများအတွက် ဆေးရုံတွင် လိုအပ်သော အောက်ဆီဂျင်လုံလောက်စွာ ရရှိရေး၊ လူနာခန်းများအသင့် ဖြစ်ရေးနှင့် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများမှ တင်ပြသည့် မီးခိုးမွန်ရောဂါကုသရေးဆိုင်ရာ လတ်တလောလိုအပ်ချက်များအား တစ်ပါတည်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် လှိုင်သာယာပြည်သူ့ဆေးရုံအပြင် အရံဆေးရုံများအဖြစ် အင်းစိန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့ပေါ်ရှိ အခြားဆေးရုံကြီးများတွင်လည်း မီးခိုးမွန်ရောဂါနှင့် ဆက်စပ်ရောဂါ လူနာများနှင့်ပတ်သက်၍ ၂၄ နာရီပတ်လုံး ကုသပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

အလားတူ လှိုင်သာယာနှင့် ပတ်ဝန်းကျင်နယ်မြေတွင်ရှိသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအား ၂၄ နာရီ ဖွင့်လှစ်ထားရှိရေး၊ ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာထားရှိရေး၊ အရေးပေါ်လူနာများ လွှဲပြောင်းပေးနိုင်ရေးအတွက် လူနာတင်ယာဉ်များ အဆင်သင့်ရရှိရေးနှင့် လူနာတင်ယာဉ်များပေါ်တွင် အောက်ဆီဂျင်အလုံအလောက်ရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လှိုင်သာယာနယ်မြေရှိ ထိန်ပင်အမှိုက်ပုံနှင့် ဆက်စပ်နေရာများတွင် လေထုညစ်ညမ်းမှု အခြေအနေကို တိုင်းတာသည့် ကိရိယာများ (Air Pollution device) တပ်ဆင်ထားမှုအခြေအနေအား ကြည့်ရှုပြီး လေထုညစ်ညမ်းမှု ပမာဏများပြားလာပါက တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ အဆိုပါနေရာတွင်နေထိုင်သူများအား မီးခိုးကင်းလွတ်ရာနေရာများသို့ ခေတ္တရွှေ့ပြောင်းနေထိုင်ရေးနှင့် ရွှေ့ပြောင်းရာဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့သည် အမှိုက်ပုံနှင့် အနီးဆုံးဖြစ်သည့် ရပ်ကွက်ကြီး (၁၂/၁၈/၂၀)နှင့် ရွှေလင်ပန်း စက်မှုဇုန်များရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်း သွားရောက်အားပေးကြည့်ရှုသည်။



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးမွန်ရောဂါနှင့် ဆက်စပ်ရောဂါများ ခံစားရမှုများ သက်သာပျောက်ကင်းနိုင်ရေးအတွက် ကုသရေး၊ ကာကွယ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ကျန်းမာရေးအသိပညာပေးခြင်း စသည့် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖန်တီးတီထွင် လူ့စွမ်းအင် မူပိုင်ခွင့်ဖြင့် တို့မြှင့်တင်

**မယု (စက်မှု)**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာပေါ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် ဦးတည်ကြိုးပမ်းပုံဖော်လျက်ရှိရာတွင် နည်းပညာရပ်ဝန်းသည် ခေတ်နှင့်အညီ တိုးတက်မြင့်မားလာပါသည်။ ယနေ့ ၂၁ ရာစုတွင် နည်းပညာရပ်ဝန်းကြောင့် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိသည့်တိုင် တီထွင်ဖန်တီးနိုင်စွမ်းများ အားနည်းနေသေးပါက ဆားမပါသည့် ဟင်းတစ်ခွက်နှင့် တူညီနေပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကဏ္ဍများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းလာနိုင်ပြီဖြစ်သည့် အမျိုးသမီးထု၏ တီထွင်မှုများ၊ ဆန်းသစ်သော ဖန်တီးမှုမျိုးစုံတို့ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးပြီး အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်သည်။

**အသိဉာဏ်မူပိုင်ခွင့်**

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ်မူပိုင်ခွင့် အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်စေရန်၊ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းစဉ်များ မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာပေအနုပညာနယ်ပယ်၊ သိပ္ပံနှင့် နည်းပညာ နယ်ပယ်တို့တွင် တီထွင်ဖန်တီးမှုများ မြှင့်တင်နိုင်စေရန်၊ ကိုယ်ပိုင်တီထွင် ဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး ဖန်တီးမှုများ မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် World Intellectual Property Organization (ဝီပို)မှ နှစ်စဉ် ဧပြီလ ၂၆ ရက်နေ့ကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဝီပိုအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ် ကျင်းပလာခဲ့ပါသည်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုလိုပါသည်။

World Intellectual Property Organization (ဝီပို) သည် ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် စတော့ဟုမ်း သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုး ဖွဲ့စည်းခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှ စတင်အသက်ဝင်ခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ကြီးဖြစ်ပြီး ၁၉၇၄ ခုနှစ်မှစ၍ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဌာနချုပ်အနေဖြင့် တည်ထောင်ထားရှိပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ဉာဏပစ္စည်း ကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ဝီပိုအဖွဲ့ကြီး၏ သဘောထားဆောင်ပုဒ်မှာ လူသားတို့ ဉာဏ်ရည်အစွမ်းအစသည် အနုပညာလုပ်ငန်းအားလုံးနှင့် တီထွင်မှုအားလုံး၏ အရင်းအမြစ်ဖြစ်သည်။ Intellectual Property ဟု ခေါ်သည့် "ဉာဏစွည်း" ဆိုရာတွင် စက်မှုပစ္စည်းပိုင်းဆိုင်ရာ တီထွင်မှုများ၊ အမှတ်တံဆိပ်များ၊ စက်မှုဒီဇိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာ စာပေ၊ ဂီတ၊ အနုပညာ၊ ဓာတ်ပုံပညာနှင့် ရုပ်မြင်သံကြားလုပ်ငန်းများဟူ၍ နှစ်ပိုင်းခွဲခြားထားပါသည်။ ထို့အပြင် ဝီပိုအနေဖြင့် (WIPO Development Agenda) အဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် ဉာဏပစ္စည်း မူပိုင်ခွင့်စနစ်၏ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်စေရန်နှင့် ကမ္ဘာ့စီးပွားရေးတွင် ပါဝင်နိုင်စွမ်းရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

> **"နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းလာနိုင်ပြီဖြစ်သည့် အမျိုးသမီးထု၏ တီထွင်မှုများ၊ ဆန်းသစ်သော ဖန်တီးမှုမျိုးစုံတို့ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးပြီး အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်"**

**အမျိုးသမီးများ၏ စွမ်းပကား**

သို့ပါ၍ ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်မှု နယ်ပယ်တွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်သည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အကြောင်းအရာတစ်ရပ် ဖြစ်လာပါသည်။ ယခုနှစ် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့၏ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် Powering change : Women in innovation and creativity ဟူ၍ ဝီပိုမှ သတ်မှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ထူးခြားပြောင်မြောက်သော၊ တီထွင်ဉာဏ်ကောင်းမွန်သော အမျိုးသမီးများ၏ စွမ်းပကားတို့ဖြင့် တီထွင်ဆန်းသစ်မှုများ (ဆေးပညာလောက၊ သိပ္ပံပညာရပ်များ၊ နည်းပညာရပ်များ၊ ရုပ်ရှင်၊ တေးဂီတ၊ ဖက်ရှင်၊ ဒီဇိုင်း၊ အက၊ စာပေ၊ အနုပညာရပ်ဝန်းများ)ကို အသိဉာဏ်မူပိုင်ခွင့်များဖြင့် အကာအကွယ်ပေးရင်း အနာဂတ်ကမ္ဘာကြီးကို ပုံဖော်သွားရန် ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် တီထွင်ဖန်တီးမှု စွမ်းရည်များဖြင့် အဆင့်မြင့် နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်စေနိုင်မည့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်ဟု မူဝါဒနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ရည်မှန်းချက်(၅) ကျားမ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်ရေး၊ ရည်မှန်းချက်(၉) ဖြစ်သည့် ရေရှည်တည်တံ့သော စက်မှုလုပ်ငန်းများ ထူထောင်ခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေးဟူသည့် ပန်းတိုင်တို့ကို အရောက်လှမ်းနိုင်ရန် အမျိုးသမီးများ၏ တီထွင်ဖန်တီးမှုများမှတစ်ဆင့် အထောက်အကူဖြစ်စေမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို အကျဉ်းချုံးဖော်ပြရလျှင်-

**အားပေးမြှင့်တင်**

အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဆင်တန်ဆာဖြစ်သည်နှင့်အညီ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်၊ စာပေနှင့် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်၊ တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာဖန်တီးမှုများကို မြှင့်တင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရန်၊ စီးပွားရေးဆိုင်ရာ အမြတ်ထုတ်မှုများနှင့် မမျှတသော ယှဉ်ပြိုင်မှုများအား ဟန့်တားရန်၊ ပထဝီဆိုင်ရာအညွှန်းများ အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ ထွက်ကုန်များ၏ အရည်အသွေးမြှင့်တင်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ရိုးရာယဉ်ကျေးမှု ဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်နှင့် ကိုက်ညီမှုရှိစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မူများနှင့်အညီ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်၍ တီထွင်မှု မူပိုင်ခွင့် ဥပဒေ (Patent Law)၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ (Industrial Design Law)၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (Trade Marks and Service Marks Law)နှင့် စာပေ၊ ဂီတနှင့် အနုပညာလောကအတွက် မူပိုင်ခွင့်ဥပဒေ (Copyright Law) (၄) မျိုးကို ရေးဆွဲခဲ့ပြီး လွှတ်တော်သို့ တင်သွင်းထားပြီး ဖြစ်ပါသည်။ ထိုဥပဒေများ ထွက်ရှိပြီးပါက ဆန်းသစ်တီထွင်သူများ၏ အကျိုးခံစားခွင့်များ ပိုမိုရရှိနိုင်မည် ဖြစ်သည်။ ထို့အပြင် တီထွင်ဖန်းတီးသူများအတွက် မူပိုင်ခွင့်မှတ်ပုံတင်နိုင်ရန် Myanmar Intellectual Property Office ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

**ဖန်တီးမှုလက်ရာများ**

နိုင်ငံတကာချိတ်ဆက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် စည်းကြပ်အခွန်အပေါ် အထွေထွေသဘော တူညီချက် (The General Agreement on Tariffs and Trade-GATT)၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ကမ္ဘာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Porperty Organization- WIPO)၏ (၁၇၆ မြောက် အဖွဲ့ဝင်နိုင်ငံ) အဖြစ် ဝင်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

ဖန်တီးမှုလက်ရာများကို သုံးစွဲသူသည် ကမ္ဘာပေါ်တွင် တိုင်းပြည်နိုင်ငံ နယ်နိမိတ်ကို ကျော်၍ သုံးစွဲမှုများ တစ်နေ့တခြား များပြားလျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုလက်ရာများကို ကမ္ဘာ့အဖွဲ့အစည်းများနှင့် အစိုးရများမှ ညီလာခံများ ကျင်းပပြီး နိုင်ငံတကာ သဘောတူညီမှုစာချုပ်များဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လာခဲ့ပါသည်။ ၁၈၈၆ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှာ ဆွစ်ဇာလန်နိုင်ငံ Berne မြို့မှာ ကျင်းပခဲ့တဲ့ "Berne Convention for the Protection of Literary and Artistic Works" Convention အရ အဖွဲ့ဝင်နိုင်ငံတွေအနေဖြင့် သတ်မှတ်ထားသည့် Copyright စံတွေကို အညီအညွတ်လိုက်နာပြီး အပြန်အလှန် အသိအမှတ်ပြုရန် သတ်မှတ်ခဲ့ပါသည်။ ယင်းအချက်အပေါ် ထောက်ရှု၍ ကျွန်ုပ်တို့ နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့အစည်း (WTO) ၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်ကိစ္စရပ်များနှင့် ပတ်သက်၍ WIPO နှင့် WTO တို့ ချုပ်ဆိုထားသည့် ကုန်သွယ်မှုနှင့် ဆက်စပ်သော ဉာဏပိုင်းပစ္စည်းများနှင့် ဆက်နွယ်သော အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (Trade Related aspects of Intellectual Property rights(TRIPs Agreement) နှင့် အာဆီယံမှ သတ်မှတ်ပေးထားသည့် ASEAN Framework Agreement on IP တို့ကို အဖွဲ့အစည်းများမှ ချမှတ်ပေးထားသော သတ်မှတ်ချက် စံချိန်၊ စံညွှန်းများကို ကျွန်ုပ်တို့နိုင်ငံအနေဖြင့် လိုက်နာဆောင်ရွက်သွားရမည် ဖြစ်သည်။

**တစ်ကမ္ဘာလုံး ဆိုင်ရာ**

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့ ပူးပေါင်း၍ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၌ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အခွင့်အရေးများအကြောင်း အကြံပေးခြင်းနှင့် သင်တန်း၏ နောက်ဆက်တွဲ အစည်းအဝေးတစ်ရပ်ကို (၂၃-၁၀-၂၀၁၇)ရက်နေ့တွင် နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် LDCs နိုင်ငံများမှ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အတွေ့အကြုံများကို ဝေမျှရေး၊ နိုင်ငံတော်၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာနှင့်ကိုက်ညီစေရန် ကျင်းပခဲ့ခြင်း ဖြစ်သည်။

**ကျင်းပသွားမည်**

ထို့အတူ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများကို အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ မူပိုင်ခွင့် ဌာနမှတာဝန်ရှိသူများ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဒေသ ထွက်ကုန်အစုအဖွဲ့များက ရှင်းလင်းတင်ပြခြင်း၊ တက္ကသိုလ်ကျောင်းသားလူငယ်များ၏ တီထွင်ဖန်တီးမှုနှင့် မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသခြင်း အစီအစဉ်များဖြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားကို ဧပြီ ၂၆ ရက်က နေပြည်တော် MGallery ဟိုတယ်၌ ကျင်းပခဲ့သည်။ ထို့အတူ "ဖန်တီးတီထွင် လူ့စွမ်းအင် မူပိုင်ခွင့်ဖြင့် တို့မြှင့်တင်" နှင့် ယခုနှစ် ၂၀၁၈ ဆောင်ပုဒ်ဖြစ်သည့် "Powering Change: Women in Innovation and Creativity" ခေါင်းစဉ်များဖြင့် စကားဝိုင်း အစီအစဉ်များကို ကျင်းပသွားမည် ဖြစ်သည်။

တီထွင်ဆန်းသစ်မှုနှင့် မူပိုင်ခွင့်တို့သည် "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဆိုသလို ဆက်စပ်ပတ်သက်နေပါသဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍတိုင်းအတွက် ပေးစွမ်းနိုင်မည့် အမျိုးသမီးထု၏ ဆန်းသစ်တီထွင်မှုမျိုးစုံတို့ကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးပြီး အနာဂတ်ကမ္ဘာကြီးကို အလှဆင်နိုင်ကြပါစေဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပန်းတောင်းမြို့နယ်၌ အရှိုချင်းစာပေသင်တန်း ဖွင့်လှစ်

**ပန်းတောင်း ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့စာရေးဆရာအသင်းရုံး အလက်ာခန်းမ၌ အရှိုချင်းစာပေသင်တန်းကို ဧပြီ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အရှိုချင်းစာပေနှင့်ယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌဆလိုင်းဦးအေးပိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်အောင်မြင့်နှင့် ရတနာပုံရုပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့က အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အရှိုချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဆလိုင်းဦးပေါလူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ကော်မတီမှ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



# ရေပိုက်တွေသွယ်ပြီး တောက်လျှောက်မိုးရွာသလိုမျိုး ရေဖျန်းဖို့အစီအစဉ်ကို ဒီနေ့မနက်မှာ စတင်ဆောင်ရွက်နေပါတယ်။ ဆေးရည်နဲ့ ပက်ဖျန်းနိုင်ဖို့အတွက်လည်း ပြင်ဆင်နေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တိုက်ရိုက်ကြီးကြပ်နေပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

● **တွေ့ဆုံမေးမြန်း - ရီရီမြင့်**

**ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးသည် ဧပြီလ ၂၅ ရက် ၄ ရက်မြောက်နေ့တွင် ဆက်လက်မကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး ၈၀ ရာခိုင်နှုန်း ငြိမ်းသတ်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။**

အဓိကအခက်အခဲနှင့် စိန်ခေါ်မှုပြဿနာတစ်ခုဖြစ်နေသော မီးခိုးထွက်မှု နည်းနိုင်သမျှ နည်းသွားပြီး အပြီးသတ်ငြိမ်းသွားသည်အထိ ဖြစ်အောင်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ရေပိုက်များကို သွယ်တန်းကာ တောက်လျှောက်မိုးရွာသကဲ့သို့ ရေဖျန်းမည့်အစီအစဉ်ကို ယနေ့နံနက်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး ဆေးရည်နှင့် ပက်ဖျန်းနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုသည်။

ထိုသို့စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**မေး ။ ။ လှိုင်သာယာ ထိန်ပင်အမှိုက်ပုံမီးလောင်မှုနဲ့ ပတ်သက်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ ထိန်ပင်အမှိုက်ပုံမီးလောင်မှုကိစ္စက ဧပြီလ ၂၁ ရက်နေ့မှာ မီးလောင်ကျွမ်းမှု စဖြစ်ပါတယ်။ မီးလောင်ကျွမ်းရတဲ့အကြောင်းရင်းက အမှိုက်ပုံက နှစ်ကြာလာတာနဲ့အမျှ အမှိုက်ပုံရဲ့အောက်မှာ မီသိန်းဓာတ်ထွက်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ဖြစ်ပါတယ်။ အဲဒီအငွေ့တွေကို ထွက်သွားအောင် လုပ်ပစ်ရပါတယ်။ မီသိန်းဓာတ်ငွေ့ကိုထုတ်ဖို့ လျှပ်စစ်ထုတ်လုပ်နေတဲ့ နိုင်ငံတကာမှာဆိုရင်တော့ ဒီအခြေအနေကို လုပ်နိုင်ပါတယ်။ အမှိုက်ကိုစနစ်တကျ ဖျက်ဆီးပစ်ပြီးတော့ စွမ်းအင်သုံးစွဲနိုင်ဖို့ မဆောင်ရွက်နိုင်သေးတဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမီသိန်းကနေ မီးလောင်ခြင်း ဖြစ်ပါတယ်။ မီးလောင်မှုစဖြစ်တဲ့အချိန်မှာ မီးကိုထိန်းသိမ်းဖို့ လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အမှိုက်ပုံကအလွန်အင်မတန် ကြီးပါတယ်။ ဧက ၁၀၀ လောက်အတွင်းမှာ မီးလောင်ကျွမ်းမှုဖြစ်နေပါတယ်။ ဒီမီးလောင်ကျွမ်းမှုဖြစ်တယ်ဆိုတာက အပေါ်ကနေ သိရတာ မဟုတ်ပါဘူး။ အောက်ကနေ တငွေ့ငွေ့လောင်နေရာကနေ စပြီးလောင်တာပါ။ အငွေ့ထွက်လာတော့မှ အခြေအနေတစ်ခုကို သိရတာဖြစ်ပါတယ်။ ဒီမီးငြိမ်းသတ်ဖို့ကို သတိထားပြီး ဆောင်ရွက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အချို့အောက်မှာ မီးလောင်ထားပြီး အပေါ်ကနေ ပုံမှန်အခြေအနေပဲရှိနေသေးတဲ့ အခြေအနေထင်ပြီး နင်းမိလိုက်မယ်ဆိုရင် အောက်ကို ကျွံကျသွားနိုင်ပါတယ်။ ဒါကို သတိထားပြီး ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ မီးကိုငြိမ်းသတ်လာခဲ့တာ မီးသတ်အင်အားရယ်၊ အရန် မီးသတ်အင်အားနဲ့ ရဲတပ်ဖွဲ့အင်အားတွေရယ် မီးငြိမ်းသတ်ဖို့ ဆောင်ရွက်နေပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

**မကူးစက်အောင်ထိန်းထားနိုင်**

မီးငြိမ်းသတ်တဲ့နေရာမှာလည်း စနစ်တကျ တော်တော်ကို ဆောင်ရွက်ရပါတယ်။ ဘာကြောင့်လဲဆိုရင် ရေမှာပါလာတဲ့ အောက်ဆီဂျင်ကနေတစ်ဆင့် မီးကိုထပ်ပြီး တိုးမလာအောင် စနစ်တကျပိုင်းဖြတ်ပြီး လုပ်ရပါတယ်။ ကျွန်တော်တို့ အခက်အခဲဖြစ်နေတဲ့ စိန်ခေါ်မှုပြဿနာကတော့ မီးခိုးပြဿနာပါပဲ။ မီးကိုမကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး မီးလောင်ကျွမ်းမှုကို ၈၀ ရာခိုင်နှုန်းလောက် ငြိမ်းသတ်နေပြီ၊ ဒါပေမယ့် ဒီအခြေအနေပေါ်မှာ ဂက်စ်ကလည်း တစ်ဖက်က ထွက်နေသေးတယ်။ Biofoam ဆေးရည်နဲ့ ငြိမ်းသတ်ဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီအခြေအနေအတွက် လုံလောက်တဲ့ အနေအထားတစ်ခု မရောက်သေးဘူးဖြစ်နေတယ်။ မီးခိုးက ထွက်နေသေးတော့ ပတ်ဝန်းကျင်ကိုထိခိုက်မှု ရှိလာပါတယ်။ ပထမပိုင်းမှာ မြို့တော်ဝန်၊ လုံခြုံရေးဝန်ကြီးတို့က မြေပြင်မှာ အနီးကပ်ကြီးကြပ်ပြီးတော့ ဒီအခြေအနေကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးအရလည်း တစ်ဖက်ကနေ ဝန်ဆောင်မှုပေးနေပါတယ်။ အသက်ရှူမဝလို့ဆိုပြီး ရောက်လာတဲ့ အခြေအနေမျိုးတွေလည်း ရှိပါတယ်။ အောက်ဆီဂျင်ရှူပြီး ခဏလောက်နဲ့ ပြန်ကောင်းသွားတာမျိုး ရှိပါတယ်။ ၁၃ ဦးလောက်ကတော့ အတွင်းလူနာအဖြစ် တင်ထားပါတယ်။ စိုးရိမ်ရတဲ့အခြေအနေမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဆေးရုံတင် ကုသထားရတဲ့ အခြေအနေမျိုးရှိပါတယ်။ ဒါတွေကို ကာကွယ်လုပ်ပေးဖို့ ပြင်ဆင်ဆောင်ရွက်ထားတယ်။

**ကိုယ်တိုင်တိုက်ရိုက်ကြီးကြပ်**

အခု မီးလောင်မှုအခြေအနေက ၄ ရက်လောက် ရောက်လာပြီဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ နောက်ထပ်ပုံစံတစ်ခု ပြောင်းလဲဆောင်ရွက်ဖို့ ပြင်ဆင်ပါတယ်။ ဒီဟာကို ဘယ်လို ပြင်ဆင်လဲဆိုရင် မီးကို မီးသတ်ကားနဲ့ ငြိမ်းနေတာနဲ့စာရင် ရေပိုက်တွေသွယ်ပြီး တောက်လျှောက် မိုးရွာသလိုမျိုး ရေဖျန်းဖို့ ဒီအစီအစဉ်ကို ဒီနေ့မနက်မှာစတင် ဆောင်ရွက်နေပါတယ်။ ပထမတော့ မီးသတ်ကားနဲ့ပက်တယ်၊ အခု ကျွန်တော်တို့ ရေပိုက်ခြောက်လုံးထိုင်ပြီး တစ်ပြိုင်နက်တည်း ရေကိုဖျန်းဖို့ လုပ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တိုက်ရိုက်ကြီးကြပ်နေပါတယ်။ ဒီထက်ပိုပြီး စနစ်တကျဖြစ်စေနိုင်ဖို့အတွက် ဒရုန်းနဲ့ အပေါ်က ရိုက်ပါမယ်။ ရိုက်ပြီး လိုတဲ့နေရာ ရေကိုရောက်အောင်လည်း တကယ့်ကို မီးငြိမ်းသတ်ရမယ့်နေရာကို သတ်ဖို့ကြိုးစားပါမယ်။ ဒီအခြေအနေကို ကျွန်တော်တို့ ကြိုးစားရင်းနဲ့အတူ တစ်ဖက်က ဆေးရည်နဲ့ ပက်ဖျန်းနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။

**ထိုင်းနိုင်ငံက Biofoam ဆေးရည်မှာယူ**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှာရှိတဲ့ ဆေးရည်လောက်နဲ့ပဲ ပက်ဖျန်းရတာဖြစ်တဲ့အတွက် အခက်အခဲရှိပါတယ်။ ဒါကြောင့် နိုင်ငံခြားကနေ ဒီဆေးရည်ကို မှာယူထားပါတယ်။ မှာယူထားပြီး ဒီနေ့ ရေနဲ့ငြိမ်းသတ်လို့မှ အဆင်မပြေရင် မနက်ဖြန်မှာ ဆေးရည်နဲ့ ငြိမ်းသတ်နိုင်ဖို့ ထိုင်းနိုင်ငံကနေ Biofoam ဆေးရည်ကို မှာယူထားပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး ဆောင်ရွက်သွားဖို့ ကျွန်တော်ပြင်ဆင်နေပါတယ်။ တစ်ဖက်ကလည်း ကျန်းမာရေးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ပြင်ဆင်ပါတယ်။ မီးခိုးသိပ်များတဲ့နေရာတွေမှာ နေထိုင်နေကြတဲ့ အသက် ကြီးတဲ့သူတွေဆိုရင် သက်သောင့်သက်သာဖြစ်နိုင်တဲ့ နေရာကို နေနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ မီးသတ်တပ်ဖွဲ့ရော၊

■ **တစ်ဖက်ကလည်း ကျန်းမာရေးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ပြင်ဆင်ပါတယ်။ မီးခိုးသိပ်များတဲ့နေရာတွေမှာ နေထိုင်နေကြတဲ့ အသက်ကြီးတဲ့သူတွေဆိုရင် သက်သောင့်သက်သာဖြစ်နိုင်တဲ့ နေရာကိုနေနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ မီးသတ်တပ်ဖွဲ့ရော၊ ရဲတပ်ဖွဲ့ရောအပြင် တပ်မတော်ကလည်း ပါဝင်လာပြီး လူထုကို ကျန်းမာရေးအရဝန်ဆောင်မှု ပေးနိုင်ဖို့ရော၊ မီးငြိမ်းသတ်ဖို့အတွက်ရော အထောက်အကူဖြစ်နိုင်ဖို့ ဝင်ရောက်ကူညီဆောင်ရွက်နေတာတွေ ရှိပါတယ်။ ပစ္စည်းယန္တရားတွေရော၊ လူအားနဲ့ရော ပါဝင်ကူညီဆောင်ရွက်ပေးနေတဲ့ အခြေအနေမျိုးရှိပါတယ်။**

ရဲတပ်ဖွဲ့ရောအပြင် တပ်မတော်ကလည်း ပါဝင်လာပြီး လူထုကို ကျန်းမာရေးအရ ဝန်ဆောင်မှုပေးနိုင်ဖို့ရော၊ မီးငြိမ်းသတ်ဖို့ အတွက်ရော အထောက်အကူဖြစ်နိုင်ဖို့ ဝင်ရောက်ကူညီဆောင်ရွက်နေတာတွေ ရှိပါတယ်။ ပစ္စည်းယန္တရားတွေရော၊ လူအားနဲ့ရော ပါဝင်ကူညီဆောင်ရွက်ပေးနေတဲ့ အခြေအနေမျိုးရှိပါတယ်။ ဒါက သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။ ဒီကိစ္စကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

အဓိက မြူနီစီပယ်ပိုင် အမှိုက်ပုံဖြစ်တဲ့အတွက် စည်ပင်သာယာက အင်နဲ့အားနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ မီးကို မထိန်းချုပ်ထားနိုင်တာ မဟုတ်ဘူး။ ထိန်းချုပ်ထားနိုင်တယ်။ ဒါပေမယ့် မီးခိုးသေသွားလောက်အောင်အထိ လုပ်ဖို့ဖြစ်ပါတယ်။ နောက်ထပ်နည်းပညာတစ်ခုကတော့ မီးလောင်နိုင်စွမ်းကို ခံနိုင်တဲ့ ပိတ်တွေနဲ့ အပေါ်ကနေအုပ်ပြီး အပေါ်ကနေ ရေကိုလောင်းချပေးနေမယ်ဆိုရင် တဖြည်းဖြည်း အောက်ဆီဂျင်ရရှိမှု နည်းသွားနိုင်တဲ့ နည်းလမ်းတစ်ခု။ အဲဒီနည်းလမ်းတစ်ခုကိုလည်း စဉ်းစားထားပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေကို မီးကြောင့် အန္တရာယ်ဖြစ်နိုင်မယ့် အခြေအနေတွေ မရှိတော့ဘူး။ ဒါပေမယ့် မီးကြောင့်ဖြစ်နေတဲ့ မီးခိုးငွေ့တော့ ရှိနေသေးတယ်။ အဲဒီမှာ အသက်ကြီးတဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် ဒီလို ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှု တစ်ခုခုဖြစ်သွားမှာ စိတ်ပူပါတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လုံခြုံရေးတိုးမြှင့်ထား**

ကျန်းမာရေးဝန်ဆောင်မှုကိုလည်း အပြည့်အဝပေးမှာ ဖြစ်ပါ တယ်။ မီးငြိမ်းသတ်မှုကိုလည်း ဒီထက်ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေကို ကျင့်သုံးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့ အခြေအနေအတွက် လှိုင်သာယာမြို့နယ်တစ်ခုလုံးကို လုံခြုံရေးတိုးမြှင့်ထားပါတယ်။ ဒါဘာကြောင့်လဲဆိုရင် အဲဒီမှာစက်မှုဇုန်တွေလည်းရှိတယ်။ မလိုလားအပ်တဲ့ အကြောင်းအရာတွေ မပေါ်ပေါက်လာအောင် လုံခြုံရေးကိုတင်းကျပ်ထားတာဖြစ်ပါတယ်။ ဒီအခြေအနေအရပ်ရပ်ကို ထိန်းထားနိုင်ပြီလို့ ယုံကြည်ပါတယ်။ ပြည်သူလူထုကိုလည်း မီးနဲ့ပတ်သက်ပြီး စိုးရိမ်စရာအခြေအနေမရှိဘူး။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် မီးခိုးထွက်မှုကို နည်းနိုင်သမျှနည်းသွားပြီး ပြီးဆုံးသွားသည် အထိဖြစ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါကို အသိပေးပြောကြားလိုပါတယ်။

**မေး ။ ။ လတ်တလော အသက်ဆုံးရှုံးမှုဖြစ်တယ်လို့ သတင်းထွက်ပေါ်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ မနေ့ကအထိ ၁၃ ဦး ဆေးရုံတင်ရတယ်လို့ သတင်းရပါတယ်။ မနေ့က အသက် ၆၁ နှစ်အရွယ်လောက်ရှိတဲ့ အမျိုးသမီးတစ်ဦး မွန်းကျပ်တယ်ဆိုပြီး အောက်ဆီဂျင်ပေးတယ်၊ သက်သာသွားတယ်။ အိမ်ပြန်သွားတယ်။ ဒီနေ့အဲဒီအမျိုးသမီး ဆုံးသွားတယ်လို့ ကြားသိရပါတယ်။ အသက်အရွယ်လည်း ရှိနေတယ်။ သူ့မှာ အခြားကျန်းမာရေးအခြေအနေ ရှိနေသေးလားဆိုတာ ကျန်းမာရေးကိုလှမ်းပြီး အကြောင်းကြားထားပါတယ်။ ဆေးရုံဘက်ကနေ သူ့ရဲ့သေဆုံးမှုနဲ့ပတ်သက်ပြီး သတင်းပို့မှု မရောက်သေးပါဘူး။ ကျွန်တော်စိတ်ပူတာက ဒီကိစ္စပါပဲ။ ဘာကြောင့်လဲဆိုတော့ ကိုယ့်မှာကျန်းမာရေးတစ်ခုခု၊ ရောဂါတစ်ခုခုရှိနေတယ်ဆိုရင် လေကောင်းလေသန့်မရနိုင်တဲ့နေရာ သွားနေမိရင် ရောဂါကိုပွံ့ပိုးလိုက်သလိုမျိုး ဖြစ်သွားမှာကို စိတ်ပူပါတယ်။ ဒီအခြေအနေအတွက် အနီးကပ်ပိုပြီး ကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

**မေး ။ ။ ဒီမီးလောင်မှုက ဘယ်နှရက်အတွင်းမှာ အဆုံးသတ်မယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ။ ဒီည ၈ နာရီမှာ အစည်းအဝေးထပ်လုပ်မှာဖြစ်ပါတယ်။ ပထမက ဌာနတစ်ခုချင်းကို ကျွန်တော်တို့က တိုက်ရိုက်ကွပ်ကဲပါတယ်။ အခု ဌာနတွေအားလုံးကို စုပေါင်းပြီး အစည်းအဝေးထိုင် ဆုံးဖြတ်ချက်ချပြီးလုပ်တဲ့ အခြေအနေမျိုးအထိ လုပ်ဖို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဒီည ၈ နာရီမှာ အခြေအနေတစ်ခုကို ထပ်ပြီးလုပ်ဖို့ရှိပါတယ်။ ယခင်က မီးသတ်ကားနဲ့ပက်နေတဲ့ အခြေအနေကနေ ပိုက်တွေနဲ့ ရေအလုံးအရင်းနဲ့ ရေကိုချဖို့ ဒီနေ့ ပြင်ဆင်နေပြီဖြစ်တဲ့အတွက် ဒီအခြေအနေနဲ့ ပတ်သက်ပြီး ဘယ်လိုအဖြေထွက်မယ်ဆိုတာ ဒီညနေမှာ မျှော်မှန်းပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အမြန်ဆုံးပြီးဆုံးနိုင်ဖို့အတွက် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ မြန်နိုင်သလောက်မြန်အောင် ဒီညနေနဲ့ မနက်ဖြန်လောက်မှာ ဒီအခြေအနေကို ထိန်းချုပ်နိုင်တဲ့အထိ အဆုံးသတ်နိုင်လောက်တဲ့ အထိ လုပ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ရေနဲ့လုပ်မယ်၊ မရရင် မနက်ဖြန်မှာ ဆေးရည်နဲ့လုပ်ဖို့ ဆောင်ရွက်မယ်။ ဒီအတွက် ကြီးကြပ်ကွပ်ကဲမှုအပိုင်းကို အမှိုက်ပုံတစ်ခုလုံးကို အပေါ်ကနေ ဒရုန်းနဲ့ တောက်လျှောက်ကြီးကြပ်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၉ သို့*

❖ **မီးငြိမ်းသတ်တဲ့နေရာမှာလည်း စနစ်တကျတော်တော်ကို ဆောင်ရွက်ရပါတယ်။ ဘာကြောင့်လဲဆိုရင် ရေမှာပါလာတဲ့ အောက်ဆီဂျင်ကနေတစ်ဆင့် မီးကိုထပ်ပြီး တိုးမလာအောင် စနစ်တကျပိုင်းဖြတ်ပြီး လုပ်ရပါတယ်။ ကျွန်တော်တို့ အခက်အခဲဖြစ်နေတဲ့ စိန်ခေါ်မှုပြဿနာကတော့ မီးခိုးပြဿနာပါပဲ။ မီးကို မကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး မီးလောင်ကျွမ်းမှုကို ၈၀ ရာခိုင်နှုန်းလောက် ငြိမ်းသတ်နေပြီ၊ ဒါပေမယ့် ဒီအခြေအနေပေါ်မှာ ဂက်စ်ကလည်း တစ်ဖက်က ထွက်နေသေးတယ်။ Biofoam ဆေးရည်နဲ့ ငြိမ်းသတ်ဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီအခြေအနေအတွက် လုံလောက်တဲ့ အနေအထားတစ်ခု မရောက်သေးဘူး ဖြစ်နေတယ်။**

# လှိုင်သာယာ ထိန်ပင်အမှိုက်ပုံမီး မီးခိုးထပ်မထွက်ရန် Biofoam ဓာတ်ငွေ့ရည်ကို ရေနှင့်ရော၍ အမြင့်တက်မီးသတ်ကားဖြင့် ငြှိမ်းသတ်မည်

**တွေ့ဆုံမေးမြန်း - ဥမ္မာသန့်**

**ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် စတင်လောင်ကျွမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်မှု အမြန်ဆုံးငြှိမ်းသတ်နိုင်ရေး လှိုင်သာယာ ထိန်ပင်အမှိုက်ပုံအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထားဝယ်ချောင် (ဒဂုံမြောက်)၊ ကြူချောင်(ရွှေပြည်သာ)၊ ဆိပ်ကြီးခနောင်တို၊ ဒလ နှင့် မင်္ဂလာဒုံတို့ရှိ အမှိုက်ပုံများကို အလားတူ မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးအား သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ လှိုင်သာယာ ထိန်ပင်အမှိုက်ပုံမီးလောင်မှု အမြန်ဆုံး ငြှိမ်းသတ်နိုင်ဖို့ ဘယ်လိုစီစဉ်ဆောင်ရွက် ထားပါသလဲ။**

ဖြေ။ ။ မီးလောင်မှုအတွက် အပိုင်းနှစ်ပိုင်းကို တစ်ပြိုင်တည်းလုပ်တယ်။ တစ်ခုကတော့ မီးငြှိမ်းသတ်တဲ့အပိုင်း၊ နောက်တစ်ခုကတော့ ကျန်းမာရေး စောင့်ရှောက်မှုအပိုင်း။ ဒါကတော့ လူမှုရေးအပိုင်း။ မီးငြှိမ်းသတ်ရေးအပိုင်းမှာတော့ မီးကို ၈၀ ရာခိုင်နှုန်းနိုင်နေပြီ။ ပြဿနာက မီးခိုး၊ မီးသိန်းကနေပြီးစတာ၊ နောက်ပြီးတော့ ပလတ်စတစ်ပါတယ်။ မီးခိုးထွက်တာက များတယ်။ အဲဒီအပိုင်းကို ငြှိမ်းသတ်ဖို့ စီစဉ်နေပါပြီ။ Biofoam ဓာတ်ငွေ့ရည်ကို ဂျပန်နဲ့ ပြင်သစ်က သုံးတယ်လို့ပြောတယ်။ ကံကောင်းစွာပဲ ထိုင်းကရမယ်လို့ ပြောတယ်။ လိုတာက ဂါလန် ၅၀၀၀ လောက်လိုတယ်။ ရမှာက ဂါလန် ၁၈၀၀ လောက်ရမှာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ရသလောက်ယူပြီး သုံးရမယ်။

**ဓာတ်ငွေ့ထွက်တာ နည်းသွားအောင်လုပ်ပါမယ်**

မီးငြှိမ်းသတ်တဲ့အပိုင်းမှာလည်း နှစ်ပိုင်းပေါ့။ တစ်ခုက ရေနဲ့ငြှိမ်းသတ်ပြီးတော့ ရေနဲ့ Biofoam ဓာတ်ငွေ့ရည်နဲ့ ထည့်ပြီးငြှိမ်းသတ်မယ်။ ရေကို source ကနေ တိုက်ရိုက်လွှတ်ပြီး ကန်ထဲကို အမှိုက်တွေ စိုသွားအောင် လုပ်မယ်။ စိုသွားတော့ ဓာတ်ငွေ့ထွက်တာ နည်းသွားအောင် လုပ်ပါမယ်။ လောင်နေတဲ့ အပိုင်းကျတော့ ထပ်ပြီး အောက်ဆီဂျင်ကိုဖြတ်တဲ့အနေနဲ့ Biofoam ဓာတ်ငွေ့ရည်နဲ့ သုံးမှာပါ။ ကျန်းမာရေး စောင့်ရှောက်မှုကတော့ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးကျန်းမာရေး ဦးစီးရယ်၊ YCDC ကျန်းမာရေးဌာနရယ်ပေါင်းပြီးတော့ ရပ်ကွက်တွေရော၊ ဆေးရုံတွေမှာရော အဆင်သင့်ထားပြီး ရပ်ကွက်တွေမှာတော့ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းတွေ လုပ်နေပါပြီ။

**မေး။ ။ Biofoam ဓာတ်ငွေ့ရည်နဲ့ မီးငြှိမ်းသတ်မယ်ဆိုရင် ဘယ်လိုအကျိုးအာနိသင် ရှိလာနိုင်မလဲ။**

ဖြေ။ ။ Biofoam ဓာတ်ငွေ့ရည်ဆိုတာ အောက်ဆီဂျင်ဖြတ်ချလိုက်တာ။ အခုဟာက အတွင်းက လှိုက်လောင်တာ၊ အပေါ်က မီးရှို့တာ မဟုတ်ဘူး။ ဟိုးအတွင်းကနေပြီးတော့ ပူပြီးတော့ ဓာတ်ငွေ့သဘောနဲ့ Chemical Reaction ဖြစ်ပြီး လောင်တာဆိုတော့ အဲဒီမှာ ကျွန်တော်တို့က ရေနဲ့ငြှိမ်းလိုက်ရင် ဓာတ်ငွေ့နဲ့အတူ မီးစလေးက လိုက်လာတယ်။ အများကြီးလောင်တာလည်း မဟုတ်ဘူး။ တငွေ့ငွေ့လောင်တာ၊ မီးစလေးတက်လိုက်၊ အဲဒီမီးစလေး ငြှိမ်းလိုက်ရင် ဟိုဘက်ကိုတစ်ခါထပ်ပြီး မီးပွားလေးက တက်လာတယ်။ အဲဒီမီးပွားလေးငြှိမ်းလိုက်ရင် ဟိုဘက်ကို မီးတောက်ကလေးက တစ်ခါတက်ဆိုတော့ မီးက ပတ်ချာလည်နေတယ်။

**ထိန်းပြီး မီးငြှိမ်းသတ်**

Biofoam ဓာတ်ငွေ့ရည်က ဘာဖြစ်လဲဆိုရင် ဖျန်းလိုက်တာနဲ့ အောက်ဆီဂျင် ဖြတ်ချပြီးသားဖြစ်သွားတဲ့အတွက်ကြောင့် ထပ်မလောင်ဘူး။ ဂါလန် ၁၈၀၀ လောက် ရမယ်ဆိုရင် မဆိုးဘူး။ အခုက မီးသတ်မှာလည်း အမြင့်တက်မီးသတ်ကား လေးစီး ရောက်နေပြီ။ မီးသတ်တွေကလည်း အချိန်ပြည့် ၂၄ နာရီ သွားနေပေမယ့် သူတို့အနေနဲ့ မီးခိုးကလည်း အရမ်းများတော့ ရှေ့သိပ်မတိုးရဲသေးဘူး။ အဲဒီမှာ ဘာရှိလဲဆိုတော့ မီးကျင်းတွေ ရှိတယ်။ ကျင်းထဲကျသွားလို့ရှိရင် လူက ဖုတ်ပြီးသားဖြစ်မယ်လို့ ပြောတယ်။ အောက်အပူခံထားတာဖြစ်တယ်။ အဲဒါကိုလည်း ကြောက်ရတဲ့အတွက် ထိန်းပြီး မီးငြှိမ်းသတ်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်မပြတ်အောင် မီးခိုးကရှိတော့ အရဲစွန့် မသွားရဲဘူး။ ရှေ့နောက်သွားပြီး ပက်ရတာ ရှိတယ်။ အန္တရာယ်က တော်တော်များပါတယ်။ အလုပ်လည်း ပင်ပန်းကြပါတယ်။ ကျွန်တော်တို့တောင် ဒီထဲမှာ ဝင်ထွက် သွားနေတာတောင် ညကျရင် မျက်လုံးစပ်ပြီး အိပ်မပျော်ဘူး။ နောက် ပြည်သူလူထုတွေလည်း ခံစားရမယ်ဆိုတာ သိပါတယ်။ သို့သော်လည်း ဒီဘေးအန္တရာယ်ကို ကျွန်တော်တို့ အပြစ်မပြောဘဲ ရသလောက် ဝိုင်းဝန်းငြှိမ်းရင် အောင်မြင်မှာပါ။ ပြီးမှာပါ။ ဒီလိုပဲ ပူးပေါင်းပြီးတော့ ဖြေရှင်းရမှာပဲ။

**မေး။ ။ မနေ့ညက မြို့နယ်တော်တော်များများကို မီးခိုးညှော်နံ့တွေ ရတယ်လို့ ပြောကြပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ ညကျတော့ အေးသွားတယ်။ အေးသွားတော့ မီးခိုးအပေါ် မတက်တော့ဘူး။ မီးခိုးအပေါ် မတက်တော့ မီးခိုးက အိုင်ပြီးတော့ လှည့်ပတ်သွားတဲ့အခါကျတော့ ညှော်နံ့ရတာဖြစ်ပါတယ်။ အသက်ရှူကျပ်လောက်အောင်တော့ မဟုတ်ဘူး။ မီးခိုးနံ့ ရတာပေါ့လေ။ မီးခိုးနံ့ရတော့ ဘာနံ့ကြီးလဲဆိုပြီး ကြည့်မြင်တိုင်ဘက်လည်း ရှိတယ်။ အလုံဘက်လည်းရှိတယ်။ မှန်ပါတယ်။ သို့သော် ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အပြစ်ရှောင်ချင်လို့တော့ မဟုတ်ပါဘူး။ နည်းနည်းပူလာတဲ့ အခါကျရင် မီးခိုးက အပေါ်ပျံတက်သွားတဲ့အခါ ဖြစ်တတ်ပါတယ်။ အဓိကက မီးခိုးနံ့ပဲ၊ မီးခိုးကိုပြတ်အောင် လုပ်ရမယ်။

**မေး။ ။ ထိန်ပင်အမှိုက်ပုံအပါအဝင် ကျန်အမှိုက်ပုံတွေကိုလည်း နောင် ဒီလိုမျိုး မဖြစ်အောင် ဘယ်လိုမျိုး ကြိုတင်ကာကွယ်မှုတွေ လုပ်ထားပါသလဲ။**

ဖြေ။ ။ အရင်က မလွှကုန်းအမှိုက်ပုံလည်း ရှိတတ်တယ်။ ဒီလိုပဲ လောင်တတ်တယ်။ ရက်ရှည်ပြီးတော့ တငွေ့ငွေ့နဲ့လောင်တာ၊ အလုံမှာလည်း ဒီလိုပဲ တငွေ့ငွေ့လောင်တာ။ သို့သော်လည်း ဖြစ်ရိုးဖြစ်စဉ်လို့ ပြောလို့ မကောင်းဘူး။ ဘာလဲဆို အန္တရာယ်ရှိတယ်။ အရင်တုန်းက ဘယ်လိုလောင်ခဲ့လောင်ခဲ့ ရအောင်ငြှိမ်းရပါမယ်။ သို့သော် ကျွန်တော်တို့ရဲ့ပစ္စည်း မစုံမလင်တဲ့ ပြဿနာပါ။ နောက်တစ်ခုက ဒီအမှိုက်ပုံတွေကို ရှင်းဖို့အတွက် အလေအလွင့်စွမ်းအင် ဆုံးရှုံးမှုတွေကို စီမံကိန်းဆွဲနေတယ်။ တင်ဒါတွေလည်း ခေါ်နေတယ်။ ပြန်လည် အသုံးပြုဖို့ လုပ်နေတယ်။ ကြားထဲမှာ ဖြစ်ချင်တော့လည်း ဒီကနေ ၂၁ ရက်မှာ နေ့လယ်ပိုင်းက အပူချိန် တော်တော်တက်တယ်။ ၄၂ ဒီဂရီလောက်တက်တယ်။ အပေါ်ကလည်းပူတယ်။ အောက်မှာလည်း အောင်းပြီးတော့ ဓာတ်ငွေ့လည်း တက်တယ်ဆိုတော့ အောက်ကစပြီး အတွင်းဘက်က စပြီးလောင်တာ။ လောင်တာ မသိလိုက်ဘူး။ ဘာတက်လဲဆိုတော့ အမှိုက်ကြားက မီးညွှန့်တက်လာတယ်။ မီးညွှန့်တက်မှ မီးလောင်တာ အဲဒီမှာစပြီးတော့ မီးစ ငြှိမ်းပါတယ်။ ဒီဘက်က မီးငြိမ်းတော့ ဟိုဘက်က တက်လာတယ်။ အထဲကအောင်းပြီး လှိုက်လောင်တာ။ အဲဒါကိုထိန်းဖို့ အောက်ဆီဂျင်ဖြတ်မှရမယ်။ အောက်ဆီဂျင်ရှိတဲ့နေရာတွေ မီသိန်းနဲ့ပေါင်းပြီး လောင်တယ်။ အပူများတယ်ခေါ်မှာပေါ့။ မီးသတ်သမားဝေါဟာရတွေပေါ့။

**တစ်ယောက်နဲ့ တစ်ယောက် ချိတ်ချိတ်ပြီး မီးငြှိမ်းရ**

မီးငြှိမ်းတဲ့အခါ သတိထားငြှိမ်းရတယ်။ အောက်မှာ မီးကျင်းတွေရှိတယ်။ သွားတာ လမ်းလျှောက်တာကအစ အောက်မှာ ဘယ်လောက်ထိ လှိုက်လောင်နေမှန်းမသိဘူး။ တော်တော်သတိထားရတယ်။ အဲဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ချိတ်ချိတ်ပြီး မီးငြှိမ်းရတယ်။ ဒါတွေလုပ်ဖို့ဆို နိုင်ငံခြားမှာဆိုရင် မီသိန်းဓာတ်ငွေ့တွေကို ပိုက်တွေထည့်ပြီးတော့ အောက်ကရေဆိုးကို တစ်ခါသန့်တယ်။ ဓာတ်ငွေ့တစ်ခါထုတ်တယ်။ ဓာတ်ငွေ့နဲ့ ပတ်သက်ပြီး စနစ်တစ်ခုလုပ်ဖို့ စဉ်းစားနေပါတယ်။ စရိတ်စက အတော်ကြီးတယ်။ ပိုက်တွေချရတာတို့၊ ဓာတ်ငွေ့ system လုပ်ဖို့လိုအပ်တဲ့အရာတွေ များတယ်။ ဒါပေမယ့် လုပ်ရမှာပေါ့။ အမြတ်ရတဲ့လုပ်ငန်းမဟုတ်ဘူး။ ဒါပေမယ့် လူမှုရေးအရ လိုအပ်တယ်။ အကယ်၍ လုပ်နိုင်တဲ့အချိန်ကျရင် လုပ်ကိုလုပ်ရမှာပေါ့။

**မေး။ ။ လက်ရှိ မီးငြှိမ်းသတ်ရေးလုပ်ငန်းစဉ်မှာ ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေမှုအပေါ် ရှင်းပြပေးပါ။**

ဖြေ။ ။ စငြှိမ်းတုန်းက YCDC ပေါ့။ YCDC ပြီးတော့ ပူးပေါင်းပါဝင်တာ မီးသတ်ပါ။ မနေ့ကဆိုရင် တပ်မတော် ပါလာပြီ။ အခု ဆည်မြောင်းပါ ပါလာပြီ။ လေးဌာနပေါ့။ YCDC ရယ်၊ မီးသတ်ရယ်၊ တပ်မတော်ရယ်၊ ဆည်မြောင်းရယ် ပါလာပြီ။ တပ်မတော်ဆိုရင် တော်တော်အင်အားများတယ်။ လူရော၊ ပစ္စည်းအင်အားရော ဝင်ပြီး မီးလောင်အားကလည်း ကျသွားတဲ့အခါကျတော့ ဝိုင်းပြီး ထိန်းသိမ်းထားနိုင်တယ်။ အမှိုက်တွေစိုအောင် ရှိသမျှကန်ထဲကရေတွေ စုပ်ပြီးတော့ မီးသတ်ကားနဲ့ မဟုတ်ဘူး၊ ပိုက်နဲ့ထည့်ပြီး အမှိုက်ပုံထဲကို ရေလွှတ်နေမယ်။ ရေစိုသွားအောင် လုပ်တာဖြစ်တယ်။ နောက်တစ်ခုက မီးလောင်တဲ့နေရာကို မီးခိုးထပ်မထွက်အောင် Biofoam ဓာတ်ငွေ့ရည်နဲ့ ရေနဲ့ရောပြီး အမြင့်တက်မီးသတ်ကားနဲ့ ပက်မယ်။ ဒီနေ့ စမှာပြီး မနက်ဖြန်ရောက်မယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ကူညီပေးပါတယ်။

**ကျေးဇူးတင်ပါတယ်။ ။**

**❑ မီးငြှိမ်းတဲ့အခါ သတိထားငြှိမ်းရတယ်။ အောက်မှာ မီးကျင်းတွေရှိတယ်။ သွားတာ လမ်းလျှောက်တာကအစ အောက်မှာဘယ်လောက်ထိ လှိုက်လောင်နေမှန်းမသိဘူး။ တော်တော်သတိထားရတယ်။ အဲဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ချိတ်ချိတ်ပြီး မီးငြှိမ်းရ**

**❑ YCDC ရယ် ၊ မီးသတ်ရယ်၊ တပ်မတော်ရယ်၊ ဆည်မြောင်းရယ် ပါလာပြီ။ တပ်မတော်ဆိုရင် တော်တော်အင်အားများတယ်။ လူရော၊ ပစ္စည်းအင်အားရော ဝင်ပြီး မီးလောင်အားကလည်း ကျသွားတဲ့အခါကျတော့ ဝိုင်းပြီးထိန်းသိမ်းထားနိုင်တယ်။**



ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး

## မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုက် (CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ

၁။ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။

၂။ မီးခိုးငွေ့ရှိသောပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်းစည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်၍သွားလျှင်ပင် အပြည့်အဝကာကွယ်မှုမရရှိနိုင်ပါ။

၃။ ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြု ရယူလိုက်နာဆောင်ရွက်ပါ။

၄။ လည်ချောင်းစပ်ခြင်းနှင့် ချောင်းဆိုးခြင်းများ ဖြစ်ပေါ်ပါက ရေများများ သောက်ပါ။

၅။ ထိခိုက်ခံစားလွယ်သောအုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။

၆။ မီးခိုးလျော့ပါးသည့် နေရာများတွင် ပြင်ပမှမီးခိုးများ မဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများပိတ်ထားပြီး မိမိအိမ်အတွင်း၌သာနေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။

၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန်ထူထပ်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုးလွတ်ကင်းရာနေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံနေထိုင်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# စာကြည့်တိုက်မှူးများအတွက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ

ဒေါ်မြဦး၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများကွန်ဂရက် (CONSAL)ကို ကျင်းပခြင်းဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်နှင့် စာကြည့်တိုက်အဖွဲ့အစည်းများ၊ စာကြည့်တိုက်နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများကို ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်မှုနှင့် ကွန်ရက်တည်ဆောက်ရန်၊ ထိန်းသိမ်းရန်နှင့် တိုးတက်ခိုင်မာလာစေပါသည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံအတွင်းရှိ စာကြည့်တိုက်နှင့် သုတပညာရပ်များ၊ အထောက်အထားများနှင့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ စာကြည့်တိုက်နှင့် ဆက်နွှယ်နေသော အခြားဝန်ဆောင်မှုများကို အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုနိုင်သည်။ အရှေ့တောင်အာရှဒေသအတွင်းရှိ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်း၍ CONSAL ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ အကျိုးစီးပွားကို ကူညီပံ့ပိုးကာ အရှေ့တောင်အာရှဒေသအတွင်းရှိ စာကြည့်တိုက်ဆိုင်ရာ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကြပါသည်။

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ၏ အဓိကခေါင်းစဉ်မှာ Next Generation Libraries: Collaborate and Connect ဖြစ်ပါသည်။ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံသို့ စာကြည့်တိုက်ပညာရပ်နှင့် စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ရန်အတွက် မှတ်ပုံတင်စာရင်းများ ရေးသွင်းနိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

မှတ်ပုံတင်ခြင်းကို ညီလာခံ၏ website www.consalxvii.org/ registration တွင်သာ ပြုလုပ်နိုင်ပါသည်။ website တွင် ဖော်ပြထားသော ပုံစံတွင်ဖြည့်သွင်းပြီး ပေးပို့ပါက ညီလာခံမှတ်ပုံတင်သည့် အီးမေးလ်လိပ်စာသို့ အမည်စာရင်းရောက်ရှိလာမည်ဖြစ်ပါသည်။ ကျင်းပရေးကော်မတီက မှတ်ပုံတင်ကြေးပေးသွင်းရန် စာပို့မည်ဖြစ်၍ မိမိတို့ အီးမေးလ်ကို ပုံမှန်စစ်ရန် လိုအပ်ပါသည်။

**ကြိုတင်မှတ်ပုံတင်ခြင်းနောက်ဆုံးနေ့ရက် - ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်**
**ညီလာခံမတိုင်မီမှတ်ပုံတင်ခြင်း - ၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်**
**ညီလာခံနေရာတွင်မှတ်ပုံတင်ခြင်း - ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်**
**မှတ်ပုံတင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| | တစ်ရက်တည်း မှတ်ပုံတင်ခြင်း | ကြိုတင် မှတ်ပုံတင်ခြင်း | ညီလာခံမတိုင်မီ မှတ်ပုံတင်ခြင်း | ညီလာခံနေရာတွင် မှတ်ပုံတင်ခြင်း |
|---|---|---|---|---|
| နိုင်ငံခြားသားများ | US$ 100 | US$ 250 | US$ 300 | US$ 350 |
| မြန်မာနိုင်ငံသားများ (MLA အသင်းဝင်)** | | ၂၀၀၀၀ ကျပ် | - | ၃၀၀၀၀ ကျပ် |
| မြန်မာနိုင်ငံသားများ (MLA အသင်းဝင် မဟုတ်သူ) | | ၃၀၀၀၀ ကျပ် | - | ၄၀၀၀၀ ကျပ် |
| မြန်မာနိုင်ငံသား (ကျောင်းသား)*** | | ၁၅၀၀၀ ကျပ် | - | ၂၀၀၀၀ ကျပ် |

မှတ်ပုံတင်ကြေး အပြည့်အဝပေးသွင်းပြီးသူများကိုသာ ညီလာခံတက်ရောက်ခွင့်ပေးမည် ဖြစ်ပါသည်။ မှတ်ပုံတင်ကြေးပေးသွင်းရာတွင် အထက်ဖော်ပြပါ မှတ်ပုံတင်ကြေး အမျိုးအစားအလိုက်၊ နောက်ဆုံးပေးသွင်းရမည့်နေ့အလိုက် သတ်မှတ်ထားသောပမာဏကို အပြည့်အဝပေးသွင်းရပါမည်။

မှတ်ပုံတင်ကြေးပေးသွင်းပြီးပါက ငွေသွင်းသည့်အထောက်အထားကို registration@ consalxvii.org သို့ ပို့ပေးရပါမည်။ သို့မှသာ ကျင်းပရေးကော်မတီက မှတ်ပုံတင်စာရင်းတွင် ပါဝင်ပြီးကြောင်းနှင့် ညီလာခံမှတ်ပုံတင်အမှတ်ကို သက်ဆိုင်ရာလူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်သည်။

မှတ်ပုံတင်ကြေးပေးသွင်းပြီးပါက ညီလာခံတက်ရောက်သူအနေဖြင့် အောက်ပါအခွင့်အလမ်းများကို ရရှိပါမည်။

- ❖ ညီလာခံ၊ စာတမ်းဖတ်ပွဲများနှင့် ပြပွဲများသို့ ဝင်ရောက်ခွင့်
- ❖ ညီလာခံမှ ပေးသော အိတ်နှင့်အခြားပစ္စည်းများရယူခွင့်
- ❖ ညီလာခံဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ညစာစားပွဲတက်ရောက်ခွင့်
- ❖ လေ့လာရေးခရီးတစ်ခု လိုက်ပါခွင့်

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ အသင်းဝင်များအနေဖြင့် အသင်းဝင်နံပါတ်ကို မှတ်ပုံတင်ပုံစံတွင် ဖော်ပြပေးရန် လိုအပ်ပါသည်။

ကျောင်းသားအဖြစ် မှတ်ပုံတင်နိုင်ရန် သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်မှ ထုတ်ပေးသော အသိအမှတ်ပြုကတ်ပြားသို့မဟုတ် အထောက်အထားတစ်ခုခုကို တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်ကြေးကို သတ်မှတ်ထားသော နေ့ရက်တွင် ပေးသွင်းပြီးဖြစ်ကြောင်း တင်ပြရမည်။

မီဒီယာများမှ သတင်းရယူလိုသူများသည် ညီလာခံမှတ်ပုံတင်ကြေး ပေးသွင်းရမည်ဖြစ်ပြီး သတင်းမှတ်တမ်းရယူမည့် အဖွဲ့အစည်း၏ သက်ဆိုင်သည့် အထောက်အထားများကို ညီလာခံကျင်းပရေးကော်မတီသို့ တင်ပြရမည်။ သတင်းသမားများသည် သက်ဆိုင်ရာက တရားဝင်ထုတ်ပေးသော မှတ်ပုံတင်ကတ်ကို တင်ပြရန်လိုအပ်ပါသည်။

**ညီလာခံပစ္စည်းများ**

ညီလာခံမှတ်ပုံတင်ကြေး အပြည့်အဝပေးသွင်းပြီးကြောင်း ငွေလက်ခံဖြတ်ပိုင်းနှင့် အကြောင်းကြားစာ လက်ခံရရှိပါက ညီလာခံနေ့ရက်တွင် အဆိုပါငွေလက်ခံဖြတ်ပိုင်းနှင့် အကြောင်းကြားစာကို မှတ်ပုံတင်နေရာတွင် တင်ပြ၍ ညီလာခံအိတ်နှင့် ပါဝင်သောပစ္စည်းများကို ထုတ်ယူနိုင်ပါသည်။

**ငွေပေးသွင်းခြင်းစနစ်**

ညီလာခံမှတ်ပုံတင်ကြေးကို ဘဏ်ငွေလွှဲစနစ်ဖြင့် ပေးသွင်းရပါမည်။ ငွေလွှဲရာတွင် ညီလာခံ တက်ရောက်မည့်သူ၏ အမည်ဖြင့်သာ ပေးသွင်းရပါမည်။ ငွေလွှဲရာတွင် ဘဏ်စရိတ်များကို ငွေလွှဲသူကသာ ကျခံရမည်ဖြစ်ပါသည်။ မိမိ၏အမည်နှင့် CONSAL XVII ကို ဘဏ်ငွေလွှဲရာတွင် ဖော်ပြရန်မမေ့ပါနှင့်။ ဘဏ်ငွေလွှဲခြင်းကို **၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့အထိသာ လက်ခံမည်** ဖြစ်ပါသည်။

Bank Information
For International (US Dollar currency)
Bank Name: Cooperative Bank Limited (PLC)
Bank Account Holder: Myanmar Library Association
Account Number : 0010101200726548
SWIFT-CODE : CPOBMMMY
Bank Address : No. 334/336, corner of 23 st, & Strand Rd, Latha Township, Yangon, Myanmar
For local (Myanmar Currency)
Bank Name: Kanbawza Bank
Bank Account Holder: Myanmar Library Association
Account Number : 133-302-06002875101
Bank Address : New University Avenue Road, Yankin TSP, Yangon, Myanmar
Email: registration@consalxvii.org
Tel: 95 67 418427; 418426
Fax: 95 67 418426

*စာမျက်နှာ ၇ မှ*

**မေး ။ ။ အမှိုက်ပုံမှာ ရေပက်ဖျန်းနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ဒီအတွက် ကျွန်တော်တို့ သေသေချာချာ ပြင်ဆင်ပါတယ်။ သူတို့ သွားမယ်ဆိုတဲ့လမ်းကြောင်းကို သေချာစိတ်ချရမှ ကျွန်တော်တို့ ဆောင်ရွက်ဖို့ ပြင်ဆင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှိုက်ပုံက ကြီးလည်းကြီးတယ်၊ အထဲကိုဝင်ပြီး ဖျန်းရမယ့်အခြေအနေမျိုးရှိပါတယ်။ အခုအခြေအနေထိတော့ မီးသတ်တပ်ဖွဲ့ဝင်ထဲကနေ မွန်းကျပ်မှုခံစားရတာမျိုးရှိပါတယ်။ ဒါပေမယ့် အသက်ဆုံးရှုံးမှုအခြေအနေမျိုးအထိ မရှိသေးပါဘူး။

**မေး ။ ။ အနာဂတ်မှာ ဒီလိုအခြေအနေမျိုးမဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ဒီလိုအခြေအနေမျိုး အမြဲဖြစ်ပါတယ်။ အခုဟာက ကြီးတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အမှိုက်က မီသိန်းဓာတ်ထွက်ပါတယ်။ အပူချိန်ပြင်းတဲ့ အချိန်မျိုးမှာ မီးလောင်တတ်ပါတယ်။ အဲဒါက အပေါ်က ကြွပ်ရွနေတဲ့ အမှိုက်တွေကနေပြီးတော့ အပူကြောင့်ဖြစ်လာတဲ့ မီးရှိန်ကနေစပြီး မီသိန်းကနေ မီးကိုဖြစ်စေတာ ဖြစ်ပါတယ်။ အမှိုက်ပုံတွေကို မြေပြင်မှာ ဒီလိုပုံထားရင် မီသိန်းဓာတ်ထွက်တယ်၊ ထုတ်ယူလို့ရတယ်။ ဒီကနေ မီးလောင်တတ်တယ်။ ဒါကို ကျွန်တော်တို့ တတ်နိုင်သလောက် မီသိန်းကို တတ်နိုင်သလောက်အပြင်ကို ထွက်နိုင်အောင် ပိုက်တွေထိုးထည့်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာရှိပါတယ်။ လောင်တာ အနည်းအကျဉ်းလေးတွေ ရှိပါတယ်။ ဒါဟာ ဖြစ်တတ်တဲ့သဘောသဘာဝရှိပါတယ်။ အခုဖြစ်တဲ့ဖြစ်စဉ်က မီးခိုးထွက်မှုနှုန်းများနေတာဖြစ်ပါတယ်။ မီးကို ကျွန်တော်တို့ ထိန်းချုပ်နိုင်ပေမယ့် မီးခိုးကိုတော့ ထိန်းချုပ်နိုင်ဖို့ အားနည်းနေတဲ့အချိန် ဖြစ်ပါတယ်။ ဒါကို ထိန်းဖို့ကြိုးစားသွားမှာ ဖြစ်ပါတယ်။ နောင်မှာလည်း ဒီလိုအခြေအနေမျိုးတွေ ဖြစ်လာပြီဖြစ်တဲ့အတွက် အဆင့်မြင့်တဲ့ဆေးရည်နဲ့ပက်ဖျန်းဖို့ အဆင်သင့်ပြင်ဆင်နိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဆေးရည်ကမရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် နည်းနေတယ်။ အခု လောင်ကျွမ်းတဲ့ ဧရိယာက သိပ်ကြီးတဲ့အတွက် ဧရိယာတစ်ခုလုံးကို လွှမ်းခြုံနိုင်ဖို့အတွက် အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့ ထပ်ပြီးတော့ တစ်ချိန်တည်း ဒီဟာကို သုံးပြီးဖြစ်ပါတယ်။ နောက်ထပ် ထပ်ပြီး သုံးဖို့အတွက်လည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုအခြေအနေမျိုးတွေမဖြစ်ဖို့အတွက် နည်းလမ်းနှစ်ခုရှာရပါမယ်။ အမှိုက်ကို စနစ်တကျပစ်ပြီး စွန့်ပစ်မှုကနေ စွမ်းအင်ထုတ်လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့လုပ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ယခင်အစိုးရလက်ထက်က တင်ဒါခေါ်ယူခဲ့ဖူးတာရှိပါတယ်။ အောင်မြင်မှုမရခဲ့ဖူးဖြစ်နေတယ်။ အခု ထပ်မံပြီး အမှိုက်ကို စနစ်တကျ သုတေသနပြုနေပါတယ်။ ဘယ်အမှိုက်တွေက စွမ်းအင်ပြန်ထုတ်လို့ရမယ်၊ ဘယ်အမှိုက်က မြေဩဇာလုပ်ရမယ်။ ဘယ်အမှိုက်တွေကတော့ သေသေချာချာ ဘယ်လိုဖျက်ဆီးပစ်ရမလဲ။ ဥပမာ ဆေးရုံသုံးအမှိုက်၊ အရပ်သုံး အိမ်သုံးအမှိုက်တွေရှိမယ်၊ မီးဖိုချောင်သုံး ဈေးသုံး အမှိုက်တွေရှိတယ်။ ဒါတွေကို ခွဲပြီးလုပ်နိုင်ဖို့ ရှေ့ဆက်ပြီး ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့တာဝန်ယူတဲ့ နှစ်နှစ်တာကာလအတွင်း အမှိုက်ကိစ္စဖြေရှင်းဖို့ တောက်လျှောက်လုပ်နေပါတယ်။ အခုလည်း အမှိုက်ကို သုတေသနပြုနေတာ ဖြစ်ပါတယ်။ ဒီအပေါ်ကနေမူတည်ပြီး ကျွန်တော်တို့လုပ်တဲ့လုပ်ငန်းစဉ် ဘယ်လောက်ဖြစ်မလဲဆိုတဲ့ ပုံစံမျိုးနဲ့ အမှိုက်ကိုစွန့်ပစ်ဖို့ ဒါကို ရှေ့ဆက်သွားမှာ ဖြစ်ပါတယ်။ အမှိုက်ပုံအဟောင်းတွေကိုတော့ မီသိန်းဓာတ်ငွေ့ထွက်နေမှုကို စနစ်တကျထိန်းနိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တစ်ဖက်က အမှိုက်စွန့်ပစ်မှုကနေ စွမ်းအင်သုံးစွဲနိုင်ဖို့ နည်းလမ်းတစ်ရပ်ရယ်၊ တစ်ဖက်က အဟောင်းတွေကို စနစ်တကျထိန်းချုပ်နိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ ပေါင်းစပ်ပြီး ထိန်းထားနိုင်ဖို့ ဒီနှစ်လမ်းကို အနာဂတ်မှာဖြစ်ဖို့ ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရှိနေတဲ့အမှိုက်ပုံတွေအတွက် နောင်ဒီလိုမျိုးမဖြစ်အောင် ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ အမှိုက်ပုံသေးသေးလေးတွေမှာ ဒီလိုမီသိန်းထွက်ပြီး ဒီလိုဖြစ်တဲ့အလေ့မရှိပါဘူး။ ထားဝယ်ချောင်နဲ့ ထိန်ပင်နဲ့က နောက်ဆုံးအမှိုက်ပုံတွေဖြစ်ပါတယ်။ အမှိုက်ပုံသေးသေးလေးတွေကနေ အမှိုက်ကိုကားနဲ့သယ်ပြီး လာပစ်တာဖြစ်တယ်။ ဒီအမှိုက်ပုံနှစ်ခုကို ထိန်းချုပ်ထားရမှာဖြစ်ပါတယ်။ ထားဝယ်ချောင်ဘက်ဆိုရင် ဂက်စ်တွေ ထုတ်နိုင်ဖို့ ပိုက်တွေထိုးထည့်ပြီးလုပ်ထားပါတယ်။ ဒီဘက်မှာလည်း ဆောင်ရွက်မှုတွေရှိပါတယ်။ ဒါပေမယ့် အမှိုက်ပုံက သိပ်ကြီးလာတဲ့အခြေအနေမှာ ဒီပြဿနာပေါ်လာတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကို စနစ်တကျထိန်းချုပ်နိုင်ဖို့ ကျွန်တော်တို့လုပ်ရမှာ ဖြစ်ပါတယ်။ အနာဂတ်အတွက်လည်း ဒါမျိုးမဖြစ်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်။ အမှိုက်ပုံက မီးလောင်တတ်တယ်ဆိုတာကတော့ နောက်ဆုံး အမှိုက်ပုံကြီးတွေမှာပဲ ဖြစ်တတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဒါပေမယ့် အခုဖြစ်နေတဲ့ နေရာက လူနေထိုင်တဲ့နေရာနဲ့ နည်းနည်းနီးနေတော့ ဒီကထွက်တဲ့ မီးခိုးကို ပြည်သူလူထုအနှောင့်အယှက်မဖြစ်အောင် ပြည်သူလူထုရဲ့ ကျန်းမာရေးကိုမထိခိုက်စေဖို့အတွက် ကျွန်တော်တို့ကြိုးပမ်းရမှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။



ထိန်ပင်အမှိုက်ပုံမီးလောင်ပြင်၌ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နိုင်ရေး ခက်ခက်ခဲခဲ ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-မင်းထက်

# ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တောင်ပြိုလက်ဝဲ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးသို့ သွားရောက်သတင်းရယူ



**စစ်တွေ မေ ၂၅**

မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းသတင်းဌာနများနှင့် ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်နေကြသည့် နေရပ်စွန့်ခွာသွားကြသူများအား တွေ့ဆုံပြီး မေးမြန်းသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြပြီး နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်နေကြသူများအား တွေ့ဆုံ၍ တစ်ဖက်နိုင်ငံ၌ နေထိုင်နေစဉ်အတွင်း နေထိုင်စားသောက်ရမှု အခြေအနေ၊ လက်ရှိ ရောက်ရှိနေထိုင်နေသည့် လူဦးရေ၊ လက်ရှိအခြေအနေအထိ နေရပ်သို့ပြန်မလာရသည့် အကြောင်းရင်း၊ ဖြစ်ပေါ်နေသည့် အခက်အခဲနှင့် လိုအပ်ချက်၊ NVC ကတ် အပေါ် ၎င်းတို့၏ သဘောထားအမြင် အပါအဝင် အခြားသိရှိလိုကြသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည် ရောက်ရှိကြပြီး မြန်မာအမျိုးသားလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း - မျိုးမြင့်၊ ဓာတ်ပုံ - ဟန်လင်းနိုင်**

❊ *ကျောဖုံးမှ*

အပြီးသတ်ငြိမ်းသွားဖို့အတွက်ကတော့ ရာသီဥတု အနေအထားအပေါ်မှာလည်း မူတည်နေပါတယ်၊ လက်ရှိမှာဆိုရင် ပူပြင်းမှုနဲ့အတူ မီးလောင်မှုဧရိယာ ကျယ်ပြန့်တဲ့အတွက်ကြောင့် အပြီးသတ်ငြိမ်းသတ်မှုအပိုင်းကို အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

**ပူးပေါင်းငြိမ်းသတ်**

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် မေ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ယနေ့ (လေးရက်မြောက်) အထိ သက်ဆိုင်ရာတာဝန်ရှိသူတို့ ပူးပေါင်းငြိမ်းသတ်လျက်ရှိသည်။ စတင် လောင်ကျွမ်းစဉ်က လှိုင်သာယာမြို့နယ်အတွင်းနှင့် ဆက်စပ်မြို့နယ်တချို့ရှိ ပြည်သူများသာ မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများဒဏ်ကို ခံစားခဲ့ရသော်လည်း မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တွင်းမြို့နယ်များသာမက ဆင်ခြေဖုံးမြို့နယ်များတွင်လည်း မီးခိုးမွှန်သည့်ဒဏ်ကို ပြည်သူများ သိသာစွာခံစားခဲ့ရကြောင်း လူမှုကွန်ရက်များမှ သိရသည်။

“မီးခိုးမွှန်တဲ့ဒဏ်ကို မနေ့က တော်တော် ခံစားလိုက်ရတယ်၊ ညနေပိုင်းနဲ့ ညပိုင်းမှာ တော်တော် ခံစားလိုက်ရတယ်၊ ကျွန်မရဲ့အမေဆိုရင် အသက်ရှူမဝဖြစ်သွားလို့ စိုးရိမ်ခဲ့ရတယ်၊ ဒီကနေ့မှာတော့ မီးခိုးက တဖြည်းဖြည်း နည်းသွားပါပြီ၊ အမြန်ဆုံးငြိမ်းသွားစေချင်ပါတယ်” ဟု အဆိုပါ မြို့နယ် ၂၀ ရပ်ကွက်မှ ဒေသခံ မစန်းစန်းက ပြောသည်။

မီးခိုးမွှန်သည့်ဒဏ်ကို မီးလောင်မှုအနီးရှိ ဒေသခံပြည်သူအများစုမှာ ပိုမိုသိသာစွာ ခံစားရသဖြင့် ဆေးရုံတက်ရောက်ကုသသူများရှိရာ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ မေ ၂၄ ရက်တွင် ၁၅ ဦးတက်ရောက်ခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ မူလ ရောဂါအခံရှိခြင်းကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်ခဲ့ကြောင်း၊ နှစ်ဦးမှာ ဆေးရုံမှ ပြန်လည်ဆင်းသွားပြီဖြစ်ကြောင်းနှင့် ကျန်ရှိသောသူတို့မှာ စိုးရိမ်ဖွယ် မရှိကြောင်း အဆိုပါဆေးရုံအုပ်ကြီးထံမှ သိရသည်။

**ဆေးကုသမှုခံယူ**

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစန်းလွင်ဦးက “မီးခိုးမွှန်တဲ့ဒဏ်ကြောင့် ဆေးရုံတက်ရောက်ကုသနေတဲ့ လူနာတွေရဲ့ အခြေအနေကတော့ အားလုံးကောင်းမွန်ပါတယ်၊ စိုးရိမ်စရာ အနေအထား မရှိပါဘူး၊ အခုတက်ရောက်နေတဲ့ လူနာတွေရဲ့ လက္ခဏာကတော့ အသက်ရှူကျပ်တာတို့ မောတာတို့ ခံစားရပြီးရောက်ရှိလာတာပါ၊ အခုဆိုရင် လာရောက်ပြီး ဆေးကုသမှုခံယူနေတဲ့ သူတွေထဲမှာ အောက်ဆီဂျင် မလိုအပ်တော့တဲ့သူတွေ ရှိပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့အနေနဲ့ကတော့ စိတ်ချရတဲ့အနေအထားအထိ စောင့်ကြပ်ကုသပေးသွားမှာပါ၊ အောက်ဆီဂျင်လည်း အလုံအလောက်ရှိပါတယ်၊ ကြိုတင်ပြင်ဆင်မှုတွေလည်း ဆက်လက် လုပ်ဆောင်ထားပါတယ်”ဟု ပြောကြားသည်။

**သတိပြုရန်လိုအပ်**

ဆေးရုံသို့လာရောက်၍ ဆေးဝါးကုသမှုခံယူသူအများစုမှာ အဓိကအားဖြင့် နှလုံး၊ ပန်းနာ၊ ရင်ကျပ်၊ နာတာရှည် စသည့် မူလရောဂါအခံရှိသူများကို တွေ့ရသည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း သတိပြုရန်လိုအပ်ကြောင်း အဆိုပါဆေးရုံအုပ်ကြီးက ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို အများဆုံး ခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတို့တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး မီးခိုးဒဏ်ကို ဆက်လက်ခံစားနေရပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ ပြည်သူတို့အတွက် ယာယီနားခိုရာနေရာများ ပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။



မီးငြိမ်းသတ်မှုတွင် ပါဝင်သည့် တပ်မတော်သားတစ်ဦးအား အလှူရှင်တစ်ဦးက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



**မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တပ်မတော်သားများ ဝိုင်းဝန်းပူးပေါင်း မီးငြိမ်းသတ်ပေးနေသည်ကို တွေ့ရစဉ်။**

**ကြိုတင်ကာကွယ်မှု**

အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဆေးကုသမှုပါရဂူ ဗိုလ်ကြီးသိန်းနေလင်းက “ကျွန်တော်အပါအဝင် အဖွဲ့ဝင်တွေက မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှုပေးနေတာပါ၊ မီးခိုးမွှန်တဲ့ဒဏ်နဲ့ ထိခိုက်ဒဏ်ရာတစ်ခုခုဖြစ်ခဲ့ရင် အချိန်မီ လိုအပ်တဲ့ကုသမှုမျိုး လုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ၊ လိုအပ်ရင် အသုံးပြုနိုင်ဖို့အတွက် လူနာတင်ယာဉ်လည်း အသင့်ရှိပါတယ်၊ ကြိုတင်ကာကွယ်မှုအနေနဲ့ ဓာတ်ဆားတွေ ကြိုတင်တိုက်ထားတာမျိုးအပြင် ဖြစ်လာခဲ့ရင်လည်း အဆင်သင့် ကုသနိုင်အောင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်၊ လက်ရှိမှာတော့ မီးသတ်တပ်ဖွဲ့ဝင်တွေ အသေးစားထိခိုက်ရှနာတာတွေလောက်ပဲ ရှိပါတယ်” ဟု ပြောသည်။

“မီးတပ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပါဝင်ငြိမ်းသတ်တဲ့သူတွေကို အစားအသောက်တွေ လာရောက်လှူဒါန်းတာပါ၊ နေပူကြီးထဲမှာ ငြိမ်းသတ်နေရတာကိုယ်ချင်းစာပါတယ်၊ ညဘက်ဆိုရင်လည်း မအိပ်ဘဲငြိမ်းသတ်နေတာကြောင့် အခုဆိုရင် မီးခိုးတွေ တော်တော်နည်းသွားပါပြီ၊ ပြည်သူတစ်ယောက်အနေနဲ့ ကိုယ်နိုင်တဲ့ဘက်က အခုလို လာရောက်လှူဒါန်းခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်” ဟု လာရောက်လှူဒါန်းသူတစ်ဦးက ပြောသည်။

**အပြီးသတ်ငြိမ်းသတ်ရန်အဆင့်**

ယခုအခါ မီးလောင်ကျွမ်းနေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိရာ အပြီးသတ်မီးငြိမ်းသတ်ရန် အဆင့်သာကျန်ရှိတော့ကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ထားရှိခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန်တစ်ထောင်ကို ယင်းအမှိုက်ပုံတွင် နေ့စဉ် လာရောက်စွန့်ပစ်လျက်ရှိသည်။

**ထိန်းသိမ်းကြပ်မတ်သင့်**

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် လောင်ကျွမ်းခြင်းဖြစ်သည်။ အဆိုပါ အမှိုက်ပုံတွင် ယခင်က အသေးစား မီးလောင်မှုများ မကြာခဏဖြစ်ပွားခဲ့ဖူးသော်လည်း ယခုလောင်ကျွမ်းမှုသည် အချိန်ကာလကြာမြင့်စွာ လောင်ကျွမ်းသည့် မီးလောင်မှုဖြစ်သဖြင့် ထိုကဲ့သို့ မီးလောင်မှုမျိုး ထပ်မံ မဖြစ်ပွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူတို့အနေဖြင့် ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး**

# လှိုင်သာယာအမှိုက်ပုံ မီးငြိမ်းသတ်နေသူများအား စေတနာရှင်များ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စုရှိ ထိန်ပင်သုသာန် စည်ပင်သာယာအမှိုက်ပုံတွင် မေ ၂၁ ရက်မှစ၍ အပူရှိန်လွန်ကဲမှုကြောင့် မီးလောင်နေမှုကို မေ ၂၅ ရက် နေ့ထိ ငြိမ်းသတ်နေသည့်ကြားမှပင် ဆက်လက်လောင်ကျွမ်းလျက်ရှိပြီး ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ မီးငြိမ်းသတ်နေမှုနှင့် ရပ်ကွက်၊ ကျေးရွာအတွင်း ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ကြည့်ရှုအားပေးပြီး မီးအမြန်ငြိမ်းသတ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးရက်တာလောင်ကျွမ်းလျက်ရှိသော ထိန်ပင်အမှိုက်ပုံမီးခိုးငွေ့မှာ တောင်ဘက်မှ မြောက်ဘက်သို့ ယနေ့ညနေပိုင်းကအထိ တိုက်ခတ်သောလေနှင့်အတူ လွင့်ပျံ့လျက်ရှိပြီး ထန်းတပင်မြို့နယ် အရှေ့ဘက်ရိုးကြီး၊ ရိုးလေးကျေးရွာနှင့် အလယ်ရွာသို့ တိုက်ရိုက်ပျံ့လွင့်လျက်ရှိ၍ ယမန်နေ့ညပိုင်းက ဒဂုံ - ရောအဝေးပြေးကားဝင်းနှင့် ကပ်လျက်ရှိသည့် ကုလားကြီးစုကျေးရွာအတွင်း မီးခိုးငွေ့များကို ဆိုးရွားစွာခံစားခဲ့ရသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများရှိကြောင်း သိရသည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ မြို့နယ်များမှ အလှူရှင်များကလည်း မီးငြိမ်းသတ်နေသူများ စားသောက်ရန် ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းကြသည်ကို တွေ့ရသည်။

“မီးစလောင်တဲ့နေ့ကစပြီး သတိထားမိတာပါ၊ မနေ့ညနေပိုင်းက မီးခိုးငွေ့က သမိုင်းမှာ ရှူရှိုက်နေရတယ်၊ နေ့လယ် အပြင်မှာ ဒီလောက်ပူတာ မီးငြိမ်းသတ်သူတွေလည်း ပူမှာပဲလို့ ကိုယ်ချင်းစာမိတယ်လေ၊ ဒါကြောင့် သူငယ်ချင်းတွေ စုပေါင်းပြီး စပျစ်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ ဖရဲသီး၊ ကြက်မောက်သီးနဲ့ ရေသန့်လာပြီးလှူဖြစ်တာပါ၊ ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူ့တာဝန်ကို ထမ်းဆောင်ခွင့်ရတာကိုပဲ ဝမ်းသာမိပါတယ်၊ မီးမြန်မြန်ငြိမ်းပါစေလို့လည်း ဆုတောင်းပါတယ်”ဟု သမိုင်းတွင် နေထိုင်သော မခိုင်ခက်ကျော်က ပြောသည်။

**သန်းထိုက် (လှိုင်သာယာ)**

# မြို့နယ်အချို့၌ လေပြင်းတိုက်၍ မိုးရွာသွန်းမှုကြောင့် နေအိမ်၊ အဆောက်အအုံများ ပျက်စီး

## ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဧပြီ ၂၄ ရက် ညနေ ၅ နာရီခွဲခန့်က နေရာကွက်၍ မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ရာ သိုင်းဝကျေးရွာအုပ်စု၊ ဂုံမင်းကွင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ ပိတောက်ခင်ကျေးရွာအုပ်စုများရှိ လူနေအိမ်ပေါင်း ၁၃၇ လုံးနှင့် မူလတန်းလွန်ကျောင်းတစ်ကျောင်း၊ အလက (ခွဲ)ကျောင်းတစ်ကျောင်း ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်မှုးရုံးမှ သိရသည်။

ထိခိုက်မှုအများဆုံး ဖြစ်သော သိုင်းဝကျေးရွာအုပ်စုအတွင်းရှိ သိုင်းဝ၊ သမဆယ်၊ ဉယျာဉ်မှူး၊ ဘောင်တုတ်၊ တုံးကြီး၊ အလယ်မြှောင်၊ ကြို့ပင်သာ၊ ကျွန်းတောစု၊ လှည်းလမ်းကူးကျေးရွာများ၌ လူနေအိမ် ၁၂၉ လုံးမှာ အမိုးများလန်ခြင်း၊ ထရံများကွာကျခြင်း၊ သစ်ကိုင်းများ ပိမိခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးခုံကျေးရွာ၌ လူနေအိမ်သုံးလုံး၊ ပိတောက်ခင်ကျေးရွာအုပ်စု ဖိုးချမ်းကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ ဉယျာဉ်မှူးကျေးရွာတွင် အလက(ခွဲ) ကျောင်းတစ်ကျောင်း၊ ဂုံမင်းကွင်းကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းတို့ အမိုးများလန်ခြင်းနှင့် ထုပ်တန်းများ ပြုတ်ထွက်ခြင်းတို့ ဖြစ်ပွားခဲ့သည်။ ယနေ့မွန်းလွဲ ၃ နာရီခွဲတွင်လည်း လေပြင်းတိုက်ခတ်မှုများရှိပြီး ညပိုင်း ၇ နာရီတွင် မိုးများ ဆက်လက်ရွာသွန်းလျက်ရှိရာ လက်ရှိနေ့စပါး ရိတ်သိမ်းလျက်ရှိသည့် တောင်သူများအတွက် အခက်အခဲများစွာ တွေ့ရှိနေရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## နောင်ချို

နောင်ချိုမြို့နယ်၌ ဧပြီ ၂၅ ရက် နံနက် ၁၁ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းကာ မိုးသီးကျရောက်ခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် နောင်ချိုမြို့တောင်ရပ်ကွက် နယ်မြေ ၈၊ ၉ တို့တွင် လူနေအိမ်ငါးလုံး၏ ခေါင်မိုးများ လွင့်ပါခြင်း၊ နောင်ချိုမြို့အ ထ က (ခွဲ)စာသင်ကျောင်း၌ ကျောင်းအုတ်တံတိုင်း အလျားပေ ၃၀ ခန့် ပြိုကျပျက်စီးသွားပြီး ဈေးရပ်ကွက်တွင်လည်း လူနေအိမ်ခေါင်မိုးများ၊ သွပ်များ လေထဲလွင့်ပါခြင်း၊ အုတ်တံတိုင်း ပြိုကျခြင်းနှင့် မန္တလေး-လားရှိုးကားလမ်း ဘေးဝဲယာရှိသစ်ပင်များ ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။ **စိုးဝင်း(နောင်ချို)**

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း၌ ဧပြီ ၂၄ ရက် ညနေ ၆ နာရီမှ ၆နာရီခွဲအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုလဲခြင်းနှင့် အမိုး၊ အကာများ ပျက်စီးခြင်း၊ စာသင်ကျောင်းများ အမိုးလန်ခြင်း၊ ဘုန်းတော်ကြီးကျောင်း အမိုးလန်၊ မျက်နှာကြက်ပြိုခြင်း၊ စာကြည့်တိုက်အမိုးလန်၊ အကာပြိုခြင်း၊ လျှပ်စစ်မီးတိုင်များ ကျိုးပြတ်ခြင်း၊ နွားတင်းကုပ်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဇလွန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု၏ ကျေးရွာပေါင်း ၄၀ မှ အိမ်ခြေ ၃၉၈ လုံးတွင် အိမ်ခြေ ၃၂၉ လုံး အမိုးလန်ပျက်စီးခြင်း၊ ၆၉ လုံး ပြိုလဲပျက်စီးခြင်း၊ စာသင်ကျောင်းသုံးကျောင်း အမိုးလန်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အမိုးလန်၊ မျက်နှာကြက်ပြိုခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတစ်ရုံး အမိုးလန်ခြင်း၊ စာကြည့်တိုက်တစ်လုံး အမိုးလန်၊ အကာပြိုခြင်း၊ လျှပ်စစ်မီးတိုင်ကိုးတိုင် ကျိုးပြတ်ခြင်း၊ နွားတင်းကုပ်တစ်လုံး ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးနေအိမ်များ၏ အိမ်ထောင်စုမိသားစုဝင် စုစုပေါင်း ၁၆၆၉ ဦး လေဘေးသင့်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဝေယံ-ဇလွန်(ပြန်/ဆက်)**

## ထန်းတပင်

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ဧပြီ ၂၄ ရက် ညနေ ၆ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရေဖြူကျေးရွာအုပ်စုနှင့် ညွန့်ပေါင်းကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းတစ်ကျောင်း၊ ဆန်စက်နှစ်လုံး၊ လူနေအိမ် ၂၉ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ် ၁၉ လုံးနှင့် နွားတင်းကုပ် ၁၃ လုံး ပြိုကျပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရေဖြူကျေးရွာအုပ်စုအတွင်းရှိ အုတ်ဖိုကျေးရွာတွင် လူနေအိမ်လေးလုံးနှင့် ဆန်စက်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့သည်။ ယင်းတင်ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ လူနေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်တစ်လုံးနှင့် နွားတင်းကုပ်ရှစ်လုံး ပြိုကျပျက်စီးခဲ့သည်။ အိုင်ကြီးကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။ အိုင်လေးကျေးရွာတွင် လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ပြီး ညောင်သုံးပင်ကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ညွန့်ပေါင်းကျေးရွာအုပ်စုအတွင်းရှိ ဒေါချိတ်ကျေးရွာတွင်လည်း လူနေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်ခုနစ်လုံးနှင့် နွားတင်းကုပ်သုံးလုံး ပြိုကျပျက်စီးခဲ့သည်။ ကြို့ပင်ဝိုင်းကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်ငါးလုံးနှင့် နွားတင်းကုပ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။ ညွန့်ပေါင်းကျေးရွာတွင် နွားတင်းကုပ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုခံ ထွက်ပြေးသူ တရားခံပြေးအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် ဧပြီ ၂၅**

လှိုင်သာယာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားသော ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူ သန်းထိုက်ထွေး(ခ)နှပ်ချေးမှာ လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ သွားရောက်ဖမ်းဆီးစဉ် ဓားဖြင့်ရန်ပြု ခုခံသဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူ သန်းထိုက်ထွေး(ခ)နှပ်ချေး (၂၃ နှစ်)မှာ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိလာပြီး အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက်နေ ဒေါ် ---- ထံ ဖုန်းဖြင့် ခြိမ်းခြောက်ငွေတောင်းခံနေကြောင်း သတင်းရရှိသဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ် သန်းထိုက်ထွေး(ခ) နှပ်ချေးမှာ အသာတကြည်အဖမ်းမခံဘဲ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် တိုက်ခိုက်ခုခံခဲ့ရာ ကာကွယ်ခုခံပိုင်ခွင့်အရ ရဲတပ်ဖွဲ့ဝင်များက MA13 မောင်းပြန်သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ သန်းထိုက်ထွေး (ခ)နှပ်ချေးတွင် ဒဏ်ရာရရှိပြီး ဆက်လက်၍ အမှတ်(၅) ရပ်ကွက် မြစကြာလမ်းရှိ နေအိမ်တစ်အိမ်ပေါ်သို့ တက်ပြေးခဲ့ကာ နေအိမ်ပေါ်ရှိ (၁၄ နှစ်)အရွယ်ရှိ မောင်ခိုင်ကြီးဆိုသူအား လည်ပင်းကို ဓားဖြင့်ထောက်၍ ဓားစာခံပြုလုပ်ကာ ထွက်ပြေးရန်ပြုလုပ်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။



ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုခံ၍ ထွက်ပြေးခဲ့သဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည့် တရားခံပြေး သန်းထိုက်ထွေး (ခ) နှပ်ချေးကို တွေ့ရစဉ်။

သန်းထိုက်ထွေး(ခ) နှပ်ချေးမှာ သေနတ်ဒဏ်ရာရရှိခဲ့သဖြင့် လှိုင်သာယာ ပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်၍ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူ သန်းထိုက်ထွေး (ခ) နှပ်ချေးမှာ ဧပြီ ၂၀ ရက်က လှိုင်သာယာမြို့နယ် (၅) ရပ်ကွက်နေ ဆိုက်ကားနင်းသူ ကုလား(ခ)ဝင်းမြင့်အား ပါးရိုက်သည့် ကိစ္စကို သန့်ဇင်ဆိုသူက အနိုင်မကျင့်သင့်ကြောင်း ဝင်ရောက်ဟန့်တားစဉ် သန်းထိုက်ထွေး(ခ) နှပ်ချေးက သန့်ဇင်ကို အသင့်ပါလာသော စကေဘာဖြင့်ထိုးခဲ့ခြင်းကြောင့် သန့်ဇင်မှာ အင်းစိန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသခဲ့ရသဖြင့် လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားစဉ် ထွက်ပြေးသွားခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်က ရာဇသတ်ကြီးပုဒ်မ ၃၈၆ အမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့စဉ်က စစ်ပြေးတစ်ဦးဖြစ်ကြောင်း သိရသဖြင့် သက်ဆိုင်ရာတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ စစ်ဘက်ဥပဒေဖြင့် ထောင်ဒဏ်တစ်နှစ်ခွဲ ကျခံဖူးသူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။ တရားခံပြေး သန်းထိုက်ထွေး (ခ) နှပ်ချေးအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - Breakfast News |
| ၈း၃၅ | - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကာကွယ်ရေး ဝန်ကြီးဌာန) |
| ၉း၀၀ | - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (စစ်ကိုင်းတိုင်းဒေသကြီး) |
| ၁၀း၃၀ | - အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၄၅ | - **နိုင်ငံသားစိစစ်ရမည့်သူ၏ သက်သေခံကတ်ပြား(NV card) ကိုင်ဆောင်ခြင်းနဲ့ ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခြင်း** |
| ၁၂း၃၀ | - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၁၄) |
| ၁၃း၁၅ | - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှတ်မှုအစီအစဉ် (Level-1) (မန္တလေးမြို့) (ဒုတိယပိုင်း) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | - **ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ** (ဂိုးသမား)(ဒုတိယပိုင်း) |
| ၁၇း၀၅ | - Myanmar Beyond the headlines |
| ၁၉း၁၅ | - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၁၅) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ- အောင်သြဘာ) |
| ၂၀း၀၀ | - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြန်ကြားရေးဝန်ကြီးဌာန) |
| | - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (တနင်္သာရီတိုင်းဒေသကြီး) |
| | - America's Got Talent |
| | - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်**(အပိုင်း-၂၇) |
| | - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ ဒေါ်နွဲ့နွဲ့စန်း) |

# ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက ရွှေ့ပြောင်းအလုပ်သမားများနှင့် အလုပ်ရှင်များအား သတိပေးချက်ထုတ်ပြန်

**ဗန်ကောက် ဧပြီ ၂၅**

ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံအလုပ်သမားဥပဒေများနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည်ကို အလုပ်ခွင်များတွင် စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင်အား ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း ဧပြီ ၂၄ ရက်က ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ရွှေ့ပြောင်းအလုပ်သမားများ နောက်ဆုံးမှတ်ပုံတင်ရမည့် ၂၀၁၈ ခုနှစ် မတ် ၃၀ ရက် ညသန်းခေါင်အချိန်အထိ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ အလုပ်သမားပေါင်း ၁၃၂၀၀၃၅ ဦး မှတ်ပုံတင်ခဲ့ကြရာတွင် အလုပ်သမား ၉၆၁၉၄၆ ဦး မှတ်ပုံတင်ပြီးစီးခဲ့ကြပြီး မှတ်ပုံတင်မှုလုပ်ငန်းများ ဆောင်ရွက်နေဆဲ လူဦးရေမှာ ၁၂၇၄၂၉ ဦး မှတ်တမ်းအထောက်အထားများအရ စိစစ်တွေ့ရှိရပြီး ကောက်ယူထားသည့် စာရင်းဇယားများအရ ထိုင်းနိုင်ငံတစ်ဝန်း မှတ်ပုံတင်ထားခြင်းမရှိသည့် ရွှေ့ပြောင်းလုပ်သားခြောက်သောင်းနီးပါး ရှိနေသေးကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နေရပ်ပြန်၍ သက်ဆိုင်ရာ နိုင်ငံအလိုက် တရားဝင်နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်ရန် လိုအပ်မည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမား ဥပဒေသစ်အရ လုပ်ငန်းခွင် အသီးသီးတွင် ဝင်ရောက်စစ်ဆေးမှုများကြောင့် မှတ်ပုံမတင်ထားသည့် တရားမဝင် အလုပ်သမားများ စစ်ဆေးတွေ့ရှိမည်ဆိုပါက အလုပ်ရှင်များသည် တရားမဝင် အလုပ်သမားတစ်ဦးစီအတွက် ဒဏ်ငွေပေးဆောင်ရမည့်အပြင် အလုပ်သမားများ အနေဖြင့်လည်း ထောင်ဒဏ်နှင့် ငွေဒဏ်များ ကျခံရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက နောက်ဆုံးအကြိမ်ဖြစ် အသိပေးထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းကြိုးအသစ်များ လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ၂၆.၄.၂၀၁၈ (ကြာသပတေးနေ့) တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ထန်းတပင်၊ အဖျောက်၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ သန်လျင်မြို့နယ်များရှိ မိဘပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

● *ကျောဖုံးမှ*

မြန်မာကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး အာဆီယံဇုန်တွင် ဗိုလ်စွဲနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ပြိုင်ပွဲစည်းမျဉ်းအရ အာဆီယံဇုန်တွင် ဗိုလ်စွဲသည့်အသင်းသည် အရှေ့အာရှဇုန်၊ အရှေ့အလယ်ပိုင်းဇုန်နှင့် တောင်အာရှဇုန်မှ ဗိုလ်စွဲသည့်အသင်းများနှင့် ထပ်မံကစားရမည်ဖြစ်ကာ ယင်းအဆင့်တွင် ထပ်မံဗိုလ်စွဲမှသာ နောက်ဆုံးအဆင့်ပြိုင်ပွဲ၏ ဗိုလ်လုပွဲအဖြစ် အနောက်အာရှဇုန် ချန်ပီယံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

အထောင်ထားခဲ့သည်။ အန်ကောတိုက်စစ်ကို မထိန်းနိုင်၍ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၁၁ မိနစ်တွင် အန်ကောအသင်း ဂိုးစရခဲ့ပြီး မေကွန်က သွင်းယူသည်။ ၂၅ မိနစ်တွင် အိုအီဘိုရှိက တစ်ကိုယ်တော်အစွမ်းဖြင့် ရှမ်းနောက်ခံလူများကို ကျော်ဖြတ်ကာ အန်ကောအတွက် ဒုတိယဂိုး သွင်းယူသည်။ ၅၁ မိနစ်တွင် ဖြိုးပိုင်စိုး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ အန်ကောအတွက် အနိုင်ဂိုးများကို ၄၇ မိနစ်တွင် ဆင်မြူရယ်၊ ၆၃ မိနစ်တွင် ကာလီဂျူရာတို့က သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ချေပဂိုး တစ်ဂိုးကို ၇၈ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ခြောက်ပွဲကစား တစ်ပွဲနိုင်၊ ငါးပွဲရှုံး သုံးမှတ်သာရခဲ့ပြီး အန်ကောအသင်းက ခြောက်မှတ်ရခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် သုံးဂိုးစီသရေကျခဲ့သည်။ ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သော်လည်း လူစုံအသုံးပြုပြီး နိုင်ငံခြားသားကစားသမားလေးဦးကို တစ်ပြိုင်နက် အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် အဝေးကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဦးဆောင်ဂိုးများ မထိန်းနိုင်၍ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အုပ်စုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၃ မှတ်ရခဲ့ပြီး ထန်ဟွာအသင်းက ခြောက်မှတ်ရခဲ့သည်။ ရန်ကုန်အသင်းသည် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

# မရမ်းကုန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ဖောက်ခွဲမှုဖြစ်စဉ်များမှ တရားခံနှစ်ဦးကို အလုပ်နှင့်ထောင်ဒဏ်များချမှတ်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၄) ရပ်ကွက် ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ အိုးရှင်းစူပါစင်တာတွင် ၂၀၁၆ ခုနှစ် ဇွန် ၁၇ ရက် ညက ရေအိမ်အတွင်းဝန်ထမ်းမှ သန့်ရှင်းရေးပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ မရမ်းကုန်းမြို့မရဲစခန်း၌ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး အနောက်ပိုင်းခရိုင်တရားရုံး၌ စစ်ဆေးခဲ့သော ကိုရွှေ(ခ)ခင်မောင်ရွှေ(ခ)ရာကွတ် (၃၉ နှစ်)အား ခရိုင်တရားသူကြီးမှ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

**အမှုဖွင့် အရေးယူ**

ထို့ပြင် ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက် တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက် ညနေက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ ကိုရွှေ(ခ)ခင်မောင်ရွှေ(ခ)ရာကွတ် (၃၉ နှစ်)၊ စိုးဝင်း(ခ) မိုဟာမက်အလီ (၄၀)နှစ်၊ စိုးမင်းဇော်(ခ)သားငယ်(၄၂ နှစ်)၊ ရာစင်(ခ) ကျော်သူ (၃၃ နှစ်)တို့အား ဒဂုံမြို့မရဲစခန်းက ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ပြီး အနောက်ပိုင်းခရိုင်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ကာ ကိုရွှေ (ခ) ခင်မောင်ရွှေ(ခ) ရာကွတ်နှင့် စိုးဝင်း(ခ)မိုဟာမက်အလီတို့အား ပြစ်မှုထင်ရှားသဖြင့် ခရိုင်တရားသူကြီးမှ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်စီ ချမှတ်ခဲ့ကြောင်းနှင့် စိုးမင်းဇော် (ခ)သားငယ်နှင့် ရာစင် (ခ)ကျော်သူတို့အား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၈(၁) အရ အမှုမှ အပြီးအပြတ် လွှတ်ခဲ့ကြောင်း သိရသည်။

တရားခံ ကိုရွှေ (ခ) ခင်မောင်ရွှေ (ခ) ရာကွတ်သည် မရမ်းကုန်းမြို့မရဲစခန်းနှင့် ဒဂုံမြို့မရဲစခန်းတို့တွင် ရေးဖွင့်ခဲ့သည့်အမှုများအရ စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ်၌ ယမ်းပျော့များ တင်ဆောင်လာသည့် ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၅**

ရွှေကျင်မြို့နယ်၌ ဧပြီ ၂၂ ရက်က ယမ်းပျော့များထည့်ထားသည့် ပီနံအိတ် ၈၀ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် ည ၁၁ နာရီခွဲက ရွှေကျင်မြို့နယ် ညောင်ဝိုင်း တရုတ်တန်းရပ်ကွက် ဇမ္ဗူမင်းဆီဆိုင်ရှေ့၌ မန္တလေးမြို့နေ ကျော်စိုး(၃၇ နှစ်) မောင်းနှင်လာပြီး ရပ်တန့်ထားသည့် YGN 3C/---- Nissan ၁၂ ဘီးယာဉ်အား တွေ့ရှိ၍ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးဝင်း အတွင်းသို့ ခေါ်ဆောင်ထိန်းသိမ်းခဲ့သည်။



ထို့နောက် ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်မောင်း ကျော်စိုးမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ပိုင်ရှင် မန္တလေးမြို့နေ ဦးမိုးကျော်(၄၀ နှစ်)အား ဆက်သွယ်ခဲ့ရာ ၎င်းမှာလည်း ခရီးလွန်နေသောကြောင့် ရောက်ရှိလာခြင်း မရှိခဲ့၍ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ပူးပေါင်းအဖွဲ့က ယာဉ်အား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ယာဉ်ပေါ်မှ ယမ်းပျော့များ ထည့်ထားသည့် ပီနံအိတ် ၈၀ အား နန္ဒင်းတက်အိတ် ၁၂၀၊ ခေါက်ဆွဲခြောက် အိတ်များနှင့်အတူ တွေ့ရှိရသဖြင့် ယမ်းပျော့များထည့်ထားသည့် အိတ်များအား သိမ်းဆည်းခဲ့ပြီး ယာဉ်မောင်း ကျော်စိုးအား ရွှေကျင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြစ်ကြီးနားနှင့် ၁၀၅ မိုင်စစ်ဆေးရေးဂိတ်၌ ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အေးသာယာရပ် မြို့သစ်ကြီးရပ်ကွက်နေ နေလင်း(ခ) ကိုလင်း(၃၅ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း တရားမဝင်ကျောက်စိမ်း အရိုင်းတုံးများ ထားရှိကြောင်းသတင်းအရ ဧပြီ ၂၄ ရက် ည ၁၁ နာရီခွဲက မြစ်ကြီးနားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်း၌ ရေမဆေးကျောက်စိမ်း အရိုင်းတုံးဆိုက်စုံ အတုံး ၁၅၀ (၉၄၇ ကီလိုဂရမ်)ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် နေလင်း(ခ) ကိုလင်းအား မြစ်ကြီးနားနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အလားတူ ဧပြီ ၂၃ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ က ရှမ်းပြည်နယ် မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၀၅ မိုင် လားရှိုး မောင်းတံဂိတ်၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မန္တလေးမှ မူဆယ်ဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြသီရိရပ်ကွက်နေ အောင်ကျော်ဦး (၄၇ နှစ်)မောင်းနှင်လာသော 3D/---- ပါဂျဲရိုးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် ကျောက်စိမ်းတုံးဖြတ်စဆိုက်စုံ ၆၀၂ ကီလိုဂရမ်ခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖမ်းဆီးခံထားရသော ရိုက်တာသတင်းထောက်နှစ်ဦး၏ နှစ်ဖက်ရှေ့နေများ လျှောက်လဲချက် ကြားနာ

**ရန်ကုန် ဧပြီ ၂၅**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ) ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့ နှစ်ဦး ယနေ့ နံနက် ၁၀ နာရီက ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ် ရောက်ရှိခဲ့သည်။ အမှုနှင့်ပတ်သက်၍ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင် မှ ယခင်အပတ်က တရားလိုပြသက်သေ ဒုတိယရဲမှူး မိုးရန်နိုင် သက်သေထွက်ဆိုချက်အပေါ် အမှုလိုက်ဥပဒေ အရာရှိက မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာပေးရန် လျှောက်ထားသည့် အကြောင်းအရာကိစ္စနှင့် နှစ်ဖက်ရှေ့နေများ၏ ကျယ်ကျယ်ပြန့်ပြန့်လျှောက်လဲချက်အပေါ် ကြားနာခြင်းဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ဒီကနေ့ မြောက်ပိုင်းခရိုင် တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ တရားခံ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရစွဲဆိုမှုဟာ ယခင်အပတ်လျှောက်ထားတဲ့ သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅(၃)အရ မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာခွင့်ပြုပေးရန်ဆိုပြီး တရားလိုပြသက်သေ ဒုတိယရဲမှူး မိုးရန်နိုင်အပေါ် လျှောက်ထားတာနဲ့ ပတ်သက်လို့ နှစ်ဖက်ရှေ့နေများ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲချက်ကို ကြားနာခဲ့တာပါ။ နောက်အပတ်ရုံးချိန်းမှာ အမိန့်ချဖို့အတွက် မေ ၂ ရက် ဗုဒ္ဓဟူးနေ့ကိုပဲ ထပ်မံချိန်းဆိုလိုက်ပါတယ်၊ အဲဒီနေ့ မှာ ဒုတိယရဲမှူး မိုးရန်နိုင်ကို တစ်ပါတည်း ခေါ်ဆောင်လာဖို့ ညွှန်ကြားလိုက်တာ ရှိပါတယ်၊ အမှုကခုချိန်ထိ ရုံးချိန်းပေါင်း ၁၅ ချိန်းရှိသွားပါပြီ"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်လေးလုံးနှင့် ကြက်ခြံငါးခြံ မီးလောင်ဆုံးရှုံး

**မြင်းခြံ ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာတွင် ဧပြီ ၂၅ ရက် နံနက် ၁ နာရီ မိနစ် ၄၀ က မီးဖိုမီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ကာ နေအိမ်လေးလုံးနှင့် ကြက်ခြံငါးခြံဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မီးလောင်ဆုံးရှုံး**

ဖြစ်စဉ်မှာ မကျီးသမျှားကျေးရွာ ဦးစန်းဦး၏ နေအိမ်မီးဖိုမှ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ရာ ဦးစန်းဦးပိုင် နေအိမ်တစ်လုံးနှင့် ကြက်ခြံအဆောက်အအုံတစ်လုံး၊ ဦးသန်းဝင်း၏ နေအိမ်တစ်လုံးနှင့် ကြက်ခြံအဆောက်အအုံတစ်လုံး၊ ဦးမိုးကျော်ဦး၏ နေအိမ်တစ်လုံးနှင့် ကြက်ခြံအဆောက်အအုံတစ်လုံး၊ ဦးအောင်လင်း၏ နေအိမ်တစ်လုံးနှင့် ကြက်ခြံအဆောက်အအုံနှစ်လုံး စုစုပေါင်းနေအိမ်လေးလုံးနှင့် ကြက်ခြံအဆောက်အအုံငါးလုံး၊ ကြက်ကောင်ရေ ၁၆၅၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

**ထိခိုက်ဒဏ်ရာရရှိမှုမရှိ**

မီးလောင်မှုဖြစ်ပွားရာသို့ မြင်းခြံခရိုင် မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင် ဦးစီး၍ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် သုံးစီး၊ ပုဂ္ဂလိကရေသယ်ယာဉ် နှစ်စီး၊ စက်မှုဇုန်မီးငြိမ်းသတ်ယာဉ် တစ်စီးနှင့် ကျေးရွာပြည်သူများက စုပေါင်း၍ မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည့် အိမ်ရှင် ဦးစန်းဦးအား မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# နမ္မတီးဘူတာနှင့် မရမ်းဘူတာအကြား ရထားနှင့် ဆိုင်ကယ်တိုက်မိ၍ နှစ်ဦးဒဏ်ရာရ

**နမ္မတီး ဧပြီ ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဘူတာနှင့် မရမ်းဘူတာကြားတွင် ဧပြီ ၂၅ ရက် နံနက် ၆ နာရီ ၂၅ မိနစ်က မိုးကောင်းမှ ထွက်ခွာလာသည့် RBE ရထားနှင့် မော်တော်ဆိုင်ကယ် တိုက်မိခဲ့၍ ဆိုင်ကယ်စီးနင်းသူများမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးကျော်ဆွေဝင်း မောင်းနှင်လာသည့် အမှတ်-မိုးကောင်း(၁)အဆန် RBE ရထားသည် နမ္မတီးဘူတာနှင့် မရမ်းဘူတာအကြား မီးရထားမိုင်တိုင် အမှတ် ၆၉၃/၂၄ နှင့် ၆၉၃/၁ တံတားအမှတ် ၆၇၇ ပေါ်အရောက်တွင် မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ ထွယ်ဆန်ရပ်ကွက်နေ မရွှယ်ဆမ်(၃၀ နှစ်) မောင်းနှင်ပြီး မောင်မျိုးဆန်အောင်(၇ နှစ်) စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်နှင့် တိုက်မိ၍ မရွှယ်ဆမ်နှင့် မောင်မျိုးဆန်အောင်တို့တွင် ဒဏ်ရာများရရှိခဲ့၍ ဆေးကုသမှုခံယူရန် နမ္မတီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မရွှယ်ဆမ်အား နမ္မတီးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပန်းတောင်းမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ သုံးဦးဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၅**

ပန်းတောင်းမြို့နယ် တဲကုန်းကျေးရွာတွင် ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က တရားမဝင် ဝင်ရောက်လာသူနှစ်ဦးရောက်ရှိနေကြောင်း သတင်းအရ ဥသျှစ်ပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မင်းပြားမြို့နယ် လက်မကျေးရွာနေသူများဖြစ်သည့် နော်မာမောက်(၂၁ နှစ်)နှင့် အီစုဇာလောင်(၂၀ နှစ်)တို့အား တွေ့ရှိခဲ့သည်။

စစ်ဆေးချက်အရ နော်မာမောက်ပါနှစ်ဦးသည် တစ်ရွာတည်းနေ နူမာမွတ် (၃၂ နှစ်)နှင့်အတူ လွန်ခဲ့သော တစ်လကျော်ခန့်က လက်မကျေးရွာမှ အမ်းမြို့အထိ စက်လှေဖြင့် သုံးရက်စီးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တောလမ်းအတိုင်း တောထဲတွင် တစ်လခန့်ကြာသည်အထိ သွားခဲ့ပြီးနောက် တဲကုန်းကျေးရွာသို့ ရောက်ရှိစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ ဧပြီ ၂၄ ရက် နံနက် ၈ နာရီက လူစုကွဲသွားကြောင်း သိရှိရ၍ လိုက်လံရှာဖွေခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် နူမာမွတ်အား ပုသိမ် -မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၇၇/၁-၂ ကြား တည်ကုန်းကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဧပြီ ၂၅ ရက်က ပန်းတောင်းမြို့နယ်တရားရုံးသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုထားကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ယင်းမာပင် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအနီးတွင် ဧပြီ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်က စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ်သိန်း ၄၉၀ ဖိုးခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးမှ ရဲအုပ် ခွန်အောင်ကိုကို ဦးစီးသော တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၅)မူးယစ်တပ်ဖွဲ့စု တောင်ကြီးမှ ရဲတပ်ဖွဲ့ဝင်များ၊ သာစည်မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ယင်းမာပင်ကျေးရွာအနီး ကားလမ်း မိုင်တိုင်အမှတ် ၃၉/၇ နှင့် ၆ အကြား စောင့်ဆိုင်းနေစဉ် တောင်ကြီးမြို့ဘက်မှ မိတ္ထီလာမြို့ဘက်သို့ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ ယာဉ်မောင်း အာကာဇော်(ခ)အာကာ (၃၁ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် YGN-EE/----Toyata ယာဉ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကာလတန်ဖိုး ငွေကျပ် ၄၉၀၀၀၀၀ ခန့်အား ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ အာကာဇော်အား ယင်းမာပင် နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ပါလက်စတိုင်းနိုင်ငံသားကို သတ်ဖြတ်မှုဖြင့် အစ္စရေး ရဲအရာရှိတစ်ဦးကို ထောင်ဒဏ် ကိုးလချမှတ်

**ဂျေရုဆလင် ဧပြီ ၂၅**

၂၀၁၄ ခုနှစ်က ပါလက်စတိုင်း ဆယ်ကျော်သက် တစ်ဦးကို သတ်ဖြတ်ခဲ့မှုဖြင့် အစ္စရေးရဲအရာရှိတစ်ဦးအား ဗုဒ္ဓဟူးနေ့တွင် အစ္စရေးတရားရုံးက ထောင်ဒဏ်ကိုးလ ချမှတ်လိုက်ကြောင်း သိရသည်။

**အမိန့်ချမှတ်ခဲ့**

အသက် ၂၄ နှစ်ရှိပြီဖြစ်သည့် အစ္စရေးရဲအရာရှိ ဘန်ဒါရီကို လူသတ်မှုကျူးလွန်ခဲ့မှုဖြင့်အပြစ်ရှိကြောင်း တရားရုံးကဆုံးဖြတ်ခဲ့ပြီး သတ်ဖြတ်ခံခဲ့ရသူအသက် ၁၇နှစ်ရှိ နာဒင်း နူဝါရာမိသားစုသို့ လျော်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၄၀၀၀ ( ရှီကယ် ၅၀၀၀၀) ကို ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။

နူဝါရာသည် ၂၀၁၄ခုနှစ် မေ၁၅ရက်က ရာမာလာတောင်ပိုင်းဘိတ်တူနီယာ၌ အစ္စရေးတပ်ဖွဲ့နှင့် ပါလက်စတိုင်းဆန္ဒပြသူများအကြား ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့မှုအတွင်း သေဆုံးခဲ့သည်။

**သေနတ်ဖြင့် ပစ်ခတ်**

အမေရိကန်အသံလွှင့်ဌာနက ရိုက်ကူးခဲ့သည့် ဗီဒီယိုမှတ်တမ်း၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့် ဧရိယာအတွင်း နယ်ခြားစောင့်ရဲအရာရှိ ခြောက်ဦးကိုတွေ့ရပြီး ၎င်းတို့ထဲမှတစ်ဦးသည် လူငယ်တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်လိုက်သည်ကို တွေ့ရသည်။

ပါလက်စတိုင်းနှင့်အစ္စရေးနိုင်ငံသားများက မေ၁၅ရက်တွင် နာကဘာအထိမ်းအမှတ်ပွဲတော်ကျင်းပရန် ပြင်ဆင်နေချိန်တွင် ရဲအရာရှိအား အစ္စရေးတရားရုံးက ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**






## အမေရိကန်နှင့်တောင်ကိုရီးယား ထိပ်သီးအစည်းအဝေး မေလတွင် ကျင်းပမည်

**ဆိုးလ် ဧပြီ ၂၅**

လာမည့်မေလလယ်လောက်တွင် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအာဏာပိုင်များက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် သမ္မတထရမ့်နှင့်တွေ့ဆုံရန် အမေရိကန်သို့သွားရောက်မည်ဟုခန့်မှန်းရသည်။ မွန်သည် အဆိုပါရက်သတ္တပတ်နှောင်းပိုင်းတွင် ထရမ့်နှင့် သီးခြားထိပ်သီးအစည်းအဝေးတစ်ရပ်ကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်ဟု သိရသည်။

လတ်တလောတွင် မွန်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့်တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ အမေရိကန်နှင့်တွေ့ဆုံဆွေးနွေးပွဲ၌ မွန်နှင့်ထရမ့်တို့သည် ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်တို့အကြား မျက်နှာချင်းဆိုင်ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှား၌ ရေနံတွင်းပေါက်ကွဲမှုကြောင့် ၁၅ ဦး သေဆုံး

**ဂျကာတာ ဧပြီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ အက်ချ်ပြည်နယ်ရှိ တရားမဝင် ရေနံတွင်းတစ်တွင်း မီးလောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၅ ဦး သေဆုံးပြီး အမြောက်အမြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မီးသတ်ကယ်ဆယ်ရေးသမားများသည် မီးငြိမ်းသတ်နိုင်ရေးအတွက် အပြင်းအထန်ကြိုးစားခဲ့ကြသည်။ တရားမဝင် ရေနံတွင်း မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်သည် မူလအရေအတွက်မှ ၁၅ ဦးအထိ မြင့်တက်လာကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ နောက်ထပ် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သည်ဟုလည်း သတိပေးထားသည်။



ရေနံတွင်း မီးလောင်မှုဖြစ်ရပ်မှ ပုံရိပ်များတွင် မီးတောက်များသည် လေထဲ၌ ပေပေါင်း၂၃၀ခန့်အထိ မြင့်တက်ခဲ့သည်။ မီးသတ်ကယ်ဆယ်ရေးသမားများသည် လူနေဧရိယာအတွင်း၌ နံနက် ၁ နာရီခွဲတွင် ရေနံယိုဖိတ်ရာမှ ဖြစ်ပွားခဲ့သည့် မီးတောက်များကို ငြိမ်းသတ်နိုင်ရန် အပြင်းအထန်ကြိုးစားခဲ့ကြသည်။ နေအိမ်အချို့တို့မှာလည်း မီးလောင်မှုကြောင့် ပျက်စီးသွားခဲ့သည်။

လက်ရှိအချိန်အထိ မီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ဒေသသဘာဝဘေးလျော့ပါးစေရေး စီမံခန့်ခွဲမှုအေဂျင်စီအကြီးအကဲ ဆာရာရီဇယ်က ပြောကြားခဲ့သည်။ အာဏာပိုင်များသည် မူလကသေဆုံးသူအရေအတွက် ၁၀ဦးရှိကြောင်း ပြောကြားခဲ့ပြီး ထိခိုက်ဒဏ်ရာအပြင်းအထန်ရရှိသူ အယောက် ၄၀ ကို ကုသနေရကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## အီဂျစ်၌ အဝေးပြေးလမ်းမပေါ်ဖြစ်ပွားသည့် ယာဉ်တိုက်မှုကြောင့် တရုတ်ခရီးသွားဧည့်သည် သုံးဦးသေဆုံး

**ကိုင်ရို ဧပြီ ၂၅**

အီဂျစ်နိုင်ငံမြောက်ပိုင်းရှိ ကိုင်ရို-အလက်ဇန်းဒရီးယား အဝေးပြေးလမ်းမပေါ်၌ အင်္ဂါနေ့က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည် သုံးဦးသေဆုံးခဲ့ပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ရှိတရုတ်သံရုံးက ဆင်ဟွာသတင်းသို့ ပြောကြားခဲ့သည်။

တရုတ်ခရီးသွားဧည့်သည် ၁၁ ဦးကိုတင်ဆောင်လာသည့် ခရီးသည်တင်ဗင်ကားတစ်စီးသည် အဝေးပြေးကားလမ်းပေါ်မောင်းနှင်လာစဉ် မတော်တဆဖြစ်ကာ ကားလမ်းဘေးရေမြောင်းထဲသို့ထိုးကျသွားခဲ့ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးညွှန်ကြားရေးမှူး ဂူအိုဟွာလောင်က ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံသား ဗင်ကားမောင်းသူနှင့် ဧည့်လမ်းညွှန်တို့မှာလည်း ယာဉ်မတော်တဆမှုအတွင်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ယင်းခရီးသွားအဖွဲ့သည် ရှန်ကျန်းအခြေစိုက်ခရီးသွားအေဂျင်စီက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးစဉ်တစ်ခုကို သွားလာနေကြသည့် အုပ်စုဖြစ်ကြောင်း ဂူအိုက ပြောသည်။

အလက်ဇန်းဒရီးယား အုပ်ချုပ်ရေးမှူး မိုဟာမက် စူလ်တန်က တရုတ်နိုင်ငံသား ၁၁ ဦးနှင့် အီဂျစ်နိုင်ငံသားနှစ်ဦး လိုက်ပါလာသည့် ဗင်ကားသည် အရှိန်လွန် မောင်းနှင်မှုကြောင့် ကိုင်ရို-အလက်ဇန်းဒရီးယားကန္တာရလမ်းပေါ်ရှိ အခြားဘတ်စ်ကားတစ်စီးကို တိုက်မိခဲ့ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆူလ်တန်ကငင်းသည် အလက်ဇန်းဒရီးယားရှိ တရုတ်ကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန် စူနန်ရှန်နှင့်အတူ လိုက်ပါလျက် အခင်းဖြစ်ပွားရာသို့ အလျင်အမြန်သွားရောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အမျိုးသမီးနှစ်ဦးနှင့်အမျိုးသားတစ်ဦးအပါအဝင် တရုတ်ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးဦးတို့သေဆုံးသွားခဲ့ကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။ အလက်ဇန်းဒရီးယား လုံခြုံရေးဌာနသည် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ထားပြီး ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ၌ ကာရာအိုကေဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ရာ သံသယရှိသူကို ဖမ်းဆီးထား

**ကွမ်တုံ ဧပြီ ၂၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ကာရာအိုကေခန်းတစ်ခု၌ မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦးသေဆုံးခဲ့ပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် ကာရာအိုကေခန်းကို မီးရှို့ရန် ကြိုးပမ်းခဲ့သည်ဟု သံသယရှိသည့် အသက် ၃၂ နှစ်အရွယ် အမျိုးသားအား ဖမ်းဆီးထားသည်။

အဆိုပါ မီးလောင်မှုသည် အင်္ဂါနေ့ ညသန်းခေါင် အချိန်ခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ကာရာအိုကေခန်း၌ မီးစတင်မလောင်ကျွမ်းမီတွင် စကားများရန်ဖြစ်ခဲ့သည်။ အမျိုးသား တစ်ဦးသည် ကာရာအိုကေခန်း၏ ဝင်ပေါက်ကို မော်တော်ဆိုင်ကယ်ဖြင့် ပိတ်ဆို့ခဲ့ပြီး မီးရှို့ကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် ၎င်းအမျိုးသားကို ဖမ်းဆီးနိုင်မည့် သတင်းပေးနိုင်သူအား ဒေါ်လာ ၃၀၀၀၀ ကို ဆုကြေးအဖြစ် ပေးရန် ကမ်းလှမ်းခဲ့သည်။ ထို့နောက် အဆိုပါအမျိုးသားအား မြို့တွင်း၌ အင်္ဂါနေ့ ညနေခင်း မတိုင်မီ ဖမ်းမိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### မိုက်ပွမ်ပီအိုအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် အဆိုပြုချက်ကို ဆီးနိတ်လွှတ်တော် အတည်ပြု

**ဝါရှင်တန် ဧပြီ ၂၅**

အမေရိကန်ဆီးနိတ်လွှတ်တော်ကော်မတီသည် စီအိုင်အေဒါရိုက်တာ မိုက်ပွမ်ပီအိုအား နိုင်ငံခြားရေးဝန်ကြီးခန့်အပ်ရန် အဆိုပြုထားမှုကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းအား နိုင်ငံခြားရေးဝန်ကြီးနေရာတွင် ခန့်အပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီသည် ပွမ်ပီအိုအား အဆိုပြုထားမှုကို တနင်္လာနေ့က အတည်ပြုခဲ့သည်။ ဆီးနိတ်လွှတ်တော်၌ နေရာအများစုကို ရရှိထားသည့် ရီပတ်ဘလစ်ကန်များသည် မိုက်ပွန်ပီအိုအား လက်နက်ဖြင့် ဖြေရှင်းရန် လိုလားသူ၊ ရန်လိုသူတစ်ဦးအဖြစ် ဖော်ပြကာ ဒီမိုကရက်တစ်ပါတီဝင်များက ကန့်ကွက်ဆန့်ကျင်မှုကို ကျော်လွှားနိုင်ခဲ့သည်။

ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော် အမတ်တစ်ဦးသည် မူလက ပွမ်ပီအိုအား ကန့်ကွက်ဆန့်ကျင်သည့် အသံထွက်ခဲ့သော်လည်း နောက်ဆုံးတွင် ထရန့်က ၎င်းအား ဖျောင်းဖျပြောဆိုနိုင်ခဲ့ပြီး နောက်တွင် စီအိုင်အေဒါရိုက်တာအား ပြန်လည်ထောက်ခံမှုပေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စစ်မီးတွေနဲ့ မငြိမ်းချမ်းသေးတဲ့ ယီမင်

**တင်လင်းအောင်**



ထရန့်အစိုးရဟာ ယီမင်မှာ ဖြစ်ပွားနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာနားလည်မှုဆိုင်ရာ အကြမ်းဖက်ဖြစ်စဉ်တွေမှာ ကာလရှည်ကြာ ဖိအားပေးမှုတွေ ရှိနေခဲ့ပါတယ်။ ထို့အပြင် ဟူသီအကြမ်းဖက်သမားတွေကို တာလတ်ပစ်ဒုံးကျည်တွေ၊ အခြားစစ်လက်နက်တွေနဲ့ ထောက်ပံ့မှုတွေ လုပ်ဆောင်နေတယ်လို့ အီရန်ကိုလည်း မကြာသေးမီက စွပ်စွဲလိုက်ပါတယ်။

### တစ်ပူပေါ် နှစ်ပူဆင့်

အရင်ထဲကမှ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာနားလည်မှုဆိုင်ရာ ဘေးဒုက္ခတွေ ခံစားနေရလို့ ငတ်မွတ်ခြင်းကပ်ကြီး ဆိုက်ကပ်နေရုံတင်မက ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ခံစားနေရလို့ ဝမ်းနည်းမှုတွေ၊ ပူဆွေးမှုတွေ၊ ယူကျုံးမရမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ယီမင်ဟာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဗုံးကြဲတိုက်ခိုက်မှုတွေနဲ့လည်း နေ့စဉ်ရက်ဆက် လုံးထွေးနေရပါတယ်။ အဲဒီအချက်တွေကလည်း အရပ်သားသေဆုံးမှုတွေကို ပိုမိုဆိုးရွားစွာ ဖြစ်စေခဲ့ပါတယ်။ အပစ်ရပ်သဘောတူညီမှုလုပ်လည်း ခဏတာပါပဲ။ ငြိမ်းချမ်းရေးကို မထိန်းထားနိုင်ပါဘူး။ အဲဒါတွေ ပေါင်းစုပြီး အကြောင်းပြုလိုက်တော့ နောက်ဆုံးမှာ ယီမင်ဟာ စစ်မီးတွေ တောက်လောင်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့တာပါပဲ။

ဟူသီအဖွဲ့က နိုင်ငံတောင်ပိုင်းရှိ အစိုးရတပ်ဖွဲ့ကို ထောက်ခံပေးနေတဲ့ ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့ကို ဖက်ပြိုင်အန်တုတိုက်ခိုက်နေတဲ့ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောနေတဲ့ ကမ္ဘာ့အဆိုးဆုံး လူသားချင်းစာနာနားလည်မှုဆိုင်ရာ ဘေးဒုက္ခကြီးပဲ ဖြစ်ပါတယ်။

အနောက်အုပ်စုက လက်နက်နဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေ ပေးမှုကြောင့် ဖြစ်ပွားတဲ့ ဒေသတွင်း အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အီရန်နဲ့ ဆော်ဒီအာရေဗျတို့ရဲ့ စစ်ပွဲဟာ လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့သလို လူဦးရေ နှစ်သန်းကျော် ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရပါတယ်။

### ဒုက္ခပင်လယ်ဝေနေတဲ့ ယီမင်

လတ်တလောမှာ ယီမင်ရှိ တစ်သန်းနီးပါးရှိတဲ့ ပြည်သူတွေဟာ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကို အလူးအလဲ ခံစားနေကြရပါတယ်။ ထို့အတူ ပါတီအချင်းချင်းတွေကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် အစားအစာ ထောက်ပံ့ရေး လမ်းကြောင်းများလည်း တားဆီးပိတ်ဆို့ခြင်း ခံထားရကြောင်း သိရပါတယ်။

အီရန်အနေနဲ့ကလည်း ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ပေးနေမှုတွေကို သက်သေမပြနိုင်ခဲ့ပါဘူး။ အကယ်၍ အဲဒီကိစ္စသာ တကယ်မှန်ခဲ့မယ်ဆိုပါက အီရန်ဟာ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်မှာ ဖြစ်ပါတယ်။ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မှာ ဘာပါလဲဆိုရင် တခြားနိုင်ငံတစ်နိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်မပါဘဲ လက်နက်တွေ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း မပြုရေးတို့ ပါဝင်ပါတယ်။ ဆိုခဲ့သလို အီရန်အနေနဲ့ ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ခဲ့တယ်ဆိုပါက အဲဒါဟာ ယီမင်မှာဖြစ်တဲ့ တိုက်ပွဲတွေကို ပိုမိုပြင်းထန်စေမှာဖြစ်သလို ဆွန်နီမူဆလင်နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဗျနဲ့ ရှီးယိုက်မူဆလင်တွေ ဦးဆောင်တဲ့ အီရန်တို့ဟာ နိုင်ငံအချင်းချင်း ပဋိပက္ခတွေ ဖြစ်ပွားလာမှာ မလွဲပါဘူး။

### စစ်လက်နက်တွေ ထောက်ပံ့နေ

အမေရိကန်ပြည်ထောင်စုဟာ အာရပ်စော်ဘွားများပြည်ထောင်စုနဲ့ အခြားပါရှန်းပင်လယ်ကွေ့နိုင်ငံတွေ အပါအဝင် ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေကို ပစ်မလွဲပစ်ခတ်နိုင်တဲ့ စစ်လက်နက်တွေ၊ လျှို့ဝှက်သတင်းအချက်အလက်တွေနဲ့ အခြားဟာတွေအပါအဝင် ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။

မကြာသေးမီက ဝါရှင်တန်အနီး စစ်အခြေစိုက်စခန်းမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အမေရိကန်၏ ပါဝင်မှုကို မသိကျိုးကျွန်ပြုခဲ့ပါတယ်။

ခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေကတော့ ပင်တဂွန်အရာရှိတွေ ပြောပြောနေတဲ့ အီရန်လုပ်ဒုံးကျည်တွေပဲ ဖြစ်ပါတယ်။ အဲဒီထဲကတစ်ခုကတော့ လွန်ခဲ့တဲ့လက ဆော်ဒီနိုင်ငံ ရီယာ့ဒ်လေဆိပ်ကို ဟူသီတို့ လှမ်းပစ်လိုက်တယ်လို့ စွပ်စွဲမှုတွေ ပြုလုပ်ထားတဲ့ ဒုံးကျည်တစ်လုံးပဲ ဖြစ်ပါတယ်။

### အီရန်ကို ဒဏ်ခတ်ချင်

ယီမင်စစ်ပွဲမှာ ဆော်ဒီ-အမေရိကန် ပူးပေါင်းမှုတွေ လုပ်နေတယ်ဆိုတဲ့ စကားရပ်ကိုတော့ အတိအလင်းပြောလို့ မရပါဘူး။ သတင်းထောက်တွေရဲ့ အခြေခံမေးခွန်းတွေကို တုံ့ပြန်ဖြေကြားမှုတွေ လုပ်တဲ့အခါ ဒီဒုံးကျည်တွေဟာ ဘယ်ကလဲဆိုတာကို တိတိကျကျဖော်ပြပြောဆိုနိုင်ခဲ့တာ မတွေ့ရပါဘူး။ အခုလို စစ်လက်နက်ပစ္စည်းတွေ ပြသထားခြင်းရဲ့ရည်ရွယ်ချက်ကတော့ ဒေသတွင်း မတည်မငြိမ်ဖြစ်မှုမှာ တာဝန်ရှိတဲ့ အီရန်ကို ဒဏ်ခတ်ချင်တဲ့ ရည်ရွယ်ချက်ကြောင့်လားဆိုတာတော့ မသိနိုင်သေးပါဘူး။

အခုလိုလုပ်ဆောင်ချက်ကို ကြည့်မယ်ဆိုရင် လုံခြုံရေးကောင်စီကို တင်ပြခဲ့တဲ့ ၂၀၀၃ ခုနှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ရဲ့ အီရတ်ကို ဆန့်ကျင်စစ်ပွဲပြုမယ်ဆိုတဲ့ ဖြစ်ရပ်နဲ့ ဆင်တူယိုးမှားဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလို လုံခြုံရေးကောင်စီကို တင်ပြခဲ့တဲ့ ဖြစ်ရပ်မှာ ကောလင်းပါဝဲလ်က အီရတ်ကို စစ်လက်နက်အမြောက်အမြား သိုဝှက်ထားတယ်လို့ စွပ်စွဲခဲ့ပါတယ်။

### ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်

ဟူသီတို့ကို သနားကရုဏာသက်နေတဲ့ အီရန်ဟာ ၂၀၁၅ ခုနှစ်ကတည်းက ၎င်းတို့ကို ကန့်သတ်ထောက်ပံ့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆော်ဒီအာရေဗျကလည်း အီရန်ရဲ့ လွှမ်းမိုးမှုကို စိုးရွံ့တဲ့အတွက် ဖြစ်ရပ်တိုင်းကို စစ်ဆေးမှုတွေ၊ ပိတ်ဆို့မှုတွေ လုပ်လာပါတော့တယ်။

ဆော်ဒီတို့ရဲ့အကြိမ် ၁၅၀၀၀ ကျော်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သားထောင်ပေါင်းများစွာ သေဆုံးခဲ့သလို ယီမင်တို့ရဲ့ပြန်လည်တိုက်ခိုက်ခြင်းကလည်း စစ်ပွဲအသွင်ဆောင်လာပါတော့တယ်။ ယီမင်က အခြေခံလိုအပ်ချက်တွေများလေလေ၊ ဆော်ဒီကလည်း အဲဒီလိုအပ်ချက်တွေ ယီမင်ကိုမရောက်ရေး နည်းအမျိုးမျိုးနဲ့ တားဆီးမှုတွေ လုပ်လာလေလေဖြစ်ပါတယ်။

### ဟူသီကို နှိမ်နင်းဖို့ မတတ်နိုင်

ဒီအချက်တွေအပြင် မြို့တော်ဆာနားကို ထိန်းချုပ်ထားတဲ့ ဟူသီတို့ကို နှိမ်နင်းဖို့လည်း ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့က မတတ်နိုင်ခဲ့ပါဘူး။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေ၊ သူ့ရဲ့တူဖြစ်သူ တာရက်ခ်၊ ဆွေမျိုးတွေနဲ့ ဆာလေပါတီအထွေထွေအတွင်းရေးမှူးတို့ကို ဟူသီသူပုန်တို့က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ သတင်းကို သတင်းမီဒီယာတွေမှာ လွန်ခဲ့တဲ့လအတော်ကြာက ဖော်ပြခဲ့ကြပါတယ်။ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေနဲ့ သူ့ရဲ့ ပါတီလက်ထောက်အတွင်းရေးမှူး ယာဇာအယ်လ်အာဝါဒီတို့ဟာ ဆာနားမြို့ အစွန်အဖျား အရှေ့တောင်ဘက်ရှိ ခွာလန်ခရိုင်ကို ဖြတ်ကာ ဆော်ဒီကျောထောက်နောက်ခံအစိုးရ ထိန်းချုပ်ထားတဲ့ မာရစ်ဘ်ပြည်နယ်ဘက်သို့ ထွက်ပြေးရန် ကြိုးစားနေချိန်မှာပဲ ဟူသီသူပုန်တို့က သတ်ဖြတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပဲ ဆာလေပါတီ အထွေထွေအတွင်းရေးမှူး ဖြစ်တဲ့ အာရစ်ဖ်အယ်လ်ဇူကလည်း ဆာနားမြို့မှာပဲ အသတ်ခံခဲ့ရပါတယ်။ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေရဲ့တူဖြစ်သူ တာရက်ခ်ကတော့ မြို့တော်ဆာနား ဟက်ဒက်ရပ်ကွက်မှာရှိတဲ့ သူ့ရဲ့ အိမ်မှာ သတ်ဖြတ်ခံလိုက်ရတာပါ။

မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာ အတော်များများကို ထိန်းချုပ်နိုင်ဖို့ ဟူသီသူပုန်တို့က နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျ ညွန့်ပေါင်းအဖွဲ့ဟာ ဟူသီတို့ကို နှိမ်နင်းဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့သလို အခုဆိုရင် ဟူသီတို့ဟာ ယီမင်မှာ ပိုမိုတန်ခိုးထွားလာကြပါတယ်။ ယီမင်ဟာ အခုဆိုရင်တော့ အရှေ့အလယ်ပိုင်းမှာ အလွန်ဆိုးရွားတဲ့၊ ဒုက္ခပင်လယ်ဝေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါပြီ။

### ကပ်ဆိုးကြီးကို မျက်ကွယ်ပြုနေသလား

အမေရိကန်သမ္မတ ထရန့်ဟာ ဆော်ဒီခေါင်းဆောင်မှုအသစ်နဲ့ နီးကပ်သောဆက်ဆံရေးကို တည်ထောင်ရန် စိတ်အားထက်သန်လျက်ရှိခြင်းဟာ ယီမင်နိုင်ငံရဲ့ လူသားချင်းစာနာနားလည်မှုဆိုင်ရာ ကပ်ဆိုးကြီးကို မျက်ကွယ်ပြုရာ ရောက်သလိုပါပဲ။ သမ္မတထရန့်ရဲ့လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ဆီးနိတ်အဖွဲ့ဝင်တွေဟာ သဘောမကျကြပါဘူး။ ဆီးနိတ်အဖွဲ့ဝင်တွေဟာ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေကို ယီမင်မှာ ကပ်ဆိုးကြီးတားဆီးနိုင်ဖို့အတွက် ရီယာ့ဒ်ကို ဝိုင်းဝန်းဖျောင်းဖျပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်။

ယီမင်ကို လူသားချင်းစာနာနားလည်မှုဆိုင်ရာ အကူအညီတွေ မရောက်ရှိအောင် ပိတ်ဆို့တဲ့အတွက် ဆော်ဒီဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို ချိုးဖောက်သလို ဖြစ်ခဲ့ပါတယ်။ ထို့အပြင် လူ့အခွင့်အရေးအဖွဲ့တွေဟာ ယီမင်အရေးမှာ တိုက်ရိုက်ပါဝင်နေတဲ့ ဆော်ဒီသရဖူဆောင်းမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ကို အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ပေးဖို့ ကုလသမဂ္ဂကို တောင်းဆိုခဲ့ပါတယ်။

### ယီမင်အရေး ဖြေရှင်းဖို့မလွယ်

ကာလရှည်ကြာ ဖြစ်ပွားနေတဲ့ ယီမင်အရေးဖြေရှင်းဖို့ရာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ သတ်မှတ်ထားတာထက် ပိုကြာဖို့ပဲရှိပါတယ်။ ဆော်ဒီကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ယီမင်ပြည်သူတွေဆီ ရောက်အောင် ပိတ်ဆို့မှုတွေကို ခဏတာဖွင့်ပေးခြင်းမျိုး မဟုတ်ဘဲ အစဉ်အမြဲဖွင့်ပေးရမှာဖြစ်သလို ဟူသီနဲ့ အီရန်တို့ကလည်း အပစ်ရပ်စဲရေးကို ဖော်ဆောင်ရမှာပါ။ ထို့အတူ ဆော်ဒီကိုလည်း အမေရိကန်က ယီမင်အရေး စိတ်အေးအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ခြင်းအားဖြင့် အပြစ်မဲ့ယီမင်ပြည်သူတွေကို ဘေးဒုက္ခအပေါင်းမှ ကယ်တင်ရမှာဖြစ်သလို ယီမင်ရဲ့စစ်မီးတွေကိုလည်း ငြိမ်းသတ်နိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား- သည်နယူးယောက်တိုင်းမ်**

**“သမ္မတထရန့်ရဲ့လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ဆီးနိတ်အဖွဲ့ဝင်တွေဟာ သဘောမကျကြပါဘူး။ ဆီးနိတ်အဖွဲ့ဝင်တွေဟာ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေကို ယီမင်မှာ ကပ်ဆိုးကြီးတားဆီးနိုင်ဖို့အတွက် ရီယာ့ဒ်ကို ဝိုင်းဝန်းဖျောင်းဖျပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်”**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်၊

(ခ) **ဗဟိုကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်၊

(ဂ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည်၊

(ဃ) **မြို့နယ်အသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ပုဒ်မ ၁၄ ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသည့် အဖွဲ့ကိုဆိုသည်၊

(င) **မြို့နယ်အသင်း**ဆိုသည်မှာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကိုဆိုသည်၊

(စ) **အသင်းခွဲ**ဆိုသည်မှာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ခွဲကို ဆိုသည်၊

(ဆ) **ဂုဏ်ထူးဆောင်အသင်းသား**ဆိုသည်မှာ ပုဒ်မ ၁၀ အရ ဂုဏ်ထူးဆောင် နာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူကို ဆိုသည်၊

(ဇ) **အသင်းသား**ဆိုသည်မှာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အသင်းသားများကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု အဖြစ်ဖွဲ့စည်းရန်၊

(ခ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့်အသင်းခွဲ များအား မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးအခြေခံပညာ ရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊

(ဂ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့်အသင်းခွဲ များအား ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူ အညီများပေးရန်၊

(ဃ) မိသားစုများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(င) မြို့နယ်အသင်းများနှင့် အသင်းခွဲများအချင်းချင်း ပူးပေါင်းဆောင်ရွက် ရမည့်လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(စ) မိခင်၊ ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း(၃)
## ဖွဲ့စည်းခြင်း

၄။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊

(ခ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ဂ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာမြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်း ဖြစ်သည်။

၇။ ဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) ပြည်ထောင်စုအစိုးရအဖွဲ့ကခန့်ထားသောပုဂ္ဂိုလ် | ၁ ဦး | ဥက္ကဋ္ဌ |
| (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကခန့်ထားသောပုဂ္ဂိုလ် | ၁၄ ဦး | အဖွဲ့ဝင် |
| (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှဥက္ကဋ္ဌ | ၁၄ ဦး | အဖွဲ့ဝင် |
| (ဃ) နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ | ၁ ဦး | အဖွဲ့ဝင် |
| (င) စေတနာ့ဝန်ထမ်းလုပ်ငန်းကိုစိတ်ပါဝင်စားသူ | ၅ ဦး | အဖွဲ့ဝင် |

၈။ ဗဟိုကောင်စီတွင်ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့ထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်းလည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနစ်ဦးသည် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဂုဏ်ထူးဆောင်နာယကများကို သတ်မှတ်ခြင်း နှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။

၁၁။ ဗဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည် ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးကို ခေါ်ယူကျင်းပ ပေးရမည်။

၁၃။ (က) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည်-

(၁) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ် လောင်းအဖြစ် မြို့နယ်အသင်းအလုပ်အမှုဆောင် ကြီးကြပ်မှု ကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့် ရွေးချယ် သည့် ကိုယ်စားလှယ်တစ်ဦး၊

(၂) ပုဒ်မခွဲငယ်(၁) အရ မြို့နယ်အလိုက် ရွေးချယ်သည့် ကိုယ်စားလှယ် လောင်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး ၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင် တစ်ဦး စုစုပေါင်း ငါးဦး ပါဝင် သော နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရ မည်။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ဗဟိုကောင်စီဝင်ဖြစ်သည်။

(ခ) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ် အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည် -

(၁) ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှု ဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်း အလုပ်အမှု ဆောင်ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့်ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ခရိုင် ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ် များ၊

(၂) နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှု ဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

၁၄။ (က) အသင်းသားများထဲမှ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် မြို့နယ်အသင်းအလုပ်အမှုဆောင် ဖွဲ့စည်းရေး ကြီးကြပ် မှုကော်မတီကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အများပြည်သူ ကြည်ညို လေးစားခြင်းခံရသည့် အောက်ပါပုဂ္ဂိုလ် (၅) ဦး ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) အငြိမ်းစားကျန်းမာရေးဝန်ထမ်း | (၁)ဦး |
| (၂) အငြိမ်းစားပညာရေးဝန်ထမ်း | (၁)ဦး |
| (၃) စီးပွားရေးလုပ်ငန်းရှင် | (၁)ဦး |
| (၄) ပရဟိတလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေသူ | (၁)ဦး |
| (၅) မိခင်နှင့်ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူ | (၁)ဦး |

(ခ) မြို့နယ်အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီသည် မြို့နယ် အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားများထဲမှ -

(၁) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ် လောင်းတစ်ဦး၏ အမည်စာရင်းကိုလည်းကောင်း၊

(၂) ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကိုလည်းကောင်း၊

(၃) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှု ဆောင်အဖွဲ့ အတွက် အဖွဲ့ဝင် ၇ ဦးကိုလည်းကောင်း မဲစနစ်ဖြင့် ရွေးချယ်ရမည်။

(ဂ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အနက်မှ အမှု ဆောင်အဖွဲ့ဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက်ရမည်။

(ဃ) မြို့နယ်အသင်း၏အသင်းသားများသည် မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း အမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၅။ (က) မြို့နယ်အသင်း၏ သက်ဆိုင်ရာအသင်းခွဲတွင်ပါဝင်သော အသင်းသား များသည် အသင်းခွဲနှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် မိမိတို့အနက်မှ အသင်းခွဲအမှုဆောင်အဖြစ် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်(၇)ဦးကို မြို့နယ်အလုပ်အမှုဆောင်/မြို့နယ် အသင်းဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွေးချယ် တင်မြှောက်ရမည်။

(ခ) အသင်းခွဲအမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ခုနစ်ဦး ပါဝင်စေရမည်။

(ဂ) အသင်းခွဲ၏ အသင်းသားများသည် အသင်းခွဲနှစ်ပတ်လည်အစည်း အဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် အသင်းခွဲအမှုဆောင်အဖွဲ့ဝင် များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေး လုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၆။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ဗဟိုကောင်စီ စတင်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။ ယင်း အစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင် နေရာများကို အစားထိုးရွေးချယ် ခန့်ထားနိုင်သည်။

၁၈။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့များသည် သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၄)
## အသင်းသားဖြစ်ခြင်း၊အသင်းသားအဖြစ်မှရပ်စဲခြင်း

၁၉။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတွင် အောက်ပါအတိုင်း အသင်းသား အမျိုးအစားများခွဲခြားသတ်မှတ်ထားရှိသည်-

(က) ဂုဏ်ထူးဆောင်အသင်းသား၊

(ခ) အသင်းသား။

၂၀။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြား မှုမရှိစေဘဲ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ် ပါဝင်ရန် လျှောက်ထားနိုင်သည်-

(က) အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) ရူးသွပ်သူမဟုတ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ဝင်ကြေး၊ နှစ်စဉ်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း။

၂၁။ အသင်းသားအဖြစ် လက်ခံခြင်း၊ ဝင်ကြေး၊ နှစ်စဉ်ကြေးတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၃၀)

သိပ္ပံစာရေးဆရာကိုကိုအောင်



### မျိုးသုဉ်းပျောက်ကွယ်မှုကြီးများ

ဒုတိယအကြိမ် မျိုးသုဉ်းပျောက်ကွယ်မှုကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၁၆ မှ ၃၅၉ အတွင်း၌ ဖြစ်ပေါ်ခဲ့သည်။ ဒီဗိုနီယန်ကာလ (Debvonian Period) ဟု အမည်ပေးထားသော ထိုအချိန်ကာလက အပင်နှင့် သတ္တဝါတို့သည် ရေထဲ၌သာမက ကုန်းမြေပေါ်၌ပါ ရှင်သန်နေထိုင်နိုင်ကြပြီ ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကြီးအကျယ်ဖြစ်ပေါ်ပြီး ကမ္ဘာ့ တောင်ဘက်ခြမ်းတွင် ရေခဲများ ဖုံးလွှမ်းလာသောကြောင့် ဆီဖာလိုပေါ့ဒ် (Cephalopods) သတ္တဝါမျိုးစိတ် ၈၂ ရာခိုင်နှုန်းတို့ မျိုးသုဉ်း ပျောက်ကွယ်သွားခဲ့ကြသည်။ မျိုးသုဉ်းသွားခဲ့သော သတ္တဝါများထဲတွင် ပြည်ကြီးငါးနှင့်ရောဘဝစသော ခရုမျိုးနွယ်များနှင့် သန္တာကျောက်တန်းကို တည်ဆောက်သော ကျောရိုးမဲ့ရေသတ္တဝါများ အများအပြားပါဝင်သွားခဲ့ကြသည်။

ပါမီယန်ကာလ(Permian Period)ဟု ခေါ်ဆိုသော လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၉၉ မှ ၂၅၁ ကာလအတွင်းက တတိယအကြိမ်မြောက် မျိုးသုဉ်းပျောက်ကွယ်မှုကြီး ဖြစ်ပေါ်ခဲ့သည်။ ထိုကာလအတွင်းက ပင်လယ်သတ္တဝါမျိုးစိတ် ၉၆ ရာခိုင်နှုန်းနှင့် ကုန်းသတ္တဝါမျိုးစိတ် ၇၀ ရာခိုင်နှုန်းတို့ မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြသည်။

ထိုစဉ်ကာလက ဆိုက်ဘေးရီးယားဒေသရှိ မီးတောင်ကြီးများ အတွဲအစုလိုက် ပေါက်ကွဲကာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အများအပြားကို ထုတ်လွှတ်ခဲ့မှုကြောင့် ကမ္ဘာကြီးက သိသာစွာပူလာပြီး ပင်လယ်နှင့်သမုဒ္ဒရာရေများလည်း အပူချိန်မြင့်တက်ခဲ့သည်။ သမုဒ္ဒရာကြမ်းပြင်မှ ရေအောင်းဒြပ် (Hydrates) တို့က မီသိန်းဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် သမုဒ္ဒရာရေနက်ပိုင်းတွင် အောက်ဆီဂျင်ဓာတ်ငွေ့များ လျော့နည်းသွားခဲ့သည်။

ထိုကဲ့သို့ ယိုယွင်းလာသော အခြေအနေများကြောင့် ဘက်တီးရီးယားများသည် ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ် ပမာဏများစွာကို ထုတ်လွှတ်ခဲ့ကြပြီး လေထု၏ဖွဲ့စည်းမှုကိုပါ ပျက်ယွင်းသွားစေခဲ့သည်။ လေထုထဲ၌ အောက်ဆီဂျင်ဓာတ်ငွေ့ပါဝင်နှုန်းသည် ပုံမှန်ရှိရမည့် ၂၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ကျဆင်း သွားမှုကြောင့် ကုန်းနေရေနေသတ္တဝါ ရာခိုင်နှုန်းအများစုတို့ မျိုးသုဉ်း ပျောက်ကွယ်သွားခဲ့ကြရုံမျှမက မြေဆီလွှာပျက်သုဉ်းကာ အပင်အများအပြားတို့ပါ သေဆုံးသွားခဲ့ကြသည်။

စတုတ္ထ မျိုးသုဉ်းပျောက်ကွယ်မှုကြီးကမူ လွန်ခဲ့သော နှစ်သန်းပေါင်း ၂၅၀ မှ ၂၀၀ အတွင်း၌ ဖြစ်ပေါ်ခဲ့သည်။ ထရိုင်ရက်စစ်ကာလ (Triassic Period) ဟု ခေါ်ဆိုသော ထိုခေတ်ကာလ၏ မျိုးသုဉ်းပျောက်ကွယ်မှုကြီးတွင် သက်ရှိမျိုးစိတ်တို့၏ ၇၆ ရာခိုင်နှုန်း ပျောက်ကွယ်သွားခဲ့သည်။ ကိုနိုဒွန့် (Conodonts) ဟုခေါ်သော ငါးနှင့်ဆင်တူသည့် သတ္တဝါများအပါအဝင် ရေနေတွားသွားသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်း သတ္တဝါများ၊ ကုန်းနေတွားသွားသတ္တဝါများ အများအပြားပါဝင်သွားခဲ့သည်။ ဒိုင်နိုဆောသတ္တဝါများသည် စတုတ္ထ မျိုးသုဉ်းပျောက်ကွယ်မှုကို ကျော်လွှားနိုင်ခဲ့ပြီး ဤမြေကမ္ဘာကြီးကို နောက်ထပ် နှစ်သန်းပေါင်း ၁၄၀ ကြာအောင် လွှမ်းမိုးထားနိုင်ခဲ့သည်။

### ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း

ဒိုင်နိုဆောများသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၄၅ မှ ၆၅ အတွင်းဖြစ်ခဲ့သော ပဉ္စမ မျိုးသုဉ်းပျောက်ကွယ်မှုကြီး၏ နှောင်းပိုင်းကာလတွင် ပါဝင်သွားခဲ့သည်။ အာကာသထဲမှ အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်တစ်ခုက ကမ္ဘာမြေကြီးကို ဝင်တိုက်မိရာမှ ဖုန်မှုန့်တိမ်တိုက်ကြီးများ ဖြစ်ပေါ်ကာ နေရောင်ကို ကာရံတားဆီးထားခဲ့သောကြောင့် အလင်းဖွဲ့အစာချက်ဖြစ်စဉ်ဖြင့် ရှင်သန်ကြရသည့် အပင်များအားလုံး သေဆုံးပျက်သုဉ်းသွားခဲ့သည်။ ထိုဖြစ်စဉ်သည် အပင်စားသတ္တဝါ မျိုးစိတ်များစွာကို ပျောက်ကွယ်သွားစေခဲ့သလို... တစ်ဆက်တည်းအားဖြင့် အသားစားသတ္တဝါနှင့် အစုံစားသတ္တဝါများစွာတို့ကိုပါ ထပ်ဆင့် ပျောက်ကွယ်သွားစေခဲ့သည်။

မက္ကဆီကိုနိုင်ငံ ယူကတန်ကျွန်းဆွယ်တွင် ကီလိုမီတာ ၂၀၀ ကျယ်ဝန်းသော ရောမကျင်းကြီးတစ်ခု ယနေ့ထိတိုင်ရှိနေပြီး ထိုကျင်းကြီး၏ အနည်ကျအလွှာတွင် အီရီဒီယမ်ဓာတ်ကို သုတေသီတို့က ရှာဖွေတွေ့ရှိခဲ့သည်။ အီရီဒီယမ်ဓာတ်သည် ဂြိုဟ်သိမ်များတွင် သဘာဝအလျောက် ဖွဲ့စည်းတည်ရှိနေသော ဓာတ်ပစ္စည်း ဖြစ်သောကြောင့် ယူကတန်ကျွန်းဆွယ်ပေါ်တွင် ရောမဂြိုဟ်သိမ်ကြီး ကျရောက်ခဲ့သည်ကို သက်သေ ထူနိုင်ခဲ့သည်။ ပဉ္စမ မျိုးသုဉ်းပျောက်ကွယ်မှုကြီးတွင် ဒိုင်နိုဆောများအပါအဝင် သတ္တဝါမျိုးစိတ်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းမှာ ဤကမ္ဘာမြေပေါ်မှ အပြီးတိုင် ကွယ်ပျောက်သွားခဲ့သည်။

ဆဋ္ဌမ မျိုးသုဉ်းပျောက်ကွယ်မှုကြီးဟု ဆိုရမည်ဖြစ်သော မျက်မှောက်ကာလ၏ မျိုးသုဉ်းပျောက်ကွယ် နေမှုသည် သက်ရှိကမ္ဘာ၏ မျိုးသုဉ်းမှုများထဲတွင် အဆိုးရွားဆုံးနှင့် ထိတ်လန့်တုန်လှုပ်ဖွယ် အကောင်းဆုံးပင် ဖြစ်သည်။ ပစ္စုပ္ပန်ကာလတွင် ပျမ်းမျှအားဖြင့် အချိန်တစ်နာရီတိုင်း၌ မျိုးစိတ် သုံးခု ပျက်သုဉ်းပျောက်ကွယ် လျက်ရှိနေသည်။ တစ်နည်းဆိုရသော် တစ်နှစ်တာကာလအတွင်း၌ မျိုးစိတ်ပေါင်း ၂၇၀၀၀ မျှ ပျက်သုဉ်း ပျောက်ကွယ်လျက် ရှိနေကြသည်။

သိပ္ပံသုတေသီတို့က ဤမြေကမ္ဘာပေါ်တွင် မျိုးစိတ်စုစုပေါင်း ၁၀ သန်း မှ ၁၃ သန်းအကြား မျိုးသုဉ်း ပျောက်ကွယ်သွားခဲ့ကြပြီဟု ခန့်မှန်းထားခဲ့ကြသည်။ ကျယ်ပြန့်နက်ရှိုင်းလှသော ဤမြေကမ္ဘာကြီးတွင် မျိုးစိတ်ပေါင်းမည်မျှရှိနေသည်... မည်မျှပျောက်ကွယ်သွားခဲ့ပြီကို မည်သူကမျှ တပ်အပ်သေချာမပြောနိုင်ပေ။ သုတေသီတို့က ရှာဖွေဖော်ထုတ်ထားပြီးဖြစ်သည့် အပင်နှင့်သတ္တဝါမျိုးစိတ် ၁ ဒသမ ၇၅ သန်းဟူသော ကိန်းဂဏန်းသည်ပင်လျှင် ဤမြေကမ္ဘာကြီးပေါ်၌ အမှန်တကယ်ရှိနေသည့် ပမာဏထက် များစွာ လျော့နည်းနိုင်သေးသည်။

### လက်ရှိအချိန် မျိုးသုဉ်းပျောက်ကွယ်မှုကြီး၏ လက်သည်တရားခံ

ဤမြေကမ္ဘာကြီးကို လွှမ်းမိုးခဲ့သော ဒိုင်နိုဆောသတ္တဝါကြီးများ မပျောက်ကွယ်မီက လူသားတို့၏ ရှေးအဆက်အနွယ်များဖြစ်ကြသည့် နို့တိုက်သတ္တဝါများသည် ဒိုင်နိုဆောများကို ကြောက်ရသည့်အတွက် ညအချိန်၌သာ အစာရှာထွက်နိုင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းက ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြပြီး ထိုကာလနောက်ပိုင်းတွင် နို့တိုက်သတ္တဝါတို့က ကမ္ဘာကြီးကို လွှမ်းမိုး ချုပ်ကိုင် လာခဲ့ကြသည်။ ပစ္စုပ္ပန် မျိုးသုဉ်းပျောက်ကွယ်မှုကြီး၏ လက်သည်တရားခံမှာ အဆင့်အမြင့်ဆုံးသော နို့တိုက် သတ္တဝါများဟု ကိုယ့်ကိုယ်ကိုယ် အမွှမ်းတင်ကြွေးကြော်နေကြသည့် လူသားများပင်ဖြစ်ကြသည်။ အခြေခံအားဖြင့် စား၊ ဝတ်၊ နေဟူသော အရေးသုံးပါးကို နိစ္စဓူဝ ဖြေရှင်းနိုင်ရန်အတွက် လူသားတို့သည် ဇီဝမျိုးစိတ်ပေါင်း ၄၀၀၀၀ ခန့်ကို မှီခိုအားထား အသုံးပြုနေကြရသည်။

လွန်ခဲ့သော နှစ် ၁၀၀၀၀ ခန့်ကာလမှစတင်ခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဤမြေကမ္ဘာကြီး၏ ဂေဟစနစ်သည် စတင်၍ အသွင်ပြောင်းသွားခဲ့သည်။ အလားတူပင် စက်မှုလုပ်ငန်းများက စွန့်ထုတ်လိုက်သော ဓာတုအဆိပ်များသည် သဲကန္တာရများမှ သမုဒ္ဒရာကြမ်းပြင်များထိတိုင် တစ်နံတစ်လျား ကျယ်ပြန့်စွာ ရှိနေသော ဂေဟစနစ်ကို ဖျက်ဆီးပစ်ခဲ့သည်။ ထို့အတူ အပူနှင့်စွမ်းအင်အတွက် နေ့စဉ်သုံးစွဲနေကြသော လောင်စာများကြောင့် ဖန်လုံအိမ်အာနိသင် မြင့်တက်လာပြီး ကမ္ဘာကြီးကို ပိုမိုပူပြင်းလာစေသည်။ ရေခဲတောင်များ အရည်ပျော်လာပြီး ပင်လယ်နှင့်သမုဒ္ဒရာ ရေမျက်နှာပြင်များ မြင့်တက်လာသလို ဂေဟစနစ်များနှင့် ကျက်စားဒေသများကိုပါ ပျက်စီး ပျောက်ကွယ်သွားစေခဲ့သည်။

လူတို့၏ အကျိုးစီးပွားရလိုမှုကြောင့် သစ်ပင်သစ်တောအများအပြား ယုတ်လျော့ ဆုံးရှုံးသွားရခြင်းနှင့်အတူ အစာကွင်းဆက်ကို ပြတ်တောက်သွားစေပြီး အစာကွန်ရက်ကိုပါ ကစဉ့်ကလျား ဖြစ်သွားစေခဲ့သည်။ လူသားတို့၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာရသော ကြောက်မက်ဖွယ်အလွန်ကောင်းသည့် ဆဋ္ဌမမျိုးသုဉ်းမှုကြီးသည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲအားလုံးကို ခြိမ်းခြောက်လျက်ရှိနေသည်။

ပင်ကွင်းငှက်နှင့်ဆင်တူသော အောက်(Auk)ငှက်၊ ငှက်ကုလားအုတ်နှင့်ဆင်တူသော မိုအာ(Moa) ငှက်၊ မြင်းကျားနှင့်ဆင်တူသော ကွက်ဂါ (Quagga)၊ မြင်းရိုင်း မျိုးစိတ်ဖြစ်သော တာပန် (Tarpan)၊ ဘာလီကျားနှင့် အတောင်တိုပင်လယ် ငှက်တို့သည် ပစ္စုပ္ပန်မျိုးသုဉ်းမှုကြီး၏ သားကောင်အချို့ ဖြစ်ခဲ့ကြသည်။ အလားတူပင် ကုန်းရေနှစ်ထွေနေ သတ္တဝါများအားလုံး၏ သုံးပုံတစ်ပုံသည်လည်း မျိုးသုဉ်းမည့် အန္တရာယ် ကျရောက်လျက်ရှိနေကြသည်။

လူသားတို့မပေါ်ပေါက်မီက ဖြစ်ပေါ်ခဲ့သော မျိုးသုဉ်းပျောက်ကွယ်မှုကြီး ငါးခုသည် ထိန်းချုပ်ကွပ်ကဲမှု လွတ်ကင်းသော သဘာဝယန္တရားကြီးက ပုံမှန်လည်ပတ်နေရင်း ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ပစ္စုပ္ပန်ကာလ မျိုးသုဉ်းပျောက်ကွယ်နေမှုကမူ လူသားတို့၏ ထိန်းချုပ်ကွပ်ကဲမှုများကြောင့် ပေါ်ပေါက်နေရခြင်းဖြစ်သည်။ သဘာဝယန္တရားကြီး လည်ပတ်မှုကြောင့်ဖြစ်ရသော မျိုးသုဉ်းမှုများတွင် နှစ်ကာလတစ်သန်းကြာမှ မျိုးစိတ်သုံးခုသာ ပျောက်ကွယ်သွားခဲ့သည်။ လူသားတို့ကစီမံခန့်ခွဲနေသော မျက်မှောက်ကာလတွင်မူ အချိန်တစ်နာရီတိုင်းတွင် မျိုးစိတ်သုံးခုပျောက်ကွယ် လျက်ရှိနေသည်။ ဤသည်မှာကား အသိဉာဏ်အကြွယ်ဝဆုံးသော နို့တိုက်သတ္တဝါများဖြစ်ကြသည့် လူသားတို့က သဘာဝတရားကို အန်တုဆန့်ကျင်ကာ ဖန်တီးရယူနေမှု များပြားလွန်းသောကြောင့်ပင် မဟုတ်ပါလော။

### သက်ရှိတို့ရဲ့ ထာဝရကျေးဇူးရှင်

ဤမြေကမ္ဘာပေါ်၌ ရှင်သန်လျက်ရှိကြသော သက်ရှိတို့၏ ၉၀ ရာခိုင်နှုန်းသည် သစ်ပင်များပေါ်၌ လည်းကောင်း၊ သစ်ပင်များ၏ အနီးအနား၌လည်းကောင်း နေထိုင်လျက်ရှိနေကြသည်။ သက်ရှိအများစုက သစ်ပင်ကိုအမှီသဟဲပြုကာ နေထိုင်လျက်ရှိနေသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့မရှိကြပေ။

တစ်ဟက်တာအကျယ်အဝန်းရှိ မိုးသစ်တောအတွင်း၌ အပင်မျိုးစိတ်ပေါင်း ၅၀၀ မျှ ရှင်သန် ပေါက်ရောက် ကြီးထွားနိုင်ပြီး အပင်ပေါက်ရောက်မှု နည်းပါးလှသည်ဟု ဆိုကြသော ထင်းရှူးတောများ၌ပင် အဆိုပါ အကျယ်အဝန်းအတွင်း၌ သစ်ပင်မျိုးစိတ် ၁၅၀ နီးပါး ရှင်သန်ပေါက်ရောက်နေကြောင်း လေ့လာတွေ့ရှိကြရသည်။ သစ်ပင်များကြောင့် သက်ရှိလူသားတို့က စားစရာအစားအစာ၊ နေစရာအိမ်နှင့် သောက်စရာရေတို့ကို ဖူလုံစွာရရှိနေကြသည်။

သစ်ပင်တို့၏အသီး၊ အပွင့်နှင့် အရွက်စသည်တို့ကို လူတို့က အာဟာရအဖြစ် စားသုံးလျက် ရှိနေကြသည်။ သစ်တောထွက်ပစ္စည်းများဖြင့် ဆောက်လုပ်ထားသော နေအိမ်များထဲ၌ လူတို့က လုံခြုံစွာ နေထိုင်လျက် ရှိနေကြသည်။ မြေဆီလွှာနှင့် ရေဓာတ်ကို ထိန်းပေးထားသော သစ်ပင်များကြောင့် လူတို့က ရေတွင်းရေကန်နှင့် အဝီစိတွင်းစသည်တို့မှ သောက်သုံးရေများကို ရယူသုံးစွဲနိုင်ကြသည်။ သစ်ပင်များ မရှိတော့လျှင်သော်လည်းကောင်း၊ သစ်ပင်အများစု ပြုန်းတီးသွားခဲ့လျှင်သော်လည်းကောင်း၊ သစ်ပင်များကို မှီခိုနေထိုင်ကြသည့် လူတို့အပါအဝင် ဇီဝမျိုးစိတ်ပေါင်းများစွာတို့၏ ဂေဟစနစ်မှာ ပျက်စီးသွားလိမ့်မည် ဖြစ်သည်။

သစ်ပင်ကို မှီတွယ်နေထိုင်လျက် ရှင်သန်နေကြရသော သက်ရှိအများစုသည် အင်းဆက်ပိုးမွှားများ ဖြစ်ကြသည်။ ပီရူးနိုင်ငံ၏သစ်တောအတွင်း၌ သစ်ပင်တစ်ပင်တည်းကို အမှီသဟဲပြု၍ ရှင်သန်နေထိုင် လျက်ရှိသော ပုရွက်ဆိတ်မျိုးစိတ်ပေါင်း ၄၃ မျိုးကို သိပ္ပံပညာရှင်တို့က ရှာဖွေတွေ့ရှိလိုက်ကြခြင်းသည် သက်ရှိတို့၏ ရှင်သန်မှုအတွက် သစ်ပင်၏အရေးပါပုံကို ဥပေက္ခာပြု၍မရနိုင်ကြောင်း ကမ္ဘာ သိအောင် မီးမောင်းထိုးပြ လိုက်ခြင်းပင် ဖြစ်သည်။

သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်ကြောင့် သစ်ရွက်များသည် လေထုထဲက ကာဗွန်ဒိုင် အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။ ကမ္ဘာ့လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို မြေပြင်ပေါ်ရှိသစ်ပင်များက ထုတ်လွှတ်ပေးနေကြခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို နေ့စဉ်လုံလောက်စွာ ထုတ်လွှတ် ပေးနိုင်သည်။

ရေညှိရေမှော် အပင်ငယ်ကလေးများနှင့် ရေအောက်၌ရှင်သန်သော အပင်များကလည်း ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။ ကမ္ဘာ့အရပ်ရပ်ရှိ ရေပြင်များပေါ်မှ ရေညှိရေမှော်ပင်များနှင့် ရေပြင်အောက်ရှိ အပင်မျိုးစိတ်ပေါင်း များစွာတို့၏ အလင်းဖွဲ့အစာချက်သည့် သဘာဝဖြစ်စဉ်ကြောင့် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးနေကြသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

**“လူသားတို့မပေါ်ပေါက်မီက ဖြစ်ပေါ်ခဲ့သော မျိုးသုဉ်းပျောက်ကွယ်မှုကြီး ငါးခုသည် ထိန်းချုပ်ကွပ်ကဲမှု လွတ်ကင်းသော သဘာဝယန္တရားကြီးက ပုံမှန်လည်ပတ်နေရင်း ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ပစ္စုပ္ပန်ကာလ မျိုးသုဉ်းပျောက်ကွယ်နေမှုကမူ လူသားတို့၏ ထိန်းချုပ်ကွပ်ကဲမှုများကြောင့် ပေါ်ပေါက်နေရခြင်းဖြစ်သည်။ သဘာဝယန္တရားကြီး လည်ပတ်မှုကြောင့်ဖြစ်ရသော မျိုးသုဉ်းမှုများတွင် နှစ်ကာလတစ်သန်းကြာမှ မျိုးစိတ်သုံးခုသာ ပျောက်ကွယ်သွားခဲ့သည်။ လူသားတို့ကစီမံခန့်ခွဲနေသော မျက်မှောက်ကာလတွင်မူ အချိန်တစ်နာရီတိုင်းတွင် မျိုးစိတ်သုံးခုပျောက်ကွယ်လျက်ရှိနေသည်”**

# ရေလိုသည့်နယ်မြေများသို့ သံဖြူဇရပ်မီးသတ်ဦးစီးဌာနက နေ့စဉ် ရေလှူဒါန်း

**သံဖြူဇရပ် ဧပြီ ၂၅**

သံဖြူဇရပ်မြို့နယ်မှ ရပ်ကွက်နှင့်ကျေးရွာအချို့၌ နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့ရလျက်ရှိရာ သံဖြူဇရပ်မြို့ မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်ထွေးနှင့် ဝန်ထမ်းများအဖွဲ့က သောက်သုံးရေလိုအပ်မှုရှိနေသည့် မြို့ပေါ်ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများ အပါအဝင် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ နေ့စဉ် ရေဂါလန် ၈၂၀၀ ခန့်ကို ဖြန့်ဝေလှူဒါန်းပေးနေကြောင်း သိရသည်။



ထို့အတူ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မီးသတ်စခန်းတာဝန်ခံ ဦးဇော်လင်းဟန်နှင့် ဝန်ထမ်းများကလည်း သောက်သုံးရေ လိုအပ်နေသည့် ကျိုက္ခမီတစ်မြို့လုံးအတွက် နေ့စဉ် ရေဂါလန်နှစ်ထောင်ကျော်ကို ရေပေးဝေရေး စုရပ်အသီးသီးသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ သံဖြူဇရပ်တစ်မြို့နယ်လုံး သောက်သုံးရေရှားပါးပြတ်လပ်မှု ရှိနေပါတယ်၊ ယခင်နှစ်တွေက လုံးဝရေမခန်းတဲ့ တွင်းတွေ၊ ရေကန်တွေ အားလုံးနီးပါး ဒီနှစ်မှာ ရေခန်းပါတယ်၊ ရာသီဥတုကလည်း အလွန်ပူတဲ့အပြင် မိုးကမရွာသေးတော့ ပိုဆိုးတာပေါ့၊ ရှစ်စည်လောက်ပဲပါတဲ့ ရေတစ်ကားကို ခုနစ်ထောင်လောက် ပေးဝယ်နေရတယ်၊ ဒါတောင် စက်ရေတွင်းတူးပြီး ရေရောင်းစားတဲ့သူတွေဆီက လိုချင်တိုင်းမရပါဘူး၊ ဒါကြောင့် ရေအလှူရှင်တွေကို အလွန်ကျေးဇူး တင်ပါတယ်"ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့တွင် မြို့နေပြည်သူများနှင့် စေတနာရှင်များ စုပေါင်းအကောင်အထည်ဖော်ခဲ့သည့် ရေထွက်အလွန်ကောင်းသော အဝီစိတွင်းတစ်တွင်းရှိရာ အဆိုပါရေတွင်းမှ နေ့စဉ်ရရှိသော ရေဂါလန်ခြောက်သောင်းခန့်ကို ပရဟိတအဖွဲ့များနှင့် အခြားသော ရေအလှူအဖွဲ့များက ရေလိုအပ်သည့် ရပ်ကွက်နှင့် ကျေးရွာနေ ပြည်သူများထံသို့ လှူဒါန်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# စက်သုံးဆီဆိုင်များနှင့် ဓာတ်ငွေ့အရောင်းဆိုင်များတွင် မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ပြည် ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စက်သုံးဆီဆိုင်များ နှင့် ဓာတ်ငွေ့အရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ပြည်ခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးပြီး ပြည်မြို့ဆံတော်ရပ်ကွက်ရှိ ပြည်ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ဧပြီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်၊ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ပြည်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၆ ဆိုင်၊ ဓာတ်ငွေ့အရောင်းဆိုင် ရှစ်ဆိုင်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် မီးဘေးအန္တရာယ် ကျရောက်လာပါက အမြန်ဆုံးနှင့် အထိရောက်ဆုံး ဟန်ချက်ညီညီဆောင်ရွက်နိုင်ရေးအတွက် သရုပ်ပြပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။




ထို့နောက် ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည်များကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ရာတွင် အသုံးပြုမည့် အထောက်အကူပစ္စည်းများကို လိုက်လံကြည့်ရှုကာ မီးဘေးအန္တရာယ်ကျရောက်လာလျှင် လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များ၊ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များက ဆီနှင့် ဓာတ်ငွေ့အရောင်းဆိုင်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိတ္ထီလာ ဝန်ဇင်းဓာတ်အားခွဲရုံ၏ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်

**မိတ္ထီလာ ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ပြည်သူများ ဓာတ်အားပြည့်ဝစွာ ရရှိစေရန်နှင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် သပြေဝ ဓာတ်အားခွဲရုံမှ ဝန်ဇင်းဓာတ်အားခွဲရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာများသို့ ဓာတ်အားပေးနေသော ဝန်ဇင်းဓာတ်အားခွဲရုံ၏ ထရန်စဖော်မာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော်(အင်ဂျင်နီယာ)ထံမှ သိရသည်။

မိတ္ထီလာမြို့ကို ဓာတ်အားပေးထားသော ၃၃ ကေဗွီ သပြေဝ-ဝန်ဇင်း ဓာတ်အားလိုင်သည် ၁၁ မိုင် ရှည်လျားပြီး ယခင်က ဓာတ်အားလိုင်းကြိုးများမှာ 95mm² အရွယ်အစားဖြစ်ကာ ယခုအခါ ဓာတ်အားသုံးစွဲမှုပိုများလာသည့်အတွက် သုံးစွဲသည့်ဝန် ဒဏ်ခံနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန် 180mm² အရွယ်အစားကြိုးများဖြင့် ပြောင်းလဲတပ်ဆင်ခဲ့ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများသို့ အဓိက ဓာတ်အားပေးနေသော ၃၃/၁၁ ကေဗွီအေ (၁၀+၁၀)အမ်ဗွီအေ ဝန်ဇင်းဓာတ်အားခွဲရုံရှိ ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးသည် ဝန်အားပြည့် ဖြစ်နေသဖြင့် ၂၀ အမ်ဗွီအေဖြင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ဧပြီ ၂၂ ရက်က ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ယခင်ကထက် ပိုမိုရရှိ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြောပွဲကျင်းပ

**ပေါင်းတည် ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း မူးယစ်ဆေးဝါး ဆန့်ကျင်ရေးတိုက်ဖျက်ရေး(MANA)အသင်းခွဲနှင့် ပြည်ခရိုင်အသင်းခွဲတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပေါင်းတည်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဝင်းက မြို့နယ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူဆောင်ရွက်ထားသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ မြို့နယ်အတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း MANA အသင်းခွဲမှူး ဦးရဲထွဋ်က အသင်းဖွဲ့စည်းပုံများ၊ အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် မူးယစ်ဆေးဝါးများ၏ အန္တရာယ်များအကြောင်းကို ရှင်းလင်းကာ အသင်းကြီးအနေဖြင့် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများနှင့်အတူ ပြည်သူကိုဗဟိုပြု၍ မူးယစ်ကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်သွားရန် ဦးတည်ဆောင်ရွက်နေကြောင်းလည်း ဆွေးနွေးပြောကြားခဲ့သည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်၏ ပထမအကြိမ် ညီလာခံကျင်းပ

**မိုးညှင်း ဧပြီ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်၏ ပထမအကြိမ် ညီလာခံကို ဧပြီ ၂၃ ရက်က မိုးညှင်းမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ညီလာခံတွင် မိုးညှင်းဒေသ၊ ဟိုပင်ဒေသ၊ ကာမိုင်းဒေသ၊ မိုးကောင်းဒေသ၊ အင်းတော်ကြီးဒေသတို့မှ အရပ်ဘက်လူမှုအဖွဲ့အစည်း ဦးဆောင်ကော်မတီဝင် ခုနစ်ဦးက မိတ်ဆက်စကားပြောကြားပြီး မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်း ဦးဆောင်ကော်မတီ အဖွဲ့ဝင် ဦးတင်ဝယ်က အမှာစကားပြောကြားသည်။

ထို့နောက် MCDN ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဦးဘရန်အောင်က တင်ပြဆွေးနွေးပြီး ဦးတင်ကိုကိုက အဖွဲ့အနေဖြင့် ဒေသအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်နေသည့် အခြေအနေများကို တင်ပြကာ တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကော်မတီဝင်များက မိမိတို့ ဒေသအတွင်း ဖြစ်ပွားနေသော မူးယစ်ဆေးဝါးအန္တရာယ်များ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအခြေအနေများ၊ စားသုံးသူအန္တရာယ်အခြေအနေများ၊ နိုင်ငံသားတို့၏အခွင့်အရေး ဆုံးရှုံးမှုများနှင့် ဒေသ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ထို့နောက် အဖွဲ့အစည်းများမှ တင်ပြဆွေးနွေးမှုအပေါ် အကြောင်းအရာအလိုက် ဦးစားပေးအဆင့်များ ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

**ဝ၆၇**

# ဘက်စုံသုံး ရာသီဥတုဒဏ်ခံ အဆောက်အအုံ လွှဲပြောင်းပေးအပ်

**ပခုက္ကူ ဧပြီ ၂၅**

ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်တွင် ဆောင်ရွက်ပြီးစီးသွားသော ဘက်စုံသုံး ရာသီဥတုဒဏ်ခံအဆောက်အအုံ ဖွင့်ပွဲနှင့် အဆောက်အအုံနှင့်အတူ ဆောင်ရွက်ပြီးစီးခဲ့သော ဂါလန် ၄၀၀၀ ဆံ့ရေစင်၊ ပေ ၃၅၀ စက်ရေတွင်းနှင့် ရေနုတ်မြောင်းများ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဘက်စုံသုံးရာသီဥတုဒဏ်ခံအဆောက်အအုံကို ပခုက္ကူမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပိုက်ကို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမောင်သိန်း၊ UN-Habitat မှ တာဝန်ရှိသူ မစ္စတာ Bigay Karmacharya နှင့် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ကာ အဆောက်အအုံကို ဒေသခံတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ဘက်စုံသုံးရာသီဥတုဒဏ်ခံ အဆောက်အအုံအတွက် မြေနေရာ၊ ရာသီဥတုဒဏ်ခံ နမူနာအိမ်၊ ဂါလန် ၄၀၀၀ ဆံ့ရေစင်၊ ပေ ၃၅၀ စက်ရေတွင်းနှင့် ရေနုတ်မြောင်းကို UN-Habitat က ကျပ်သိန်း ၁၆၀၀ ကျော် အကုန်ကျခံ၍ တည်ဆောက်ပေးခဲ့ပြီး UN-Habitat အနေဖြင့် ရာသီဥတုဆိုင်ရာ အပြောင်းအလဲကြောင့် ဆိုးရွားစွာ ထိခိုက်နိုင်ဖွယ်ရှိသော အပူပိုင်းဇုန်ဒေသ ပခုက္ကူမြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာမြို့နယ်တို့တွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုတမာ**

# စွန့်လွှတ်မြေယာများအတွက် လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

**မိုးနဲ ဧပြီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ အမှတ်(၅၁၈) ခြေမြန်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေယာများအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မူလတောင်သူများထံ ဧပြီ ၂၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ ကျင်းပသည့် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်း၊ မိုးနဲမြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွဋ်နှင့် ကော်မတီဝင်များ၊ ခမရ ၅၁၈ တပ်ရင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ဦးလှထွဋ်နှင့် တာဝန်ရှိသူများက ခမရ ၅၁၈ မှ စွန့်လွှတ်အပ်နှံသည့် မြေ ၁၃ ဧက၏ မူလပိုင်ရှင်တောင်သူ ခုနစ်ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**မျိုးညွန့်ရွှေ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝတောကျန်ဧက ၉၀၀၀ ကို ငါးနှစ်ဆက်တိုက် ထိန်းသိမ်းနည်းဖြင့် လုပ်ဆောင်ပေးသွားမည်



မုံရွာမြို့နယ်အတွင်းရှိ ဗောဓိတထောင် ကြိုးဝိုင်းအား တွေ့ရစဉ်။

**မုံရွာ ဧပြီ ၂၅**

အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော ရွှေဘိုခရိုင် မုံရွာနှင့် ယင်းမာပင်ခရိုင်အတွင်းရှိ သဘာဝတောကျန် ဧက ၉၀၀၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး ငါးနှစ်ဆက်တိုက် ထိန်းသိမ်းနည်းစနစ်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"သဘာဝတောကျန်တွင် ထိန်းသိမ်းတဲ့ လုပ်ငန်းကိုလုပ်မယ့် နေရာတစ်ခုကို အရင်က နှစ်နှစ်ပဲ လုပ်တယ်၊ အခုနောက်ပိုင်းမှာ ငါးနှစ်ဆက်တိုက်ထိန်းတဲ့ နည်းစနစ်ကို သုံးခဲ့တယ်၊ တိုင်းဒေသကြီးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဧက ၉၀၀၀ကို သဘာဝတောထိန်းခဲ့တယ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်း ဧက ၉၀၀၀ ကို ဒုတိယနှစ်အနေနဲ့ ပြန်ပြီးထိန်းနေတယ်၊ ဒုတိယနှစ်မှာတော့ အဲဒီ ထိန်းသိမ်းတဲ့အခါမှာ ပင်မစခန်းဆောက်ပြီး စောင့်တယ်၊ အစောင့်တဲဆောက်ပြီးတော့ စောင့်တဲ့ လုပ်ငန်းတွေ မပါတော့ဘူး၊ နမူနာစာရင်းကောက်ယူတာ တစ်နေရာရွှေ့ပြီး ကောက်တယ်၊ ဓမ္မတာမျိုးဆက်လုပ်ငန်းတွေ လုပ်တယ်၊ အစောင့်ချထားတဲ့အပိုင်းတွေကိုဆက်ပြီး လုပ်နေပါတယ်" ဟု တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သဘာဝတောကျန်များထိန်းသိမ်းခြင်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ကန့်ဘလူကြိုးဝိုင်းအတွင်း ဧက ၂၀၀၀ ကိုလည်းကောင်း၊ ရေဦးမြို့နယ် ရှာငယ်ကြိုးပြင်ကာကွယ်တော ဧက ၂၀၀၀ ကိုလည်းကောင်း၊ တန့်ဆည်မြို့နယ် ရွာမုံတောင် ကြိုးပြင်ကာကွယ်တော ဧက ၂၀၀၀ကိုလည်းကောင်း၊ မုံရွာခရိုင်မုံရွာမြို့နယ်အတွင်းရှိ ကျောက္ကာရွှေမြင်တင်(အဆိုပြု)ကာကွယ်တော ဧက ၁၀၀၀ ကို လည်းကောင်း၊ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ကြိုးဝိုင်းအတွင်းရှိ ဧက ၁၀၀၀ ကို လည်းကောင်း၊ ပုလဲမြို့နယ် ခင်းအေးကြိုးဝိုင်းအတွင်းရှိ ဧက၁၀၀၀ ကို လည်းကောင်း စုစုပေါင်း ဧက ၉၀၀၀ ကို ဒုတိယနှစ် ထိန်းသိမ်းခြင်းအဖြစ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## စလင်းမြို့တွင် ကဆုန်ညောင်ရေသွန်းပွဲ စည်ကားစွာကျင်းပမည်

**စလင်း ဧပြီ ၂၅**

ဧပြီ ၂၉ ရက်တွင်ကျရောက်မည့် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို မကွေးတိုင်းဒေသကြီး စလင်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်မှာ နှစ်စဉ်ကျင်းပသည့် ပွဲတော်ဖြစ်ပြီး စလင်းမြို့ ကုသိနာရာမ ရွှေပြည်အေးဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းမည်ဖြစ်ကြောင်း၊ ညောင်ရေသွန်းပွဲနေ့တွင် စလင်းမြို့ပေါ် ရပ်ကွက်ခြောက်ခုနှင့် ဆင်ခြေဖုံး ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဓမ္မစကူးလ်အသင်းသားများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများက စုရပ်တွင် လူစုကြပြီး အတီးအမှုတ် အကအခုန်များဖြင့် တပျော်တပါး စီတန်းလှည့်လည်ကာ ကုသိနာရာမ ရွှေပြည်အေးဘုရားဝင်းထဲတွင် ညောင်ရေသွန်းပွဲကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း ဖွင့်လှစ်သင်ကြား

**ဘားအံ ဧပြီ ၂၅**

အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်ရန် KG တန်း ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းကို ဘားအံမြို့ရှိ ကရင်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး၌ ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယကဆရာတော်ကြီးများက ဩဝါဒစကားပြောကြားပြီး ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်နှင့် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းတို့က အမှာစကားပြောကြားသည်။

"အရင်ကတော့ အစိုးရအခြေခံပညာကျောင်းတွေမှာ အစိုးရ ဆရာ ဆရာမ ဝန်ထမ်းတွေကိုပဲ ထောက်ပံ့ငွေပေးပြီးတော့ ပထမတန်းကနေ တတိယတန်းအထိ ပအိုဝ်းစာပေနဲ့ ယဉ်ကျေးမှုကို သင်ပေးတာရှိတယ်၊ လာမယ့် ပညာသင်နှစ်ကစပြီးတော့ အခု KG တန်း ပအိုဝ်းစာပေနဲ့ ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းက သင်ပေးလိုက်တဲ့ သူတွေနဲ့ အခြေခံပညာကျောင်းမှာ KG တန်းကို စတင်ပြီး သင်ကြားပေးသွားမှာ ဖြစ်တယ်" ဟု ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဦးဆောင်နာယက ဦးခွန်သန်းမြင့်က ပြောသည်။

အဆိုပါ ဆရာဖြစ်သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ လှိုင်းဘွဲ၊ ဘားအံ၊ မြဝတီနှင့် ကော့ကရိတ်မြို့နယ်များမှ ပအိုဝ်းတိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ပြီး သင်တန်းသား သင်တန်းသူများအား ပအိုဝ်းစာပေ ဗျည်း၊ သရ၊ KG တန်း မူလတန်းစာ၊ ပအိုဝ်းယဉ်ကျေးမှုသီချင်းနှင့် ရိုးရာအက၊ ပအိုဝ်းအမျိုးသားသီချင်းများကို သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၈ ရက်အထိဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း ပြီးဆုံးပါက သင်တန်းဆင်း ပအိုဝ်းတိုင်းရင်းသားများအား သင်တန်းဆင်းလတ်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခြေခံပညာကျောင်းများတွင် KG တန်း၌ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုများ သင်ကြားပေးရန်အတွက် ပြည်နယ်ပညာရေးမှူးရုံးမှတစ်ဆင့် နေ့စား လပေး ဆရာ ဆရာမများအဖြစ် ခန့်အပ်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## မကွေးမြို့၌ လေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၈)ဖွင့်လှစ်



**မကွေး ဧပြီ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး မကွေးမြို့မြို့တော်ခန်းမ၌ ဧပြီ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူ လူငယ်များအား "ဒီနေ့ မြန်မာနိုင်ငံတော်ကြီးဟာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍတွေမှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးနဲ့အတူ ပြုပြင်ပြောင်းလဲမှုတွေ တိုးတက်လာသည်နှင့် အမျိုးနောင်တစ်ခေတ်ရဲ့ခေါင်းဆောင်ကောင်းတွေဖြစ်တဲ့ မောင်တို့မယ်တို့ဟာလည်း ခေတ်စနစ်နဲ့အညီ ရင်ပေါင်တန်းလိုက်ပါပြီး တိုးတက်နေတဲ့ ပညာရပ်တွေကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာသွားကြဖို့လိုတယ်"ဟု သင်တန်းဖွင့် အမှာစကားပြောကြားသည်။

လေကြောင်းပညာ သမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံ ပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရှိစေရန်၊ လူငယ်များ၏ ဝါသနာပါရာ အလေ့အကျင့်များကို မြှင့်တင်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

တပ်မတော်(လေ) အနေဖြင့် လေကြောင်းကင်းထောက် သင်တန်းများကို ၁၉၅၄ ခုနှစ်မှစတင်၍ လည်းကောင်း၊ လူငယ် (လေကြောင်း) သင်တန်းများကို ၁၉၆၀ ပြည့်နှစ်မှ လည်းကောင်း၊ လေကြောင်းမျိုးဆက်သစ် သင်တန်းများကို ၁၉၉၄ ခုနှစ်မှလည်းကောင်း၊ လေကြောင်း ရဲညွန့်လောင်း သင်တန်းများကို ၁၉၉၈ ခုနှစ်မှလည်းကောင်း စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အထိ သင်တန်းသား သင်တန်းသူပေါင်း ၅၅၇၄ ဦးတို့အား အောင်မြင်စွာ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မကွေးလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူးက ပြောသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ခွင့်ရသည့် လူငယ် မောင်မယ်များသည် Radio Control/Remote Control လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားများ၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှု အခြေခံများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှု အခြေခံများ၊ အခြေခံစစ်ပညာ စသော ဘာသာရပ်များ၊ ကွန်ပျူတာနှင့် လေယာဉ်ငယ်လက်တွေ့ပျံသန်းလေ့ကျင့်ခြင်းများကို သင်ကြားလေ့လာရမည် ဖြစ်ပြီး သင်တန်းကို မကွေးလေတပ်စခန်း ဌာနချုပ်တွင် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရေအခက်အခဲအတွက် လာရောက်အကူအညီတောင်းခံမှု ယခင်နှစ်များကထက် နည်းပါးဟုဆို

**သထုံ ဧပြီ ၂၅**

ယခုနှစ် နွေရာသီတွင် ရေလိုအပ်ချက်အတွက် သထုံခရိုင်အတွင်းရှိ ကျေးရွာများမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လာရောက်အကူအညီတောင်းခံသည့် အရေအတွက် နည်းပါးသွားကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရေပြတ်လပ်မှုကြုံတွေ့လာရပါက သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို အလွယ်တကူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပေးထားပြီး ဆက်သွယ်လာပါက အချိန်နှင့်တစ်ပြေးညီ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ထားကြောင်း လက်ရှိအချိန်တွင် လာရောက်ဆက်သွယ်သည့် ကျေးရွာများအား ရေသယ်ယာဉ်များဖြင့် ရေပေးဝေလျက်ရှိသော်လည်း ယခင်နှစ်များကထက် နည်းပါးကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်းက ပြောသည်။

"ဒီနှစ်က အရင်နှစ်တွေလောက် ရေပေးဝေရတာ သိပ်မများဘူး၊ ရေအတွက် လိုအပ်ချက်တွေကို ဖြည့်ပေးထားတာဖြစ်လို့ ဒီနှစ်အတွက် ရေလိုအပ်ချက်နည်းသွားတာပါ၊ ပြီးတော့ အခြားအဖွဲ့အစည်းတွေကလည်း တော်တော်လေးလိုက်ပြီး ရေလှူနေကြတာလည်းပါတယ်၊ ပြီးခဲ့တဲ့နှစ်က ရေပေးဝေမှု တော်တော်လုပ်ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ် နွေရာသီတွင် မတ် ၁ ရက်မှစတင်ကာ ဧပြီလလယ်အထိ သထုံခရိုင်အတွင်း သထုံမြို့နယ်၌ ကျေးရွာ တစ်ရွာ၊ ဘီးလင်းမြို့နယ်၌ ကျေးရွာ ငါးရွာ၊ ပေါင်မြို့နယ်တွင် ကျေးရွာ နှစ်ရွာ စုစုပေါင်း ကျေးရွာ ရှစ်ရွာကို ရေဂါလန် ၃၁၄၅၀ ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုက်လံပေးဝေထားကြောင်း သိရသည်။

ရေလိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်ရုံးများသို့ အကြောင်းကြားနိုင်ပြီး အချို့ရွာများကို လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ယာဉ်အခက်အခဲနှင့်ဝန်ထမ်းအခက်အခဲများကြောင့် နေ့စဉ်ရေမပို့ပေးနိုင်ပါက နားလည်ပေးကြရန်နှင့် အနည်းဆုံး နှစ်ရက်လျှင် တစ်ခေါက်နှုန်းဖြင့် အရောက်ပို့ပေးမည် ပြောသည်။

**သက်ဦး(သထုံ)**

# မြေးများ ဘိုးဘွားဖြစ်သောခါ

**ဒေါက်တာမြင့်သန်း(ညောင်လေးပင်)**

- အမေ့အမေ၊ တို့ဘွားအေသည်
  နေဝင်ညဦး၊ လေဖြူးဖြူး၌
  အိမ်မှူးခန်းမှာ၊ စုဝေးကာလျှင်
  ငါတို့မြေးများ၊ ရှင်ပျော်ပါးအောင်
  ရွှေကျားရွှေယုန်၊ ငပျင်းပုံနှင့်
  နဂါးဂဠုန်၊ မထွေးပုံနှင့်
  မျိုးစုံပါလေ၊ စုန်းကဝေက
  တစ္ဆေမှင်စာ၊ ပြောပြပါ၍
  စကားထာဝှက်၊ ကစားလျက်ပေ့ါ
  ညဥ့်နက်သွားသော်၊ တို့ကိုခေါ်ပြီး၊
  အိမ်ပေါ်တက်ကာ၊ ချော့သိပ်ပါသည်
  ရှေးအခါငယ်စဉ် မြေးဘဝ။
- ငါလည်းထိုလား၊ ငါ့မြေးများကို
  ပျော်ပါးစရာ၊ မွှေနှောက်ရှာ၍
  မြန်မာ့ရှေးရိုး၊ ပုံပြင်မျိုးနှင့်
  နောက်တိုးခေတ်ဆန်၊ သစ်သစ်ဖန်ကာ
  ပျော်ရန်ပြောလျက် ဘိုးဘဝ။
- ဘင်ဘီဘေးဘိုး၊ တို့လူမျိုး၏
  ရှေးရိုးစရိုက်၊ အစဉ်လိုက်လျက်
  နောက်၌မြေးများ၊ မြေးတွေပွားသော်
  ပျော်ပါးစရာ၊ ပုံပြောပါဟု
  မှာချင်လေ၏ ငါ့မြေးတို့။

ဆရာကြီးမင်းသုဝဏ်
လုံမလေးမဂ္ဂဇင်း(၁/၁၉၈၆)

ဆရာကြီးမင်းသုဝဏ်ရဲ့**မြေးများဘိုးဘွားဖြစ်သောအခါ** ကဗျာလေး ဖြစ်ပါတယ်။ အလွန်နှစ်သက်စရာကောင်းလှလို့ မှတ်မှတ်ရရ ရေးမှတ်ထားပါတယ်။ ဆရာကြီးတို့ ငယ်စဉ်ဘဝ ကလေးဘဝက ဘိုးဘွားများနဲ့အတူ လေတဖြူးဖြူးရှိနေတဲ့ အေးချမ်းတဲ့ ညအခါမှာ စုဝေးပြီး ပုံပြင်များ နားထောင်ကြရတယ်။ ဘိုးဘွားတို့က ရွှေယုန် ရွှေကျား၊ ငပျင်းပုံပြင်၊ မထွေးလေးပုံပြင်တွေနဲ့အတူ၊ နဂါး၊ ဂဠုန်၊ တစ္ဆေပုံပြင်များပါ ပြောပြကြပါတယ်။ ပုံပြင်ပြောပြီးရင် စကားထာဝှက်တမ်း ကစားကြသေးတယ်။ ညဥ့်နက်ပြီ အိပ်ချိန်ရောက်ပြီဆိုမှ ဘိုးဘွားတို့က မြေးများကို အိမ်ပေါ်ခေါ်ပြီး ချော့သိပ်ပါတယ်။ ကလေးတွေရဲ့အတွေးထဲမှာ ဘိုးဘွားတို့ပြောတဲ့ ပုံပြင်တွေဟာ တွေးစရာတွေဖြစ်ခဲ့တယ်။ အိပ်မက်ထဲအထိ လိုက်လာတတ်ကြတယ်။

ဆရာကြီးကိုယ်တိုင် အဘိုးဘဝရောက်လာတော့ မြေးတွေပျော်အောင် ပုံပြောဖို့ ကြိုးစားရပြန်ပါတယ်။ ဘိုးဘွားတို့ထံက အမွေရခဲ့တဲ့ ရှေးရိုးပုံပြင်လေးတွေ၊ ခေတ်နဲ့အညီ တွေ့လာရတဲ့ ပုံပြင်လေးတွေလည်း စုဆောင်းပြီး ပုံပြောခဲ့ရပါတယ်။ ကလေးတွေ များစွာနှစ်သက်ကြပါတယ်။ ဆရာကြီးက တွေးပြီး မှာပါတယ်။ နောက်ပိုင်း အခုလို မြေတွေ၊ မြေးတွေ တိုးပွားလာရင် ပျော်စရာပုံပြောကြတဲ့ အလေ့အထလေး ပျိုးထောင်ကြပါလို့ အမှာတော်ပါးလိုက်တာပါပဲ။

ဘီဘင်ဘေးဘိုး၊ တို့လူမျိုး၏
ရှေးရိုးစရိုက်၊ အစဉ်လိုက်လျက်
နောက်၌မြေးများ၊ မြေးတွေပွားသော်
ပျော်ပါးစရာ၊ ပုံပြောပါဟု
မှာချင်လေ၏ ငါ့မြေးတို့ ပါတဲ့ခင်ဗျာ။

ရှေးလူကြီးများဟာ အခုလို အိပ်ရာဝင်ပုံပြင်များစွာကို ပြောခဲ့ရာမှာ အမျိုးသားယဉ်ကျေးမှုတွေ၊ တိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှုတွေ ပါဝင်နေတာကို တွေ့နိုင်ပါတယ်။ အဲဒါတွေကို ပုံပြင်များနဲ့ လက်ဆင့်ကမ်းခဲ့ပါတယ်။ ပုံပြင်များမှာ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများ ကိန်းအောင်းနေတဲ့အပြင် နောင်လာနောက်သားတွေကို လိမ္မာယဉ်ကျေးဖို့ ဆိုဆုံးမတာတွေ၊ လေးစားအတုယူသင့်တဲ့ လူ့တန်ဖိုးတွေလည်း များစွာပါဝင်နေပါတယ်။

ဆရာကြီးပါရဂူက စကားလက်ဆောင်မှာ "နိုင်ငံအချို့က စာပေပညာရှင်များသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု၊ တိုင်းရင်းသားယဉ်ကျေးမှုများကို ရိုးရာပုံပြင်များထဲတွင် တူးဖော်ရှာဖွေနေကြသည်"လို့ရေးခဲ့ပါတယ်။(မြဝင်း-ဒဿန၊ ချင်းတွင်းမဂ္ဂဇင်း အမှတ် ၉)။

ဆရာကြီးမှာခဲ့သလို ကျွန်တော်တို့တစ်တွေ လုပ်နိုင်ကြပါရဲ့လား။ ပုံပြင်တွေကို အဘိုးအရွယ်တွေက မသိ၊ မရကြတော့၊ မြေးတွေကိုလည်း လက်ဆင့်မကမ်းနိုင်ကြတော့ဘူး။ အဘိုးအဘွားတွေ၊ အဖေအမေတွေကိုယ်တိုင်က ဒီလို အချိန်မပေးနိုင်ကြတော့ပါဘူး။ ခေတ်ကာလရဲ့ပြောင်းလဲမှုနဲ့အတူ လိုက်ပါစီးမျောနေကြရပါတယ်။

တစ်ချိန်က မိသားစုဘဝလေးတွေမှာ မိသားစုအတွင်း အလွန်နွေးထွေးကြပါတယ်။ ချစ်ခင်လေးစားခဲ့ကြပါတယ်။ မိသားစုအတွင်း ခိုင်မြဲစေတဲ့ ချစ်ခင်မှုတွေထဲမှာ အိပ်ရာဝင်ပုံပြင်ပြောတဲ့ဓလေ့လည်း ပါဝင်မှာလို့ ယူဆပါတယ်။ ဒီလိုလေး နေထိုင်ကြခြင်းဟာ ဘိုးဘွားမိဘများနဲ့ သားသမီးမြေးများအကြား ကြီးမားတဲ့ သံယောဇဉ် တွယ်စေမိမှာ အမှန်ပါပဲ။

လက်ရှိ လူ့အဖွဲ့အစည်းအများစုမှာ မလိုလားအပ်တဲ့ ကြမ်းတမ်းမှုတွေ၊ မကြားဝံ့ မနာသာဖြစ်နေမှုတွေ ဖြစ်ပွားနေရခြင်းရဲ့ အခြေခံအချက်တွေမှာ မိသားစုတန်ဖိုး လျော့ရဲလာခြင်း၊ နွေးထွေးမှုတွေလျော့နည်းလာခြင်း စသည်တို့က အဓိကနေရာက ပါဝင်နေလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့တစ်တွေ ပြုစုထိန်းသိမ်းရမယ့် အချက်တွေထဲမှာ အခုလို ရိုးရာပုံပြင်တွေကို ရှာဖွေဖော်ထုတ်တာ၊ လူကြီးတွေကိုယ်တိုင်က လေ့လာပြီး ကလေးတွေဆီ လက်ဆင့်ကမ်းပေးတာ၊ မိသားစုတန်ဖိုးတွေ တက်လာအောင် နွေးထွေးစွာနေထိုင်ကြတာမျိုးတွေ ပါဝင်ပါတယ်။ လက်တွေ့ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကလေးစာပေပွဲတော်များနဲ့အတူ ပုံပြင်များကိုလည်း ဖော်ထုတ်၊ စုဆောင်းနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့တစ်တွေ ပုံမပြောနိုင်ကြတော့ပေမယ့် နောက်မျိုးဆက်တွေ ပုံပြောနိုင်ကြရအောင် အားထည့်ဆောင်ရွက်ပေးကြပါစို့ခင်ဗျာ။ ။

**"လက်ရှိ လူ့အဖွဲ့အစည်းအများစုမှာ မလိုလားအပ်တဲ့ ကြမ်းတမ်းမှုတွေ၊ မကြားဝံ့ မနာသာဖြစ်နေမှုတွေ ဖြစ်ပွားနေရခြင်းရဲ့ အခြေခံအချက်တွေမှာ မိသားစုတန်ဖိုး လျော့ရဲလာခြင်း၊ နွေးထွေးမှုတွေလျော့နည်းလာခြင်း စသည်တို့က အဓိကနေရာက ပါဝင်နေလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"**

# ပြင်ဦးလွင်မြို့နယ်၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် နယ်လှည့်အသိပညာပေး

**ပြင်ဦးလွင် မေ ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့် ကျေးလက်နေပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေး ဗဟုသုတ တိုးပွားစေရေးအတွက် နယ်လှည့်ဟောပြော အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်က ပြင်ဦးလွင်မြို့နယ်၌ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒေသခံပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးငွေစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပြင်ဦးလွင်မြို့နယ်မှ လူစည်ကားရာနေရာများဖြစ်သော ဈေးကြီးအနီး၊ ကျောက်တိုင်ကွင်းနှင့် ဝက်ဝံကျေးရွာအုပ်စု နေရာတို့၌ ပြည်သူများအား မှုခင်းကျူးလွန်ဆင်းရေးပညာပေးဟောပြောခြင်းနှင့် မှုခင်းကာကွယ်ရေး သိကောင်းစရာများ ပြသခြင်းတို့ကို လှည့်လည်ဆောင်ရွက်ခဲ့ပြီး ယာဉ်ပေါ်သို့လာရောက်လေ့လာသူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဆိုင်ရာ ပညာပေးပိုစတာများ ပြသကာ အသိပညာပေး လက်ကမ်း စာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# မန္တလေး ပြီးပြည့်စုံဓမ္မဗိမာန်တော်၌ ဓမ္မစကူးလ်သင်တန်းဖွင့်

**မန္တလေး မေ ၂၅**

မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် အိုးဘိုတောင်ကျောင်းတိုက်အတွင်းရှိ ပြီးပြည့်စုံဓမ္မဗိမာန်တော်၌ ပြီးပြည့်စုံဓမ္မစကူးလ် တတိယနှစ် (၂၀၁၈ ခုနှစ်)သင်တန်း ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာဂွေးချိုကျောင်းတိုက်၊ မေသက်ဘရားသားကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဩဝါဒ ချီးမြှင့်ပြီး တိုင်းဒေသကြီး ဓမ္မစကူးလ်များကြီးကြပ်ရေးအဖွဲ့မှ ဆရာဦးညီညီချစ်က ဓမ္မစကူးလ်များ ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက အိုးဘိုတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သီလခံယူကာ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ပြီးပြည့်စုံဓမ္မဗိမာန်တော် ဓမ္မစကူးလ် တတိယနှစ်(၂၀၁၈ ခုနှစ်)သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၂၀ တက်ရောက်ခဲ့ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်တန်းကာလ ရက်သတ္တပတ် ၄၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဆရာဦးညီညီချစ်၏ ပြောကြားချက်အရ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ခိုင်ကမ်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ခိုင်ကမ်း မေ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့တွင် ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူများအား အသိပညာပေးခြင်းနှင့် ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ပေးခြင်းများကို မေ ၂၃ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခိုင်ကမ်းမြို့ ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်လန့်ငိုက်ဟွဲနှင့် ကျန်းမာရေးကြီးကြပ်-၂ ဒေါ်ညောင်းဒိတ်ကျိန်တို့က ခိုင်ကမ်းမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ကာ ရေတွင်း၊ ရေကန်များကို စစ်ဆေးခြင်း၊ ရေတွင်းများထဲတွင် ပိုးလောက်လန်းပေါက်ပွားမှုကို ကာကွယ်နိုင်သော အဘိတ်ဆေးခတ်ခြင်းနှင့် ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအနက် ကူးစက်မှုအမြန်ဆုံးရောဂါဖြစ်သဖြင့် ခြင်မပေါက်ပွားနိုင်စေရေးအတွက် ယခုလို ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခိုင်ကမ်းမြို့သည် မြေပြန့်နှင့် တောင်တန်းစပ်ကြားတွင် တည်ရှိသောမြို့ဖြစ်ပြီး ပူအိုက်သောရာသီဥတု ရှိသဖြင့် ခြင်ပေါက်ပွားမှုများသည့် နေရာဖြစ်ကာ သွေးလွန်တုပ်ကွေးဖြစ်နိုင်ခြေ အလားအလာများသောမြို့ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### မိုးညှင်းမြို့နယ်တွင် အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ တကွင်းကျေးရွာဘောလုံးကွင်းအနီးတွင် ဆိုင်ကယ်စီးလာသော အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါးများကို မေ ၂၀ ရက်က ဖမ်းမိခဲ့ပြီး ကွင်းဆက်တရားခံတစ်ဦးကိုပါ ထပ်မံဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသတင်းအရ ဟိုပင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မျိုးမင်းနှင့်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ တကွင်းကျေးရွာအနီး လမ်းပေါ်၌ ရှာဖွေစစ်ဆေးစဉ် ဒေါ်မို့မို့လွင် မောင်းနှင်ပြီး ဒေါ်အေးသန်း စီးနင်းလိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးရာ ရောင်စုံဆပ်ပြာခွက်များအတွင်းမှ ဘိန်းဖြူဟု ယူဆရသည့် ဖြူ/ဝါမှုန့် အလေးချိန် ၁၀ ဂရမ်စီပါ ၁၁ ခွက်ကို တွေ့ရှိ၍ ဖမ်းဆီးစစ်ဆေးရာ အဆိုပါပစ္စည်းများကို မြို့သစ်ကလေးကျေးရွာနေ ဒေါ်ခင်ထွေးထံမှ ယူလာကြောင်း သိရသဖြင့် ဒေါ်ခင်ထွေးကိုပါ ဆက်လက်ဖမ်းဆီးခဲ့ပြီး ၎င်းတို့သုံးဦးအား ဟိုပင်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဝ၆၇**

### ဝမ်းတွင်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်

ဝမ်းတွင်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်တွင် ခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ်တစ်စီး မေ ၂၃ ရက် မနက်ပိုင်းက တိုက်မိ၍ ဆိုင်ကယ်မောင်းသူမှာ ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ် ထီးလှိုင်ကန်ကျေးရွာသွား လမ်းခွဲအနီး၌ ကိုမြင့်ဝေ မောင်းနှင်လာသော ဆိုင်ကယ်က ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်သို့ ဖြတ်တက်စဉ် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇင်မင်းထွန်း(၂၆ နှစ်)မောင်းနှင်လာသော ရွှေတောင်ရိုးခရီးသည်တင်မှန်လုံယာဉ်ငယ်နှင့် တိုက်မိကာ ကိုမြင့်ဝေတွင် ဒဏ်ရာများ ပြင်းထန်စွာရရှိ၍ ဝမ်းတွင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ကိုမြင့်ဝေနှင့် ဇင်မင်းထွန်းတို့ နှစ်ဦးလုံးအား အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## မြစ်ကြီးနားမြို့နယ်၌ ကျေးရွာဈေးအဆောက်အအုံသစ်ဖွင့်

**မြစ်ကြီးနား ဧပြီ ၂၅**

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ၌ ဆိုင်ခန်းပေါင်း ၄၀ ပါဝင်ပြီး မြန်မာကျပ်ငွေ သိန်းပေါင်း ၂၄၀ ကုန်ကျသည့် စံပြဈေးအဆောက်အအုံသစ် လှူဒါန်းပွဲနှင့် ဖွင့်ပွဲကို ဧပြီ၂၃ရက်က ကျင်းပခဲ့ကြောင်း ဧရာဝတီမြစ်ဆုံ မြစ်ညှာမြစ်ဝှမ်းတည်ဆောက်ရေးကုမ္ပဏီ(ACHC)မှ သိရသည်။

အဆိုပါ အောင်မြင်သာစံပြကျေးရွာ၏ ရွာအတွင်းဘက်တွင် ယခင်က ဈေးအဟောင်းရှိခဲ့သော်လည်း မြစ်ကြီးနားမြို့ဘက်မှ လာရောက်လည်ပတ်သူများနှင့် အရောင်းအဝယ်ပိုဖြစ်စေရန်နှင့် ဈေးရောင်းဝယ်မှုများ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်၍ အောင်မြင်သာရွာအဝင်ဘက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "မြစ်ဆုံစီမံကိန်း ရပ်နားထားပေမယ့်လည်း ဒီရွာကလူတွေ ခက်ခဲနေတဲ့အတွက် ကျွန်တော်တို့ဘက်က တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးနေတာပါ"ဟု ACHC ၏ မြစ်ကြီးနားရုံးတာဝန်ခံ မစ္စတာကျန်းဟွမ့်ကွေ့က ပြောသည်။

အဆိုပါဈေးသစ်ဖွင့်ပွဲတွင် ACHC မှ ဒုတိယတာဝန်ခံ မစ္စတာကျောက်လျန်စု၊ မြစ်ကြီးနားရုံးတာဝန်ခံ မစ္စတာကျန်းဟွမ့်ကွေ့၊ SPIC ကုမ္ပဏီမှ တာဝန်ခံ မစ္စတာဝူကျဲ၊ မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် အောင်မြင်သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိတုံနော်ဂျာတို့က ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မြစ်ဆုံဆည်တည်ဆောက်ရေး စီမံကိန်းကြောင့် နေရာပြောင်းရွှေ့လိုက်ရသော အောင်မြင်သာကျေးရွာမှ ရွာသူ၊ ရွာသားများအား ဆန်၊ ရေနှင့် လျှပ်စစ်မီးများကို ACHC ကုမ္ပဏီက အခမဲ့လှူဒါန်းနေသည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်ပြီး ယခုနှစ်ပိုင်းတွင် ရွာသူရွာသားများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်ပါ ကူညီပေးသွားရန်ရှိကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**



## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် လူထုတွေ့ဆုံပွဲ ကျင်းပ



**သုဝဏ္ဏဝတီ ဧပြီ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး တံတားဦးကျေးရွာအုပ်စု နန်းတောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ကျေးရွာလူထုတွေ့ဆုံပွဲကို ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက NCA ငြိမ်းချမ်းရေးစာချုပ်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သဘောတူ ရေးဆွဲထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်တွင် အဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ အဆိုပါစာချုပ်သည် တစ်ဖက်ဖက်က တစ်ဖက်သတ် အသာစီးယူ၍ ချုပ်ဆိုထားသည့် စာချုပ်မဟုတ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC- s) ဒုဥက္ကဋ္ဌ(၂) ဒေါက်တာမိယဉ်ချမ်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စာချုပ်အကြောင်း ရှင်းလင်းပြောကြားကာ JMC အတွင်းရေးမှူး(၁)က အဖွဲ့၏ ရည်ရွယ်ချက်များဖြစ်သည့် ပဋိပက္ခများ လျှော့ချရေး၊ ပစ်ခတ်တိုက်ခိုက်မှုကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူလူထုကို အကာအကွယ်ပေးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရေး အချက်များအပြင် အခြေခံမူများနှင့်အညီ အင်အားသုံးဖြေရှင်းခြင်း မရှိစေရေးအတွက် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ တာဝန်များကို ပြည်သူများအား ရှင်းလင်းပြောကြားသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးကလည်း ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများက ဝိုင်းဝန်းကူညီကြရန် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ပြီး အရပ်သားကိုယ်စားလှယ် ဒေါက်တာမင်းနွယ်အေးက တန်းတူညီမျှရေးကိုအခြေခံ၍ ဖက်ဒရယ် စနစ်ကို ထူထောင်ရာတွင် အပစ်အခတ်ရပ်စဲရေးသည် အဓိကကျကြောင်း၊ ထို့အပြင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဘာသာရေးများအတွက်လည်း အပစ်အခတ်ရပ်စဲရေးသည် အရေးကြီးကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားနေသည့် ဒေသအတွင်း နှစ်ဖက်တပ်များ ပဋိပက္ခများမဖြစ်အောင် စောင့်ကြည့်ရေးကော်မတီအဖွဲ့အနေနှင့် သိသင့်သိထိုက်သည့်အရာများနှင့် စောင့်ထိန်းလိုက်နာရမည့် အချက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက NCA ငြိမ်းချမ်းရေးစာချုပ်အကြောင်းနှင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ဆောင်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများက နားထောင်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်ပြည်နယ်အတွင်း JMC-s(Mon)အဖွဲ့ကို ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ ပြည်သူလူထုနှင့်တွေ့ဆုံပွဲများ ကျင်းပခဲ့သည်မှာ ယခုတစ်ကြိမ်အပါအဝင် စုစုပေါင်း ၁၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ညောင်ဦးမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဖွင့်

**ညောင်ဦး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကုလားတဲ့ကျေးရွာ၌ တတိယနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ငွေဖြင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျေးရွာရေရရှိရေးအတွက် လေးလက်မ စက်ရေတွင်း၊ ဂါလန်တစ်သောင်းဆံ့ အုတ်ရေကန်နှင့် ရေပိုက်လိုင်းများ တည်ဆောက်ခဲ့ရာ အောင်မြင်စွာ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဧပြီ ၂၄ ရက်က အဆိုပါကျေးရွာ စက်ရေတွင်းအနီးရှိ ယာယီမဏ္ဍပ်တွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ညောင်ဦးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ငွေနှင့် ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးထွန်းထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရပ်ရွာလူထု အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ကုလားတဲကျေးရွာ ရေရရှိရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ကုလားတဲကျေးရွာ ရေရရှိရေးလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ငွေကျပ် ၃၇ ဒသမ ၆၁ သန်းနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ် ၃ ဒသမ ၀၄ ဖြင့် အကောင်အထည်ဖော်ခဲ့ကာ ယခု လုပ်ငန်းများပြီးစီးသဖြင့် ကျေးရွာများရှိ အိမ်ခြေ ၅၅၇ အိမ်မှ လူဦးရေ ၃၂၀၅ ဦးအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကလေးသူငယ်နှင့် အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူး သင်တန်းဖွင့်

**ပုသိမ် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာနအစည်းဝေးခန်းမ၌ ကလေးသူငယ်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူး သင်တန်းကို ဧပြီ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က ယခုသင်တန်းကို ကလေးသူငယ်နှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အသိပညာများ မြင့်မားလာစေရန်၊ ရပ်ရွာအတွင်း တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသူများ စွမ်းဆောင်ရည်မြင့်မားလာစေရန်၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ဖြစ်ရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းပို့ချိတ်ဆက်ဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်း ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ မှ မေ ၄ ရက်အထိဖြစ်ကာ သင်တန်းတွင် သိင်္ဂဟဂျဲန်ဒါအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများကလည်း သင်ကြားပို့ချသွားမည်ဟု သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြင်းမူမြို့သို့ နိုင်ငံခြားသားခရီးသွားများ ရေလမ်းခရီးမှဝင်ရောက်လည်ပတ်လျက်ရှိ

**မြင်းမူ ဧပြီ ၂၅**

ပြည်တွင်းသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားများအနေဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ရေလမ်းခရီးဖြင့် လည်ပတ်လေ့ရှိရာ လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်မှ မြင်းမူမြို့ဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ်၍ မြင်းမူမြို့တွင်း လည်ပတ်ကာ အခြားဒေသများသို့ ကုန်းလမ်းခရီးဖြင့် ဆက်လက်သွားရောက်ကြကြောင်း သိရသည်။

ယခုရာသီအချိန်သည် ဧရာဝတီမြစ်ရေနည်းပါးသည့်အချိန်ဖြစ်၍ သင်္ဘောကြီးများမှာ မြစ်ကြောင်းတစ်လျှောက်လုံး စုန်ဆင်းပြီး ခရီးသွားလာရန် ခက်ခဲခြင်း၊ မြင်းမူဆိပ်ကမ်းမှတစ်ဆင့် လိုရာခရီးကို မော်တော်ယာဉ်ကြီးများဖြင့် လွယ်ကူစွာသွားလာနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများသည် မြင်းမူမြို့ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်နေခြင်းဖြစ်ကြောင်း ရေကြောင်းဌာနမှ သိရှိရသည်။



မြင်းမူမြို့ဆိပ်ကမ်း၌ သင်္ဘောကြီးများ ဆိုက်ကပ်ပြီးနောက် နိုင်ငံခြားသားခရီးသွားများသည် မြင်းမူမြို့အတွင်း ဆိုက်ကားများဖြင့် ဧရာဝတီမြစ်ကမ်း လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုခြင်း၊ မြို့မဈေးအတွင်း ဝင်ရောက်၍ မြန်မာ့ရိုးရာအစားအစာများကို ဝယ်ယူစားသုံးခြင်း၊ ဒေသခံများနှင့်အတူ ဓာတ်ပုံရိုက်ကူးခြင်း၊ ဝါးထောင်များသို့သွားရောက်ကာ အိမ်အမိုးကပ်များ၊ အိမ်အကာထရံများ၊ ဝင်းထရံများ ရက်လုပ်နေမှုတို့ကို လေ့လာခြင်းများ ပြုလုပ်ကြပြီးနောက် မိမိတို့သွားလိုရာခရီးစဉ်များသို့ ကားများဖြင့် ဆက်လက်သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## သောက်သုံးရေပြတ်လပ်နေသော ရပ်ကွက်များသို့ မီးသတ်ယာဉ်ဖြင့် သောက်သုံးရေများလှူဒါန်း

**ကျိုက်မရော ဧပြီ ၂၅**

ကျိုက်မရောမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း နေပူရှိန်ပြင်းလွန်း၍ ရေတွင်း၊ ရေကန်များတွင် သုံးရေ ၊ သောက်ရေများ ပြတ်လပ်လျက်ရှိသဖြင့် ကျိုက်မရောမြို့နယ် အထွေထွေမြို့သစ်နှင့် အောင်သုခရပ်ကွက်များတွင် ပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန် မြို့နယ်ပရဟိတလူငယ်အဖွဲ့က သောက်သုံးရေများကို ရေလိုအပ်သည့်နေရာများသို့ အလှည့်ကျ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်ပရဟိတ လူငယ်အဖွဲ့မှ ကိုဒူးလေး ဦးဆောင်သည့်အဖွဲ့က ရေဂါလန် ၁၀၀၀ ဆံ့ မီးသတ်ယာဉ်နှင့် ဂါလန် ၅၀၀ ဆံ့ ပရဟိတအဖွဲ့ပိုင်ယာဉ်တို့ဖြင့် ရေလိုအပ်သော ရပ်ကွက်များသို့ သောက်ရေများကို အလှည့်ကျ ဖြန့်ဝေလှူဒါန်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာအုပ်စု ဂမူးကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းခန်းမ၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မှော်ဘီမြို့မ ရဲစခန်းမှ ရဲတပ်ကြပ်ကြီး သိန်းဇော်ဌေးနှင့် တပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ ခိုး၊ ဆိုး၊ လု၊ နှိုက်နှင့် ပြေး (၄) ပြေးများ ဖမ်းဆီးရမိနိုင်ရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ကျေးလက်နေပြည်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ဟန်စိုး(မြန်မာ့အလင်း)**

# နွားနို့မှ လူကိုကူးစက်သော ရောဂါများ ကင်းဝေးရေး ဝိုင်းဝန်းဆောင်ရွက်ပေး

**ထွန်းလှိုင်(မြိုင်)**



နွားနို့သည် လူမျိုး၊ ဘာသာ၊ အသက်အရွယ်မရွေး ကြိုက်နှစ်သက်စွာသောက်သုံးကြသည့် အာဟာရပြည့်ဝသော စားသောက်ကုန် တစ်မျိုးဖြစ်သည်။ နွားနို့ကို ပေါင်းတင်ပြီး နို့၊ ဒိန်ချဉ်၊ နို့မလိုင်၊ ထောပတ်၊ နို့ဆီ၊ နို့မှုန့်၊ ကေစင် (Casein) တို့ကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်စားသုံးလျက်ရှိသည်။ ထို့အပြင် နွားနို့သည် ကလေး၊ လူကြီး၊ လူမမာ၊ အားကစားသမားများအတွက် အားဖြည့်အစားအစာအဖြစ် အရိုးအဆစ်များ ဖွံ့ဖြိုးကြံ့ခိုင်ရေး၊ ခန္ဓာကိုယ်ကျန်းမာ၍ ကိုယ်ခံအားကောင်းမွန်ရေး၊ ဉာဏ်ရည်မြင့်မားရေး၊ လှုပ်ရှားမှုသွက်လက်ရေး အထောက်အကူပြုသည်။

**ကျန်းမာရေးနှင့်ညီညွတ်သည့် နို့ရရှိရန် အရေးကြီး**

ယနေ့ပြည်သူအများစုသည် နွားနို့နှင့် နို့မှ ထုတ်လုပ်သောကုန်ပစ္စည်းများကို အသုံးပြုကြပြီ ဖြစ်သည်။ သို့သော် ကျန်းမာရေးနှင့် ညီညွတ်သော နို့ရရှိရန် အရေးကြီးသည်။ သောက်သုံးသူများသည် နို့ဆီဖျော်လက်ဖက်ရည်ကို သောက်သုံးလေ့ရှိကြသော မိမိတို့မြန်မာအများစုအနေဖြင့်လည်း သန့်ရှင်းလတ်ဆတ်သော နွားနို့ကို နို့ထုတ်လုပ်သူများမှ အထူးဂရုပြုရန် လိုအပ်သည်။ နွားနို့တစ်လီတာ ထွက်ရှိရန် သွေး ၅၀၀ လီတာခန့် နို့အုံသို့ ရောက်ရှိရန် လိုအပ်ပါသည်။ ရောက်ရှိသည့်သွေးအတွင်းရှိ ရေ၊ ဂလူးကို့စ်၊ အဆီဓာတ်နှင့် အသားဓာတ်များကို နို့အုံရှိဆဲလ်များက နို့အဖြစ် ပြောင်းလဲပေးခြင်း ဖြစ်သည်။

**နို့ညှစ်သူအသုံးပြုသော ပစ္စည်းများ သန့်ရှင်းရန်လို**

သို့အတွက် နွားမှ ညှစ်ယူသော နွားနို့ထဲသို့ နို့ညှစ်သူအသုံးပြုသောပစ္စည်းများ မသန့်ရှင်းလျှင်သော်လည်းကောင်း၊ နွားမကြီးတွင် ရောဂါရှိလျှင်သော်လည်းကောင်း နွားနို့နှင့် နို့ထွက်ပစ္စည်းမှတစ်ဆင့် လူများသို့ ဖော်ပြပါရောဂါများ ကူးစက်နိုင်ပါသည်။ ယင်းတို့မှာ ကျွဲ၊ နွားတီဘီ၊ ဘရူဆယ်လာ သားလျှောရောဂါ၊ ခွာနာလျှာနာရောဂါ၊ ထောင့်သန်းရောဂါ၊ ချွေးရူးရောဂါနှင့် နို့အုံရောင်ရောဂါတို့ ဖြစ်သည်။

တီဘီရောဂါရှိသည့် နွားနှင့်အမြဲမပြတ် ထိတွေ့ခြင်း၊ ရောဂါရှိသော နွားမကြီး၏ နို့ကို သောက်သုံးခြင်းဖြင့် ကူးစက်နိုင်သည်။ နို့ကို မိနစ် ၂၀ ခန့် အပူပေးခြင်းဖြင့် သေစေနိုင်ပါသည်။ ဘရူဆယ်လာ သားလျှောရောဂါသည် ကျွဲ၊ နွားတွင် ဖြစ်ပွားသည်။ သားလျှောရောဂါပိုးသည် လူသို့ ကူးစက်ပြန့်ပွား နိုင်ပါသည်။ နွားနို့ကို ၁၅ မိနစ်အပူပေးပါက ရောဂါပိုးသေစေ နိုင်ပါသည်။

**ဗိုင်းရပ်စ်ပိုးပါသည့် နွားနို့မသောက်သင့်**

ခွာနာလျှာနာ ဗိုင်းရပ်စ်ပိုးပါရှိသည့်နို့ကို သောက်သုံးမိခြင်းဖြင့် လူတွင်ရောဂါဖြစ်နိုင်သည်။ နွားမ၏ နို့အုံအကျိတ်အတွင်းသို့ ရောဂါပိုးဝင်ရောက်ပြီး နို့အုံအနာဖုအရည်ကြည်မှ ရောဂါပိုးသည် နို့ထဲမှတစ်ဆင့် ကူးစက်နိုင်ပါသည်။ ခွာနာလျှာနာ ဗိုင်းရပ်စ်ပိုးကို မိနစ် ၂၀ ခန့် အပူပေးခြင်းဖြင့် သေစေနိုင်ပါသည်။

ထောင့်သန်းရောဂါဖြစ်နေသော နွားမနို့ကို သောက်သုံးမိခြင်းဖြင့် လည်းကောင်း၊ အမဲသားတွင်ပါရှိသော ထောင့်သန်းရောဂါပိုးသည် လူ၏ အသားအကွဲ ဒဏ်ရာအနာများအတွင်း ဝင်ရောက်ပြီး ရောဂါကူးစက် နိုင်ပါသည်။ လူများတွင် အသားမာပေါက်၍ အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ချွေးရူးရောဂါပိုးသည် ချွေးရူးရောဂါဖြစ်သည့် နွားမနို့အုံထဲတွင် ပါရှိပါသည်။ ယင်းနို့ရည်ကို ကိုင်တွယ်ရာမှ ခန္ဓာကိုယ်အကွဲအရှ ဒဏ်ရာများမှလည်းကောင်း၊ နွားနို့စိမ်းကို သောက်သုံးမိရာမှလည်းကောင်း ရောဂါပိုးရောက်နိုင်ပါသည်။

**နို့အုံရောင်သည့် နွားနို့ကို သောက်သုံးရန် မသင့်**

နို့အုံရောင်ရောဂါဖြစ်စေတတ်သည့် ပိုးအများစုမှာ လူကို မကူးစက်နိုင်သော်လည်း နို့အုံရောဂါဖြစ်သော Streptococcus ပိုးမွှားရောဂါရှိသော နွားမနို့ကို သောက်သုံးမိရာမှတစ်ဆင့် လူသို့ ကူးစက်နိုင်ပြီး လူတွင်အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်း၊ အင်ပြင်အနီရောင်ထွက်ခြင်း၊ ဖျားခြင်းများ ဖြစ်နိုင်ပါသည်။ နို့အုံရောင်သည့်နွားမနို့ကို သောက်သုံးရန် မသင့်ပါ။ ထို့အပြင်နို့ညှစ်သူ လူသားများမှတစ်ဆင့်၊ တီဘီရောဂါရှိသော လုပ်သားများမှ တစ်ဆင့်ကူးစက်နိုင်ပါသည်။ ဝမ်းလျှောရောဂါရှိသူဖြစ်ပြီး မသန့်ရှင်းသောလက်များနှင့် နို့ညှစ်ခြင်းဖြင့် နို့ထဲတွင် ရောဂါပိုးပါလာပြီး နို့သောက်သူများ ကူးစက်ရောဂါများ ရရှိနိုင်ပါသည်။

ထို့ကြောင့်နို့ကို ကျိုချက်ပြီးမှ သောက်သုံးသင့်ပါသည်။ နွားနို့တွင် အဆီဓာတ်၊ ပရိုတင်း(အသားဓာတ်)၊ သကြားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်များ၊ အင်ဇိုင်းများ၊ အက်စစ်များ (ဆစ်ထရစ်အက်စစ်)၊ နိုက်ထရိုဂျင်ဓာတ်ပေါင်းများ ပါဝင်ပါသည်။

ထို့အပြင် သန့်ရှင်းသော နွားနို့မှ ဗက်တီးရီးယားပိုး ပါဝင်မှုရှိပြီး နွားနို့(၁)စီစီတွင် ဗက်တီးရီးယားပိုးကောင်ရေ ၄၀၀၀ ကျော်ခန့်ပါဝင်ကာ မသန့်ရှင်းသော နွားနို့တွင် ဗက်တီးရီးယား ပိုးကောင်ရေတစ်သိန်းကျော်အထိ ပါဝင်နိုင်ပါသည်။ သို့ဖြစ်၍ ကျိုချက်သောက်ရန် အထူးအရေးကြီးပါသည်။

နွားနို့သည် မြန်မာဆေးကျမ်းကြီးအလိုအရ အဆီဩဇာရှိ၍ ချိုဆိမ့်၏။ လေသည်းခြေကိုနိုင်၏။ သလိပ်နှင့် သုက်ကိုပွားစေ၏။ ခွန်အားနှင့်ကာမကိုအားပေး၏။ အသက်ရှည်စေ၏။ ပညာ၊ အရွယ်၊ အဆင်းကိုတည်မြဲစေ၏။ အရိုးကျိုးလျှင် ဆက်စေနိုင်၏။ အဖျားအို၊ အဖျားဟောင်း၊ သွေးအားနည်းရောဂါ၊ သွေးတိုး၊ ရင်ကျပ်နာ၊ လေမတက်ဘဲလေထသည့်ရောဂါ၊ သွေးအန်သွေးလျှံနာ၊ အပူရောဂါ၊ မောပန်းအားနည်းသောရောဂါ၊ ကိုယ်ဝန်လျှောစေသောရောဂါ၊ ပိန်ကြုံရောဂါတိုးတို့အတွက် အထူးသင့်တော်သည်။ ဓာတ်သဘောအရ သီဟတေဇော၊ သီဟပထဝီဓာတ်စာဖြစ်သည်။

**သန့်ရှင်းသော နွားနို့ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်**

ဗြိတိသျှဆေးကျမ်းကြီးအဆိုမှာ နို့ချိုသည်လူသား၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် အသက်ရှည်မှုအတွက်လိုအပ်သော အာဟာရဓာတ် အားလုံးကိုပေးစွမ်းနိုင်၏။ ထို့အပြင်အရိုးပျော့ရောဂါ၊ သွေးစိမ့်သောရောဂါနှင့် အခြားရောဂါအများအပြားကိုလည်း ကာကွယ်ပေးနိုင်သည်။

ထို့ကြောင့် နွားနို့၊ နို့ထွက်ပစ္စည်းများ သုံးစွဲသူများအသက်အန္တရာယ်ကင်းစင်ဖို့၊ ကူးစက်ရောဂါကင်းဝေးစေဖို့ နွားမွေးမြူသူတို့အနေဖြင့် သန့်ရှင်းသောနွားနို့ရရှိအောင် ဆောင်ရွက်ပေးရန် အကြံပြုပါသည်။ ။

> **"နွားနို့တွင် အဆီဓာတ်၊ ပရိုတင်း(အသားဓာတ်)၊ သကြားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်များ၊ အင်ဇိုင်းများ၊ အက်စစ်များ (ဆစ်ထရစ်အက်စစ်)၊ နိုက်ထရိုဂျင်ဓာတ်ပေါင်းများ ပါဝင်ပါသည်။ ထို့အပြင် သန့်ရှင်းသော နွားနို့မှ ဗက်တီးရီးယားပိုးပါဝင်မှုရှိပြီး နွားနို့(၁)စီစီတွင် ဗက်တီးရီးယားပိုးကောင်ရေ ၄၀၀၀ ကျော်ခန့်ပါဝင်ကာ မသန့်ရှင်းသော နွားနို့တွင် ဗက်တီးရီးယား ပိုးကောင်ရေ တစ်သိန်းကျော်အထိ ပါဝင်နိုင်ပါသည်။ သို့ဖြစ်၍ ကျိုချက်သောက်ရန် အထူးအရေးကြီး"**



**ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်တောင်ပေါ် ဒေသတစ်ခုဖြစ်သော လွိုင်အိုင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က နွေရာသီသောက်သုံးရေ ရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် စက်ရေတွင်း၊ ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တစ်လုံးနှင့် ရေတင်စက်ရုံတို့အား တည်ဆောက်ပေးပြီး ကျေးရွာနေပြည်သူများကို သောက်သုံးရေ ဖြန့်ဝေပေးစဉ်။**

မျိုးညွန့်ရွှေ

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သတင်းစာဆရာအသင်း သက်ကြီး သတင်းစာဆရာကြီးများအား ပူဇော်မည်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)သတင်းစာဆရာအသင်းသည် မြို့နယ်အတွင်းရှိ အသင်းဝင်သက်ကြီးသတင်းစာ ဆရာကြီးများအားပူဇော်ကန်တော့ပွဲကို မေလအတွင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။

ကန်တော့ခံသတင်းစာဆရာကြီးများ၏အသက်ကို ၇၅ နှစ်နှင့်အထက် သတ်မှတ်ထားပြီး ကျင်းပရေးကော်မတီကို မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ခရမ်းစိုးမြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး အတွင်းရေးမှူး ဦးအောင်မော်နှင့် ကော်မတီဝင်များအဖြစ် သတင်းစာဆရာအသင်း အမှုဆောင်အားလုံး ပါဝင်ဖွဲ့စည်းသည်။

သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌခရမ်းစိုးမြင့် ၀၉-၅၀၆၆၄၉၀၊ အတွင်းရေးမှူး ဦးအောင်မော် (အောင်မြင့်မိုရ်-စိန်ဂျွန်း) ၀၉-၂၅၂၈၄၆၃၂၃၊ ဘဏ္ဍာရေးမှူးဒေါ်ယဉ်မွန် (ယဉ်မွန်အောင်-ဥပဒေ) ၀၉-၇၆၀၁၃၁၆၉၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

## ပလောက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ဆေးမှုတ်၊ ဆေးခတ်လုပ်ငန်းများဆောင်ရွက်

**ပလောက် ဧပြီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ မြို့ပေါ်ရပ်ကွက်၌ ပြည်သူ့ဆေးရုံမှ ပြည်သူ့အကျိုးပြုကျန်းမာရေးကဏ္ဍအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုအတွက် ပိုးလောက်လမ်းမှအစ ခြင်ပေါက်ဖွားမှု မရှိစေရေး ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို ဧပြီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ရာတွင် ပလောက်မြို့ ပြည်သူ့ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ရီရီသိန်းနှင့် အဖွဲ့သည် မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်များ၌ ခြင်ဆေးမှုတ်ပေးခြင်း၊ ရေကန်များ၊ ရေတိုင်ကီများ၊ ပန်းအိုးများကိုပါ အဘိတ်ဆေးခတ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆရာမ ဒေါ်ရီရီသိန်းနှင့် အဖွဲ့သည် နေအိမ်များ၏ ပတ်ဝန်းကျင်ရှိ ရေမြောင်းများတွင် အမှိုက်များ ပိတ်ဆို့မှုရှိ မရှိ၊ ရေစီးရေလာ ကောင်းမွန်မှု ရှိ မရှိ စစ်ဆေးပြီး ပြည်သူများကို သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း သိရသည်။

နိုင်ဦး(ပြန်/ဆက်)

## မြန်အောင်မြို့၌ ဧရာဝတီမြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်

**မြန်အောင် မေ ၂၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်အောင်မြို့အမှတ် ၁ ရပ်ကွက် မကျီးစု မြန်အောင်တာမိုင် ၆/၃ အနီး ဧရာဝတီမြစ်ကမ်းဘေး ကမ်းထိန်းလုပ်ငန်း အုန်းတိုင်စိုက်သံခြင်းအခြေပြု ကွန်ကရစ် ကျောက်ပြားကပ်တမံ အလျား ပေ ၉၀၀ လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီးဖြစ်ပြီး ပြည်တော်အေးဘုရားရှေ့အုန်းတိုင်အခြေပြု ကျောက်ပြားစီကမ်းထိန်းပြုပြင်ခြင်း အလျား ပေ ၁၅၀ လုပ်ငန်းမှာ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **ဝင်းဗိုလ် (မြန်/ဆက်)**



## မုံရွာမြို့၌ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းဖွင့်မည်

**မုံရွာ မေ ၂၅**

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးအတွက် ဒေသအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းကို မုံရွာမြို့တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက သိရသည်။

အဆိုပါ သင်တန်းကို မုံရွာမြို့တွင် မေ ၂၁ ရက်မှ ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးမှ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများက လာရောက်သင်ကြားပို့ချပေးမည်ဖြစ်ရာ သင်တန်းအောင်မြင်စွာပြီးဆုံးပါက ဒေသတွင်းဧည့်လမ်းညွှန်လိုင်စင်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ခွင့်လျှောက်ထားနိုင်သူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူဖြစ်ရမည်ဖြစ်ပြီး လက်ရှိအချိန်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ကျောက္ကာလမ်း၊ ဆိုင်ကယ်ပွဲစားတန်းနှင့် ရွှေစည်တော် စားသောက်ဆိုင်အနီး၊ ရန်ကင်းရပ် မုံရွာမြို့သို့ လူကိုယ်တိုင်သော် လည်းကောင်း ဖုန်း- ၀၇၁ -၂၁၁၅၂ သို့ လည်းကောင်း ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီအကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရေး မေ ၂၅**

မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်ကဏ္ဍများတွင် ရှေ့ပြေးအနေနှင့် မွန်ပြည်သစ်ပါတီ အပါအဝင် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားကြောင်း သိရသည်။



အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီဥက္ကဋ္ဌ နိုင်ဝင်းလုက အမျိုးသားအဆင့်ကျင်းပမည့် လုပ်ငန်းဆပ်ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကြီးကြပ်ရေးကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီမှ ဗဟိုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်၌ မွန်ပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ကြီးကြပ်မှုကော်မတီမှ ဦးဆောင်ကျင်းပမည့် ယင်းဆွေးနွေးပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ ပြည်သူ့အားကစားရုံအထက ၁ မွန်မွှာရုံ၌ သုံးနေရာတစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ကြို့ပင်ကောက် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူနေအိမ် ပြိုကျပျက်စီးသည့် အိမ်နှစ်လုံးအတွက် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀၅၀၀၀၊ ယင်းအိမ်နှစ်လုံးတွင် နေထိုင်သူမိသားစုဝင် ခြောက်ဦးအတွက် ခုနစ်ရက်စာ ဆန်ဖိုးငွေကျပ် ၁၂၆၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းဆယ်မျိုး၊ အမိုးလန်အိမ် ၂၅ လုံးအတွက် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေကျပ် ၉၆၈၅၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းသို့ထောက်ပံ့ပေးအပ်ခြင်းကို ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ဆုံးရှုံးမှုကာလပေါက်ဈေးအတိုင်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကာယကံရှင်များက အဆိုပါ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မိမိတို့မိသားစု စီးပွားရေးပြန်လည်ဖွံ့ဖြိုးရေးအတွက် အသုံးပြုသွားကြရန် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း မေ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များမှ မိသားစုများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မေ ၂၃ ရက်က ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် မင်းဘူး(စကု) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက လေဘေးသင့်ပြည်သူများအား လူသားချင်းစာနာ၍ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို လေဘေးသင့် ကျေးရွာများသို့ ကွင်းဆင်းရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ ထိန်တောကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ပက်ပယ်ကျေးရွာနှင့် ရေငံကျေးရွာတို့တွင် မေ ၂၁ ရက်က ဖြစ်ပွားခဲ့သော လေဘေးဒဏ်ကြောင့် ပြိုကျနေအိမ်တစ်လုံး၊အမိုးလန် နေအိမ် ၁၂ လုံး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ လူဦးရေ ၅၈ ဦးတို့အတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၇၈၁၈၀၀ ကို လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



## ဇလုံတောင်တော်တွင် ဒုလ္လဘရဟန်းပြုမည့်သူများအား ငွေလှူဒါန်း

**ဗန်းမောက် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဇလုံတောင် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစေရေးရည်ရွယ်၍ မေ ၂၃ရက်က ဇလုံတောင်တက် မော်တော်ယာဉ်လိုင်းအသင်းမှ နာယကဦးကျော်နန်း ဦးဆောင်၍ ဒုလ္လဘရဟန်းပြုမည့်သူများအား တစ်ပါးလျှင် ၁၂၀၀၀ ဖြင့် အပါး ၄၀ ကျော်အတွက် ငွေကျပ် ၅၀၀၀၀၀ ကိုဆရာတော်များထံ လှူဒါန်းခဲ့ပြီး ကျောက်မဏ္ဍပ်တွင်လည်း ဘုရားဖူးခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားနေသည့်အတွက် တိုးချဲ့ရေအိမ်သာ ဆောက်လုပ်ရာတွင် တောင်တက်ကားအသင်းမှ ငွေကျပ် ၁၄ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

“ယခုလို တောင်တက်ကားတွေ စနစ်တကျပြေးဆွဲနိုင်ဖို့ တောင်တော်ခြေရင်းနဲ့ လေယာဉ်ကွင်းအနီးတွင် ဈေးဆိုင်ခန်းတွေကိုလည်း စနစ်တကျဆောက်လုပ်ပေးပြီး ကားလိုင်းတွေကို အတက်အဆင်းအန္တရာယ်မဖြစ်စေရေး၊ စည်းကမ်းလိုက်နာကြဖို့ အတွက် ကားအသင်းမှ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်နေပါတယ်”ဟု တောင်တက်ကားအသင်းဥက္ကဋ္ဌက ပြောသည်။ **ကျော်စွာ(ဗန်းမောက်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %) အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရောဝတီတိုင်းဒေသကြီး လွှတ်တော်ရေးရာအဖွဲ့နှင့် ပြည်သူများ တွေ့ဆုံ




**အမာ ဧပြီ ၂၅**

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဧပြီ ၂၄ ရက်က ရောဝတီတိုင်းဒေသကြီး လွှတ်တော်တရားစီရင်ရေး ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏အာမခံချက်များ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ရောက်ရှိလာပြီး ပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ဦးဇေယျာမင်းသိမ်းက မိမိတို့အဖွဲ့၏လုပ်ငန်းတာဝန်များကို ရှင်းပြခဲ့ပြီး ပြည်သူများမှ လိုအပ်ချက်ကိုတင်ပြကြရန် ပြောကြားရာပြည်သူများက ဒေသတွင်းဖြစ်ပေါ်နေသော အဆင်မပြေမှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

အများဆုံးတင်ပြကြသည်မှာ ဒေသတွင်းဥယျာဉ်ခြံမြေသမားများနှင့် သစ်တောမှ ချထားပေးသော သစ်တောစိုက်ခင်းလုပ်ပိုင်ခွင့်ရရှိသူများ၏ အဆင်မပြေမှုများဖြစ်ပြီး အခြားအခက်အခဲများကိုလည်း တင်ပြခဲ့ကြသည်။ ကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ပြန်လည်ဖြေကြားရှင်းလင်းပေးမှုကို မှတ်သားပြီး အထက်အဆင့်ဆင့်သို့ ထပ်ဆင့်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ပြည်သူများ တင်ပြထားသော သစ်တောစိုက်ခင်းရှိသည့် ကန္နားကွင်းကျေးရွာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ငရုတ်စိုက်ပျိုးတောင်သူများ ဈေးကွက်ကောင်းရရန် မျှော်လင့်

**တပ်ကုန်း ဧပြီ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်နေတောင်သူများအနေဖြင့် ငရုတ်များအစောပေါ်အောင် တပို့တွဲလမှ စတင်ကာ ပျိုးထောင်ကြပြီး ငရုတ်ပင်များကို တပေါင်း၊ တန်ခူးလများတွင် မြေအောက်ရေများ အသုံးပြုစိုက်ပျိုးကြသည်။

"ကျွန်တော်တို့ ဆောင်းသီးနှံရိတ်သိမ်းပြီးတာနဲ့ ထယ်ရှဉ်း၊ ထွန်ရှဉ်းတွေနဲ့ ညက်ပွအောင် မြေပြုပြင်ခြင်းလုပ်ကိုင်ပါတယ်၊ အပင်စမ်းကတော့ နှစ်တောင်စမ်းခန့်ဆွဲပြီး အပင်ကျင်းပေါင်း ၄၀၀၀ စိုက်ထားပါတယ်၊ နယုန်လထဲလောက်ဆို အသီးတွေသီးပြီး ဆွတ်ခူးရောင်းချရပါတယ်၊ အပင်အရွက် မလိပ်အောင် ပေါင်းမြက်နဲ့ ပိုးသတ်ဆေးရည်တွေကိုလည်း ဂရုတစိုက်ဆောင်ရွက်ရပါတယ်၊ ရေတစ်ခါလောင်းရင် စက်ဆီဖိုးက ငွေကျပ် ၂၀၀၀ ခန့် ကုန်ကျပြီး ပေါင်းမြက်သင် နေ့စားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ပေးရပါတယ်၊ ငရုတ်ပေါ်ချိန်မှာ ငရုတ်သီး ဈေးကောင်းရဖို့ မျှော်လင့်ပါတယ်" ဟု ကင်မွန်းတန်းကျေးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

**တင်စိုးလွင်**

## ဖလမ်းမြို့၌ ဘဝတွက်တာ ကျွမ်းကျင်စရာ သင်တန်းဖွင့်

**ဖလမ်း ဧပြီ ၂၅** - ကလေးသူငယ်များ အသက် ၁၈ နှစ်နောက်ပိုင်းတည်ဆောက်ရာတွင် လိုအပ်သည့် စွမ်းရည်များမြှင့်တင်လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ပြီး ဧပြီ ၂၃ ရက်မှ စတင်ကာ ဖလမ်းမြို့ YCC ခန်းမ၌ ဘဝတွက်တာကျွမ်းကျင်စရာနှင့် မိဘပညာပေးသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို World Vision မြန်မာရုံးချုပ် ပညာရေးကျွမ်းကျင် ဆရာကျော်ဇော်အောင်လင်းနှင့် အလယ်ပိုင်းဇုန်ပညာရေးကျွမ်းကျင် ဆရာမခုပ်လမ်ဝုန်တို့က ဘဝတွက်တာကျွမ်းကျင်စရာနှင့် မိဘပညာပေး ခေါင်းစဉ်များဖြင့် ပို့ချသင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းကို ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သင်တန်းတွင် World Vision (ဖလမ်း) ရုံးဝန်ထမ်းများနှင့် မြို့ပေါ်အသင်းတော်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ............
စိန်ရွှေရတနာဆိုင်
Tah Lee Gold
ရွှေစုလိုသော Customer များအတွက် အခေါက်တုံးများကို ၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း (လက်ခမပါ)ဝယ်ယူရရှိနိုင်ပါသည်။
( ၁ ကျပ်သား ) ( ၂ ကျပ်သား )
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၈၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.801-802)

ပထမဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty
ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၁၅၄၆၇၀
- ၀၉-၄၅၁၇၃၀၀၀၈
ပင်လုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း - ၀၉-၄၅၁၇၃၀၀၀၂
- ၀၉-၇၈၃၉၇၈၈၈၃
၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၉-၇၃၁၂၆၀၅၇
- ၀၉-၃၀၄၇၁၆၅၄
နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၀
- ၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း - ၀၉-၄၂၁၀၈၈၄၂၂
- ၀၉-၄၂၆၅၀၀၄၁၃



## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၃ ရက်**
**၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

၁။ ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် ကျပ်(၁၀)သိန်းအထက် လုပ်ငန်း(၃၀)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | |
|---|---|
| **တင်ဒါအဆိုပြုလွှာက်လွှာရောင်းချမည့်ရက်** | - ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀နာရီ |
| **တင်ဒါအဆိုပြုလွှာက်လွှာပိတ်မည့်ရက်** | - ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄ နာရီ |
| **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၁၁-၅-၂၀၁၈ရက် ညနေ ၄ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** | - ၁၅-၅-၂၀၁၈ရက် နံနက် ၉နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ညောင်လေးပင်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၇-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၅၂-၂၇၅၀၀၆၄၊ ၀၉-၄၅၈၀၀၁၄၂၅၊**

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်**
**၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်**

၁။ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် ကျပ်(၁၀)သိန်းအထက် လုပ်ငန်း(၁၅)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | |
|---|---|
| **တင်ဒါအဆိုပြုလွှာက်လွှာရောင်းချမည့်ရက်** | - ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၀နာရီ |
| **တင်ဒါအဆိုပြုလွှာက်လွှာပိတ်မည့်ရက်** | - ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄ နာရီ |
| **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၁၄-၅-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** | - ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝေါမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၃၀-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၅၂-၇၅၅၇၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5277 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/2845၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဖယ/၈၀၂၁၉ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထူး ၁၀/ကထန(နိုင်)၀၆၉၀၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၄၅၆၂၉ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ မောင်လှဝင်း ၁၀/ဘလန(နိုင်)၁၁၃၈၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/5588 Mercedes Benz CLS 63, S/L(4x2)L ယာဉ်လက်ဝယ်ရှိသူဦးကျော်ထွန်းနိုင် ၉/မရမ(နိုင်)၀၀၁၂၃၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၃) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၅) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၇) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၈) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၉) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၉) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၁၂) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၁၅၈) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာစီမံကိန်း (၂၆×၂၇)လမ်းနှင့် (၇၃×၇၄)လမ်းကြား ကွန်ဒို (၄၊ ၅၊ ၆)ရှိ Commercial တိုက်ခန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ရောင်းချမည့်လူနေတိုက်ခန်းပေါင်း** - ၆ ယူနစ် (၁ယူနစ် ၃လွှာ)
(ခ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - ၂၆-၄-၂၀၁၈
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၅-၅-၂၀၁၈
(ဃ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်

၂။ တိုက်ခန်း(၁)ခန်း၏ ကြမ်းခင်းဈေးနှုန်းမှာ (၁) စတုရန်းပေလျှင် ၇၀၀၀၀/-(ကျပ်ခုနစ်သောင်း)နှုန်း ဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၅၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်နယ်ပညာရေးမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း/ရုံးများ - ရှမ်းပြည်နယ်(တောင်ပိုင်း) -၂၆၀ ကျောင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း) -၂၀၂ ကျောင်း
ရှမ်းပြည်နယ်(အရှေ့ပိုင်း) - ၅၂ ကျောင်း

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး (မြောက်ပိုင်း) (အရှေ့ပိုင်း) ပညာရေးမှူးရုံးခွဲများ

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၁၈၊ အချိန် ၁၆:၀၀ နာရီ

၄။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် တာဝန်ယူဆောက်လုပ်သည့်ကျောင်းများအတွက် အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ခံ့အရေအတွက်အား ဌာနမှ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ပြုလုပ်ပေးရမည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း-လားရှိုး/အရှေ့ပိုင်း-ကျိုင်းတုံ) ပြည်နယ်ပညာရေးမှူးရုံးခွဲများတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## "မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်း" တောင်ကုတ်မြို့ ကျောင်းသားသစ်များခေါ်ယူခြင်း

**ရည်ရွယ်ချက်** - ပညာထူးချွန်သော်လည်း ဆင်းရဲနွမ်းပါးသဖြင့် ပညာသင်ကြားရေးတွင် အခက်အခဲကြုံတွေ့နေရသော ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားနိုင်ရန်၊ ထူးချွန်ထက်မြက်သည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရန်၊ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းရေးအတွက် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန်၊

**တာဝန်ယူမှု** - ပညာသင်ကြားရေး၊ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးကို ဤကျောင်းမှ တာဝန်ယူသည်။

**စည်းကမ်းချက်များ** - (၁)ရခိုင်ပြည်နယ်(၁၇)မြို့နယ်မှ အခြေခံပညာအလယ်တန်း (၈) တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ (၂) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် နဝမတန်း၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲ(၂)မျိုး သင်ကြားပေးမည်။ (၃) ကျောင်းသား/သူ (၁၀၀)ဦး အထိသာ လက်ခံမည်။(၄) ပညာထူးချွန်သူချင်းတူနေလျှင် မိဘဆင်းရဲသူကို ဦးစားပေးမည်။ (၅)မိဘဆင်းရဲသူချင်းတူနေလျှင် မိဘမစုံသူကို ဦးစားပေးမည်။ (၆)မိဘမစုံသူချင်းတူနေလျှင် ဖခင်ကွယ်လွန်သူကို ဦးစားပေးမည်။ (၇) ကျန်းမာ၍ ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကူးစက်ရောဂါကင်းရှင်းသူ ဖြစ်ရမည်။ (၈) အခြေခံပညာအလယ်တန်း(၈)တန်းအောင်မြင်ကြောင်း ထောက်ခံချက်တင်ပြရမည်။ (၉)လျှောက်ထားသူ(၁၀၀)ထက် ကျော်လွန်နေပါက အခြေခံပညာအလယ်တန်း(၈)တန်းအဆင့် အင်္ဂလိပ်စာနှင့်သင်္ချာနှစ်ဘာသာဖြေဆိုသည့်ရမှတ် အနည်းအများအလိုက်ရွေးချယ်မည်။ ၁၉-၅-၂၀၁၈ရက် အင်္ဂလိပ်စာ၊ ၂၀-၅-၂၀၁၈ရက် သင်္ချာ မေးခွန်းများ ဖြေဆိုရမည်။ (၁၀)အပြီးသတ် ရွေးချယ်မှုကို လူတွေ့စစ်ဆေးခြင်း (Personal Interview) မေးမြန်းပြီးမှ အတည်ပြုမည်။ (၁၁)လျှောက်လွှာများကို မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းရုံးခန်းတွင် အခမဲ့ရယူနိုင်ပါသည်။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့လည်း ဖြန့်ဝေထားပြီးဖြစ်ပါသည်။ (၁၂)လျှောက်လွှာများကို ၁၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ တင်ရမည်ဖြစ်ပါသည်။ (၁၃)အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖုန်း - ၀၉-၄၅၀၉၉၉၀၈၁၊ ၀၉-၄၅၀၄၃၀၁၁၀၊ ၀၉-၄၂၁၇၂၄၆၆၄၊ ၀၉-၄၅၀၃၈၄၅၁၅၊ ၀၉-၂၆၂၈၀၁၁၉၉)

**အလုပ်အမှုဆောင်အဖွဲ့**
**မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်း**
**တောင်ကုတ်မြို့**

## လုံးဝမသက်ဆိုင်တော့ပါကြောင်း

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဦးသီဟဆွေ(ခ)ဖိုးချို ၈/ပခက(နိုင်)၁၅၃၃၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဥမ္မာအောင် ၁၄/ဝခမ(နိုင်)၁၁၃၂၅၉ သိစေအပ်သည်မှာ-

ကျွန်ုပ်၏အမှုသည်နှင့် ဒေါ်ဥမ္မာအောင်တို့သည် ၁၄-၂-၂၀၀၇ရက်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ်အတွင်း ကျွန်ုပ်၏အမှုသည်အပေါ် ဒေါ်ဥမ္မာအောင်မှ အချိန်တိုင်း မျက်စိဒေါက်ထောက်ကြည့်ပြီး အပြစ်တင်ခြင်း၊ အပြင်သွားရန်ပိတ်ပင်ခြင်း၊ မိမိ၏ကိုယ်ပိုင်လွတ်လပ်စွာသုံးစွဲသောဖုန်းအား ပေးမသုံးခြင်း၊ အလုပ်ထဲရှိ အရာရှိလုပ်ဖော်ကိုင်ဖက်အမျိုးသမီးဖြင့် အထောက်အထားမဲ့ မဟုတ်မမှန်စွပ်စွဲသမုတ်ခြင်းများအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်သည် ဦးသီဟဆွေ(ခ)ဖိုးချိုမှ ဒေါ်ဥမ္မာအောင်ထံသို့ ရှေ့နေမှတစ်ဆင့် ၂၀-၃-၂၀၁၈ရက်စွဲဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အတွက် ၃၁-၃-၂၀၁၈ရက် နောက်ဆုံးထား၍ ကွာရှင်းလက်မှတ်ရေးထိုးပေးရန် တောင်းဆိုသော်လည်း ယနေ့အချိန်အထိ တစ်စုံတစ်ရာပြန်ကြားခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဤကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်၏အမှုသည် ဦးသီဟဆွေ(ခ)ဖိုးချိုနှင့် ဒေါ်ဥမ္မာအောင်တို့သည် မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် ကျန်ရှိသော သက်ဆိုင်ရာကိစ္စအဝဝကို တရားဥပဒေနှင့်အညီ လိုအပ်သလို ကျွန်ုပ်မှ ကျွန်ုပ်အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသီဟဆွေ(ခ)ဖိုးချို**
**၈/ပခက(နိုင်)၁၅၃၃၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B,D.B.L,D.I.L,D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၈၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမင်းအောင် ၈/တတက(နိုင်)၁၃၅၃၉၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၁၃၃၄၈၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၈၂၈၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးကိုကို ၈/စလန(နိုင်)၁၅၉၁၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အုန္တကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၃၉/ခ)၊ ကွင်းအမည် သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်(၂၆/၁)၊ ဧရိယာ ၀ဒသမ ၀၂၆ဧကရှိ ၃/ခ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးသန်းဦး ၁၂/ဗဟန(နိုင်)၀၀၇၀၂၇ (ဘ) ဦးကြည်သန်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုလှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၁၅)**
**အမှတ်(၆၅) လေးလွှာ၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၇၃၀၂၊ ၀၉-၂၅၀၃၅၈၄၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ကုလားတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၂၆ သုံးအိမ်ကွင်း၊ ဦးပိုင်အမှတ် ၈/၄၊ မြေအမျိုးအစား လယ်မြေ၊ ဧရိယာ ၁၁ဒသမ ၈၀ဧကရှိ မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်စွာလင်း ၁၂/တတန(နိုင်)၁၅၇၆၅၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေး တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀)**
**အမှတ်(၄၇၅)ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
**အသက်(၉၂)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)နှင့်ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဲပြင်တောရှာလယ်ကျောင်း၊ ရှာသူရှာသားများနှင့်ဆွေမျိုးများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်မြင့် (သံတွဲ)
**လူထုပညာရေးမှူးဟောင်း**
**အသက်(၉၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီတို့၏ မိခင် ဒေါ်ခင်မြင့်(သံတွဲ) အသက်(၉၂)နှစ်သည် ၂၁-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ/ဆေးတက္ကသိုလ်-၂ (၁၉၈၄-၁၉၉၀)**

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးဒေါ်ခင်ဌေး(ငြိမ်း)
**သီပေါ**
**အသက်(၉၀)**

သီပေါမြို့နေ ဦးထွန်း-ဆရာမဒေါ်ရွှေမှုန်တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစိုးဝင်း)-ဒေါ်ခင်ထားရီတို့၏အစ်မ၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၂၈/ဂနေ ရဲမှူးဦးခင်မောင်ဝင်း(ငြိမ်း)၏ဇနီး၊ သီပေါအသင်း(ရန်ကုန်)၏ ကန်တော့ခံဖြစ်သူ ဗိုလ်မှူးဒေါ်ခင်ဌေး(ငြိမ်း) (စစ်ရုံးချုပ်) တပ်မတော်ပညာရေးကျောင်းသည် ၂၃-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီပေါအသင်း(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ငယ်မမသန်း(ခ) Theresa Aung Than
**အသက်(၆၉)နှစ်**

ဦးမြင့်ဆွေ (မကွေးတိုင်း e-Government ဦးစီးအဖွဲ့)၏ ဇနီး ဒေါ်ငယ်မမသန်း(ခ) Theresa Aung Than အသက်(၆၉)နှစ်သည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၀နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ငယ်မမသန်း(ခ) Theresa Aung Than
**အသက်(၆၉)နှစ်**

ဦးမြင့်ဆွေ(မကွေးတိုင်း e-Government ဦးစီးအဖွဲ့)၏ဇနီး ဒေါ်ငယ်မမသန်း(ခ)Theresa Aung Than သည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း**
**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း**

**အထူးကျေးဇူးတင်ရှိခြင်း**
## ဒေါ်ခင်သန်းနု
**ပါမောက္ခ(ငြိမ်း)၊ ဒဿနိကဗေဒဌာန၊ စစ်တွေတက္ကသိုလ်**
**အသက်(၆၈)နှစ်**

၂၁-၄-၂၀၁၈ရက်၌ ကွယ်လွန်သွားပါသော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၂၃၊ လေးလွှာ(A)နေ ဒေါ်ခင်သန်းနု မကျန်းမာစဉ်ကာလအတွင်း ဂရုစိုက် ပြုစုကုသပေးခဲ့သော ပင်လုံဆေးရုံကြီးနှင့် အကယ်ဒမီဆေးရုံကြီးတို့မှ ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ အားလုံးအားလည်းကောင်း၊ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြသော အသင်းအဖွဲ့အစည်းမိတ်ဆွေများအားလုံးအားလည်းကောင်း၊ ကွယ်လွန်သွားချိန်မှ သင်္ဂြိုဟ်သည့်ကိစ္စအဝဝတွင် လိုလေသေးမရှိဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အသင်းအဖွဲ့အစည်းများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ဝင်းဝင်းမော်
**B.Com (94/95)**
**C.P.A (21 Batch)**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးအောင်မြင့်-ဒေါ်သန်းရီ)တို့၏ သမီး ဒေါ်ဝင်းဝင်းမော်သည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲလေး၊ တင်လတ်နှင့် 94-95 စီးပွားရေးတက္ကသိုလ်သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်အိ(ခ)ဦးစောရီ
**ပြည်မြို့**
**အသက်(၉၄)နှစ်**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမှတ် ၆၈၇နေ (ဒေါ်ရှုပ်ကွီ)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းစိန်-ဒေါ်ခင်လေးဝင်း၊ ပြည်မြို့နေ ဦးဝင်းရွှေ-ဒေါ်ခင်ဌေးမင်း၊ ရန်ကုန်မြို့နေ(ဦးဝင်းကြည်)-ဒေါ်စိန်စိန်တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၄-၄-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းကြည် B.A (History)
**သူနာပြုဆရာမကြီး(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီဆေးရုံ**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၈၂နေ (ဦးရီ-ဒေါ်ငံစင်)တို့၏သမီး၊ ဦးစောလွင်(အထက်တန်းပြ၊ ငြိမ်း၊ အထက-ပြွန်တန်ဆာ၊ တွံတေး၊ သာကေတ-၂၊ လသာ-၁၊ Central)၏ဇနီးသည် ၂၅-၄-၂၀၁၈ရက် နံနက် ၇:၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းလင်း(ခ)ဒေါ်ဘေဘီ
**အထက(၂)လမ်းမတော်၊ အထက်တန်းပြ(ငြိမ်း)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၆၇ မြေညီထပ်နေ (ဦးစိန်လင်း-ဒေါ်ခင်သန်း)တို့၏သမီး၊ ဒေါ်စိန်စိန်လင်း-ဦးတင်မောင်လင်း(ကစလ၊ ငြိမ်း)-(ဒေါ်ညွန့်ညွန့်)၊ (ဦးညီညီလင်း)-ဒေါ်ကြည်ကြည်ခင်(မြန်မာနိုင်ငံသားများဘဏ်)၏ညီမ၊ (ဒေါ်ကြူကြူလင်း)၊ ဒေါ်နီလာလင်း (အလက-၁၊ လမ်းမတော်၊ ငြိမ်း)၏အစ်မ၊ ဦးဖြိုးသွယ်ထွန်း-ဒေါ်နွယ်နီဦးလင်း၊ ဒေါ်လှိုင်လှိုင်လင်း(ဥတ္တရသီရိဟိုတယ်၊ နေပြည်တော်)၊ ဦးအောင်ဝင်းဇော်-ဒေါ်ဖြူဖြူသိမ့်၊ ဦးနေလင်းဇော်ထွေးတို့၏အဒေါ်သည် ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးသန့်ဇင်အောင်
**အသည်(၄၁)နှစ်**

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ လ/ထ ညွှန်မှူးစက်မှုလုပ်ငန်းရုံးတွင် တာဝန်ထမ်းဆောင်နေသော ဦးသန့်ဇင်အောင်(ဦးစီးအရာရှိ၊ စက်မှု)သည် ၂၄-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)**
**(စက်မှုလုပ်ငန်း)ရုံး၊ တည်ဆောက်ရေး(၃)**
**ဆည်/ရေ မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးဖုန်းမြင့်
**အသက်(၅၂)နှစ်**

ဆေးတက္ကသိုလ်(မကွေး)၊ ကလေးကျန်းမာပညာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာစောစန္ဒာဦး၏ခင်ပွန်း ဦးဖုန်းမြင့် အသက်(၅၂)နှစ်သည် ၂၄-၄-၂၀၁၈ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကလေးကျန်းမာပညာဌာန**
**ဆေးတက္ကသိုလ်(မကွေး)**

## ဒေါ်သင်းသင်းမြ (အလပြ)
**(အမက-၆၊ စမ်းချောင်း)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ အမှတ် ၁၄၊ အခန်း ၆နေ ဦးသန်းဆွေ-ဒေါ်စန်းစန်းဝေတို့၏ ချွေးမ၊ စစ်တွေမြို့ ပြည်တော်သာတိုက်သစ်နေ ဦးအောင်မြ(တရားလွှတ်တော်ရှေ့နေ)၊ဒေါ်ခင်ရွှေတို့၏သမီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၆၃၊ လေးလွှာ(B)နေ ဗိုလ်ကြီးနိုင်အောင် (ငြိမ်း) (တပ်မတော်-ရေ)[Chief Mate (N.C.V)]၏ချစ်လှစွာသောဇနီး၊ မောင်ဟိန်းဆက်မောင် (တက္ကသိုလ်ဝင်တန်း၊ အထက-၄၊စမ်းချောင်း)၏မိခင်၊ ဦးစောညီညီထွေး (မြို့နယ်အုပ်ချုပ်ရေးမှူး၊ မရမ်းကုန်းမြို့နယ်၊ ထွေ-အုပ်)၊ ဒေါ်တင့်တင့်ခိုင်၊ ဒုရဲမှူးမောင်မောင်မြ၊ ဒေါ်ထားထားအေး၊ (ဦးကျော်ထွန်းမြ)-ဒေါ်အေးအေးသန်းတို့၏ အစ်မသည် ၂၄-၄-၂၀၁၈ရက် ညနေ ၅:၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်သောင်းမြင့်
**အလယ်တန်းပြ(ငြိမ်း)**
**အထက(၃)လှိုင်**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ ၁၁ လမ်း၊ အမှတ်၈၇၇/ခ(ပထမထပ်)နေ(ဦးမောင်ညွှန့်-ဒေါ်ညွန့်)တို့၏သမီး၊ ဦးကျော်ကျော် (ငြိမ်း၊ အထက-၁၊ လသာ)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်တိုး-ဒေါ်ခင်မာအေးတို့၏အဒေါ်၊ ဦးကျော်ဝင်းမောင်-ဒေါ်အိကေခိုင်၊ ဦးဒိတ်သျှောင်-မနှင်းရည်ခိုင်၊ ကိုအေးစိုး-မဝတ်ရည်သိမ့်တို့၏ချစ်လှစွာသောမိခင်၊ ဆုဝတီထွန်း၊ ဝေလမင်းမောင်တို့၏ အဘွားသည် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့) ည ၈:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရွှေ
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ပြည်လမ်း၊အမှတ် ၂၅ (ဘီ)နေ ဒုမီးသတ်ဦးစီးမှူး(ငြိမ်း) (မီးသတ်ဦးစီးဌာနရုံးချုပ်)(ဦးလှမောင်-ဒေါ်စိန်တင့်)တို့၏သမီး၊ (ဦးကျော်ငြိမ်း)-ဒေါ်သန်းရွှေတို့၏အစ်မ၊ ဦးမင်းသူအောင်-ဒေါ်ကလျာဖေ၊ ဒေါ်သန္တာငြိမ်း၊ ဒေါ်ဝင်းပပငြိမ်း၊ ဦးသန်းထိုက်အောင်-ဒေါ်နီနီအေး၊ ဦးအောင်ဇော်သန်း - ဒေါ်ဥမ္မာကြည်တို့၏ ကြီးကြီး၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၁၈ရက် မွန်းလွဲ ၁၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်(၁)သို့လည်းကောင်း၊ မျက်ကြည်လွှာကို အမျိုးသားမျက်စိဘဏ်သို့လည်းကောင်း လှူဒါန်းပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်စံမြနု(ခ)ဥတ္တမထေရီ
**(စစ်တွေ)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊နတ်ချောင်း၊ အသောကလမ်း၊အမှတ် ၅၂၊ ပထမထပ် (ဝဲ)နေ (ဦးစံထွန်းအောင်-ဒေါ်မင်းဘူး)တို့၏သမီး၊ (ဦးဘော်ချေ)၏ချစ်လှစွာသောဇနီး၊ (ဦးလှရွှေ)-ဒေါ်ဦးတင်လှ၊ (ဦးစောအောင်) - ဒေါ်အေးတင်လှ၊ ဦးမောင်မောင်ကြိုင်-ဒေါ်တင်တင်ဝင်း၊ (ဦးဦးသိန်းထွန်း) - ဒေါ်တင်တင်တို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၆ယောက်တို့၏အဖွားသည် ၂၅-၄-၂၀၁၈ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလင်းစိန်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဓမ္မာရုံလမ်း၊ ကန်တော်လေး၊ အမှတ် ၆/၈၊ လေးလွှာနေ (ဦးချစ်လှိုင်-ဒေါ်ငွေသောင်)တို့၏သား၊ (ဒေါ်ငွေးအုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းလင်း၊ ကိုသက်လင်း၊ မမြတ်မြတ်လင်းတို့၏ ဖခင်သည် ၂၅-၄-၂၀၁၈ရက် နံနက် ၁၁:၃၀နာရီတွင် ဗဟိုရဲရိပ်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နီလာသိန်း
**နေပြည်တော်စက်ဘီးဆိုင်**
**မြန်အောင်မြို့**
**အသက်(၅၆)နှစ်**

(ဦးသောင်း)-ဒေါ်သန်းညွန့်တို့၏ သမီး၊ (ဦးကျော်ဝင်း)-ဒေါ်ခင်ဆွေသန်းတို့၏သမီးချွေးမ၊ ဦးစိုးသန်းဝင်း (DSA-31၊ ကမ္ဘာ့ရတနာဘဏ်၊ ဘုရားကြီးဘဏ်ခွဲ)၏ဇနီး၊ မောင်စိုးဇာနည်ဝင်း၏မိခင်သည် ၂၃-၄-၂၀၁၈ရက် ညနေ ၅:၃၀နာရီတွင် အင်းစိန် (အောင်ဆန်း) ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ တိုက် ၂၄၊ အခန်း(7-A)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး**
## ဦးပေါ (ခတ္တိယ၊ မြောင်းတလုပ်)
**ကမ္ဘာ့အေးစွန်းလွန်းယောဂီ**
**အသက်(၁၀၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော ၃လမ်း၊ အမှတ် ၈၆နေ (ဦးဘရှင်-ဒေါ်မယ်ကျင်)တို့၏သား၊ (ဒေါ်မြရင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ရွှေ၏အစ်ကို၊ (ဦးမောင်မောင်ဦး)-ဒေါ်လှဲ့လှဲ့လှိုင်၊ ဦးကျော်သန်း(နန်းတော်ဝင်လုပ်ငန်းစု)၊ ဒေါ်ခင်ခင်ကြည်(ကထိက၊ သတ္တဗေဒဌာန၊ WYU)၊ ဒေါ်ခင်ဥမေ(ဦးစီးအရာရှိ၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး-၁)၊ ဒေါ်ခင်သိန်းရီ၊ ဦးကျော်မင်းနိုင်၊ ဒေါ်အေးအေးချို(Japanese Tour Guide)၊ ဦးငွေးလွင်-ဒေါ်သီဂီဝင်း၊ ဒေါ်ဝါဝါငွေး(ကထိက၊ ပြင်သစ်ဌာန MUFL)တို့၏ချစ်လှစွာသောဖခင်၊ မောင်ထူးတင့်နိုင်(GTMH Telecom)၊ မရွှန်းလဲ့ဦး(SANOFI Myanmar)၊ မမေသကြာ်န်ဦး(MIRANDUS Travel)၊ မောင်မင်းသန့်ကျော် (Grade II၊ အထက-၂၊ကမာရွတ်)၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၅-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးကြည်ဝင်း (Neville Torrens)
**B.Sc., B.L., Dip.in Language (Russian)**
**ရှမ်းပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စကားဝါ(၂)လမ်း၊ F.M.I City အိမ်ရာ၊ အမှတ် (E-9)နေ (ဦးတီစီတောရင်းစ်-ဒေါ်ငွေသိန်း)တို့၏ချစ်လှစွာသောသား၊ [ဦးတင်မြင့်(ခ)Patrick Torrens]-ဒေါ်မြင့်မြင့်တို့၏ညီ၊ ဒေါ်ကျော့သာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထူး၊ ဦးဖြိုးလှခိုင်-ဒေါ်မိမိလေး၊ ဦးသာထွန်းအေး-ဒေါ်အေးအေးမွန်၊ ဦးရန်နိုင်ဝင်း(VOA Myanmar)-ဒေါ်နန်းလွယ်လွယ်စိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟိန်းဆက်၊ မရွှန်းနိုရာဝင်းတို့၏ အဘိုးသည် ၂၅-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးဗစ်တာမာရေး
**အဆုတ်ရောဂါကုဆရာဝန်ကြီး၊ ဇုန်(၅)မော်လမြိုင်မြို့(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၃နေ ဒေါက်တာဒေါ်ခင်အေးလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင်ဝင်း၊ ဦးခင်မောင်သွင်-ဒေါ်မျိုးဆွေအေး၊ ဦးခင်မောင်သော်-ဒေါ်အိအိခိုင်တို့၏ဖခင်၊ မအိဆုပြည့်သော်တို့၏ဘိုးဘိုးကြီးသည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စံရိပ်ငြိမ် ၄လမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါက်တာဦးဗစ်တာမာရေး
**အဆုတ်ရောဂါကုဆရာဝန်ကြီး၊ ဇုန်(၅)မော်လမြိုင်မြို့(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၃နေ ဒေါက်တာဒေါ်ခင်အေးလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင်ဝင်း၊ ဦးခင်မောင်သွင်-ဒေါ်မျိုးဆွေအေး၊ ဦးခင်မောင်သော်-ဒေါ်အိအိခိုင်တို့၏ဖခင်၊ မအိဆုပြည့်သော်တို့၏ဘိုးဘိုးကြီးသည် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စံရိပ်ငြိမ် ၄လမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး**
## ဒေါ်တင်ရီ (လေးမျက်နှာမြို့)
**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နေ (ဦးမြလေး-ဒေါ်မြခင်)တို့၏ သမီး၊ ဦးအုန်းငြိမ်း-ဒေါ်သိန်းဝင်း၊ ဦးမင်းဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်ဝေ-ဒေါ်လှလှငွေး၊ ဒေါ်မြင့်မြင့်စိန် (ဒေါ်အလိမ္မာ)၊ ကိုကျော်ကျော်မျိုး-မနန်းယုက်၊ ကိုဇော်မင်းထွေး-မသက်ဝါအောင်၊ ကိုဖိုးသင်းတို့၏မိခင်၊ (ဦးအုန်းမြင့်)၏ ချစ်လှစွာသောဇနီးသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၁၀:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ် ၂၉၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုင်းဝန်းတွီ
**(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)**
**အသက်(၄၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၉၆နေ ဦးစိုင်းတစ်အောင် (မန်နေဂျင်းဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)-ဒေါ်နန်းယုန်းတို့၏သား၊ ဦးစိုင်းနွံဖုး(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)-ဒေါ်ယဉ်ယဉ်ကြိန်တို့၏ညီ၊ ဒေါ်နန်းစမ်ခမ်း(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)၊ ဦးမင်းဟိန်းထက်-ဒေါ်နန်းဖောင်းဆီ(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)၊ ဦးစိုင်းဆွမ်ဝန်း(ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)၊ ဒေါ်နန်းစံဟွမ်၊ ဦးစိုင်းရှဲန်တွီတို့၏အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၈ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်ရန် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်



လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားငြိမ်းသတ်နေစဉ်။ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဧပြီ ၂၅**

လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်နိုင်ရန် တာဝန်ရှိသူများ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက "လက်ရှိငြိမ်းသတ်မှု အခြေအနေကတော့ အပြီးသတ်အပိုင်းရောက်နေပါပြီ၊ တကယ်မီးလောင်နေတဲ့ အနေအထားကတော့ ပြီးသွားပါပြီ၊ အမှိုက်ပုံ အမြင့် ၁၀၊ ၁၅ ပေအမြင့်ရှိတဲ့ နေရာမှာ အပေါ်ပိုင်း မီးတောက်တွေကတော့ ပြတ်သွားပါပြီ၊ အောက်ပိုင်းမှာ လှိုက်ပြီးလောင်နေတဲ့ မီးကြွင်းမီးကျန်တွေနဲ့ မီးခိုးတွေပဲ ကျန်တော့တာပါ။ အဲဒါတွေကို ဆက်ပြီး အပြီးသတ်ငြိမ်းသတ်နေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "မီးငြိမ်းသတ်မှု အပိုင်းအနေနဲ့တော့ အမှိုက်ပုံတွေအပေါ်ကိုတက်ပြီး ငြိမ်းရတာဖြစ်တဲ့အတွက် ကာဗွန်မိုနောက်ဆိုက်တွေရဲ့ အန္တရာယ်တွေအပြင် အမှိုက်ပုံအတွင်းထဲမှာ လှိုက်ပြီးလောင်နေတာတွေရှိတဲ့အတွက် တပ်ဖွဲ့ဝင်တွေအတွက် အန္တရာယ်မဖြစ်အောင် ကြိုးကြပ်ဆောင်ရွက်နေပါတယ်၊ စာမျက်နှာ ၁၀ ကော်လံ ၁ ✻

မရမ်းကုန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ဖောက်ခွဲမှုဖြစ်စဉ်များမှ တရားခံနှစ်ဦးကို အလုပ်နှင့်ထောင်ဒဏ်များချမှတ် စာ » ၁၂

## AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်တွင် ရန်ကုန်အသင်း ဖိလစ်ပိုင်ကလပ်နှင့် တွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၅**

2018 AFC Cup ပြိုင်ပွဲ အာဆီယံဇုန်အုပ်စုနောက်ဆုံးပွဲများကို ဧပြီ ၂၅ ရက်က ဆက်လက်ကျင်းပခဲ့ပြီး ရန်ကုန်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့သည်။

နောက်ဆုံးပွဲများအပြီးတွင် အုပ်စု (F) မှ စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်း၊ အုပ်စု (G) မှ မြန်မာကလပ် ရန်ကုန်အသင်းနှင့် အုပ်စု (H) မှ အင်ဒိုနီးရှားကလပ် ပါဆီဂျာဂျကာတာအသင်းတို့ အုပ်စုပထမရခဲ့ပြီး အကောင်းဆုံးအုပ်စုဒုတိယနေရာကို အုပ်စု (F) မှ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းက ရရှိသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အကောင်းဆုံးအုပ်စုဒုတိယရသည့်အသင်း၏ အုပ်စုအပေါ်မူတည်၍ ဆီမီးဖိုင်နယ်ပွဲများ ရေးဆွဲထားခြင်းဖြစ်ပြီး အုပ်စု(F)မှ ဆီရက်စ်အသင်းက အကောင်းဆုံးအုပ်စု ဒုတိယရခဲ့သောကြောင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဆီရက်စ်အသင်းနှင့် တွေ့ဆုံခြင်းဖြစ်ပြီး အခြားပွဲတွင် အင်ဒိုနီးရှားကလပ် ပါဆီဂျာဂျကာတာအသင်းနှင့် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဟုမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို အဝေးကွင်း၌ နှစ်ဂိုးပြတ်အနိုင်ရသောကြောင့် ၁၃ မှတ်စီတူညီပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုစည်းမျဉ်းအရ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျသည့် ဟုမ်းယူနိုက်တက်အသင်းက အုပ်စုပထမရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဆီရက်စ်အသင်းနှင့် ဆီမီးဖိုင်နယ်ပွဲအဖြစ် မေ ၉ ရက်တွင် အဝေးကွင်းပွဲ စတင်ကစားရမည်ဖြစ်ပြီး မေ ၁၆ ရက်တွင် အိမ်ကွင်းဖြစ်သည့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲ ပြိုင်ပွဲကျင်းပသည့်ပုံစံ ပြောင်းလဲပြီးနောက်ပိုင်း ပထမဆုံး ဆီမီးဖိုင်နယ်တက်ရောက်သည့် စာမျက်နှာ ၁၁ ကော်လံ ၁ ●

## AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုနောက်ဆုံးပွဲများယှဉ်ပြိုင်

**ရန်ကုန် ဧပြီ ၂၅**


၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု (F) နှင့် (G) နောက်ဆုံးပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်း အဝေးကွင်း၌ သရေကျပြီး ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိသော်လည်း ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ခြေစွမ်းမပြနိုင်သောကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်း၏ အသင်းလိုက်ကစားပုံနှင့် တစ်ဦးချင်းခြေစွမ်းမှာ ပုံမှန်အောက်ရောက်နေသောကြောင့် အိမ်ကွင်း၌ သုံးပွဲစလုံး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်တွင် ခရစ္စတိုဖာကိုမသုံးဘဲ ပက်ထရစ်ကို စာမျက်နှာ ၁၁ ကော်လံ ၂ ❍



ရှမ်းယူနိုက်တက်နှင့် အန်ကောအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၂၄၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

## နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်

**လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းရွက်ခဲ့သည့်နည်းတူ လက်ရှိအစိုးရလက်ထက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ပြည်သူကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

### လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကလာ့ခ်မြို့တွင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (11th ADMM)၊ (၄)ကြိမ်မြောက် အာဆီယံ-အပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (4th ADMM-Plus) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးများကို အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

### အာဆီယံအဖွဲ့ဝင်နိုင်ငံများပူးပေါင်း

အလားတူ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး(ADMM Retreat)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိသော အကြမ်းဖက်ဝါဒပျံ့နှံ့လာမှုနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

### အလေးအနက်ညွှန်ကြားထား

မြန်မာ့တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ-၃၄၁ ၌ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာသည့်အခါ ဆုံးရှုံးမှုများလျော့နည်းစေရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက် ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်တိုင်းတွင် တပ်မတော်မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်မိသားစုဝင်




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့်အတူ (၁၁)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ **သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက် ကူညီဆောင်ရွက်ရမည်ဖြစ်**

☆ **တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲတမ်းလေ့ကျင့်နေ**

တပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

### ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်းဖြစ်ပွားခဲ့သည့် မီးလောင်ခြင်း၊ မျိုးကလည်း ငွေကြေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ ဆောင်ရွက်ပေးခဲ့မှုများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် မီးလောင် ကျွမ်းမှုများဖြစ်ပွားခဲ့ရာ တပ်မတော်မှလုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၁၈၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၇၈ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

*အချပ်ပို(ခ)သို့*

*အချပ်ပို (က) မှ*

၂၀၁၆ ခုနှစ်မှ ယခုချိန် အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ဖြစ်ပွားခဲ့သည့် မီးဘေးသင့်ပြည်သူများကို တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၇၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၁ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

**ရှင်းလင်းပြုပြင်ပေး**

တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် လေပြင်းတိုက်ခတ်မှုကြောင့် စေတီပုထိုးများနှင့် နေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့၍ ဘုရားစေတီ ခြောက်ဆူ၊ ဘုန်းကြီးကျောင်း ၃၆ ကျောင်း၊ အိမ်ခြေ ၇၁၄ လုံး၊ စာသင်ကျောင်း ၃၆ ကျောင်း၊ ဆေးရုံ သုံးရုံတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန် ၁၉ ဒသမ ၅၀ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယခုချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် လေဘေးသင့်ခဲ့ရာ ပျက်စီးဆုံးရှုံးခဲ့သည့် တပ်မတော်မှ ဘုရားစေတီအဆူ ၉၅၀၊ ဘုန်းတော်ကြီးကျောင်း ၉၄ ကျောင်း၊ အိမ်ခြေ ၅၄၀၁ လုံး၊ စာသင်ကျောင်း ၁၀၀၊ ဆေးရုံ ရှစ်ရုံတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန် ၁၉ ဒသမ ၅၀ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၂ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေး**

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၄၀၇၄ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယခုချိန်အထိ တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၄ ခုတွင် ရေဘေးသင့် အိမ်ထောင်စု ၁၁၈၅၁ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန် ၁၂၇ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃၇ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ၌ ဖြစ်ပွားခဲ့သော ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများမှ ၂၀၁၇ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် အလှူငွေကျပ် ၉၄ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပြီး ယခုချိန်အထိ စုစုပေါင်း အလှူငွေကျပ် ၈၉၂ သန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မြန်မာ့တပ်မတော်(ရေ)မှ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွင် စစ်ရေယာဉ် ခြောက်စင်းဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူ ၄၂ ဦးကို ကယ်ဆယ်မှုပြုလုပ်နိုင်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) ဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်းဖြင့် ကုန်ပစ္စည်းတန်ချိန် ၁၆၅ ဒသမ ၆၄၆ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် တပ်မတော်မှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆောင်ရွက်ခဲ့ရာတွင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

မြန်မာ့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် အရည်အချင်းပြည့်ဝသည့် တပ်သားသစ်များ ပိုမိုစုဆောင်းရရှိရေး ဆောင်ရွက်လျက်ရှိရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းနိုင်ရေး ကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ United Nation Country Task Force on Monitoring and Reporting (UNCT-FMR)တို့ကြား သဘောတူညီမှု စာချုပ်ဖြစ်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်အရ ပူးတွဲဆောင်ရွက်ချက်များ လုပ်ဆောင်လျက်ရှိပါသည်။

**ပြင်ဆင်ဖွဲ့စည်းခဲ့**

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၁၁-၅ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၂/၂/၈/ သမ္မတရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလ အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ကုလသမဂ္ဂမြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်း အဖွဲ့ (UNCTFMR) တို့ပူးပေါင်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) တွေ့ဆုံဆွေးနွေးမှုများ အနေဖြင့် ကာကွယ်ရေးဝန်ကြီးရုံးတွင် သုံးကြိမ် ပြုလုပ်နိုင်ခဲ့မှု အပါအဝင် စုစုပေါင်း တွေ့ဆုံဆွေးနွေးမှု ၄၉ ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

(ခ) Monitoring Visit အနေဖြင့် ခြေလျင်/ခြေမြန် တပ်ရင်း သုံးရင်း၊ လက်ရုံး/ဝန်ထမ်း ၁၅ တပ် စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့ ၁၈ တပ်ကို သွားရောက်ခဲ့မှုအပါအဝင် စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့ ၈၅ တပ်ကို သွားရောက်နိုင်ခဲ့ပြီး တပ်မတော်မှ အကြီးတန်းဆက်ဆံရေးအရာရှိ တစ်ဦး လိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**အခမ်းအနားဖြင့်လွှဲပြောင်း**

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ကုလသမဂ္ဂမြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်း အဖွဲ့(UNCTFMR)တို့ပူးပေါင်းပြီး တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်းစိစစ်တွေ့ရှိသည့် စစ်သည် ၆၇ ဦးကို ၂၃ -၆ - ၂၀၁၇ ရက်တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအချိန်အထိ မိဘ/အုပ်ထိန်းသူများထံ တရားဝင် လွှဲပြောင်းပေးအပ်ခဲ့သည့် စစ်သည်အရေအတွက်မှာ ၈၇၇ ဦး ရှိပြီး ဖြစ်ပါသည်။

**အရေးယူဆောင်ရွက်ခဲ့**

(ဃ) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများအား တိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့် နှစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အရာရှိ ၆၂၂၁ ဦး၊ အခြားအဆင့် ၂၃၃၅၉ ဦး စုစုပေါင်း ၂၉၅၈၀ ဦး တို့အား သင်တန်းပေးနိုင်ခဲ့ပါသည်။ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသည့် စစ်သည်များကို နည်းလမ်းမမှန်ဘဲ မှားယွင်းစွာ စုဆောင်းခဲ့သည့် အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၁၇ ဦး စုစုပေါင်း ၂၇ ဦးကို စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်နိုင်ခဲ့မှုအပါအဝင် ယခုအချိန်အထိ အရာရှိ ၁၈ ဦး၊ အခြားအဆင့် ၂၉ ဦး စုစုပေါင်း ၄၇ ဦး ကို အရေးယူ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

(င) တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသူများ မပါရှိစေရေးအတွက် အရိုးခေတ်မှန်ရိုက်ခြင်းနှင့် အသက်အရွယ်ပိုင်းခြားသည့်စနစ်ကို အသုံးပြုကာ တပ်သားလောင်း ၂၀၉၇ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ယခုအချိန်အထိ အရိုးခေတ်မှန်ရိုက်ခြင်းနှင့် အသက်အရွယ်ပိုင်းခြားသည့်စနစ်ကို အသုံးပြု၍ တပ်သားလောင်း ၄၃၁၅ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ပါသည်။

*အချပ်ပို (ဂ) သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂမြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာ တင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) တို့ တွေ့ဆုံဆွေးနွေးစဉ်။




တပ်မတော်အတွင်း အမှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား မိဘများထံ ပြန်လည်လွှဲပြောင်း ပေးအပ်စဉ်။



ရခိုင်ပြည်နယ်အတွင်း တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဒေသခံပြည်သူများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂမြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) နှင့် ပူးပေါင်းပြီး လုပ်ငန်းစီမံချက်စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR) မှ National Campaign Materials တစ်ရပ်နောက်တစ်ကြိမ်ဆောင်ရွက်နိုင်ရေး အဆိုပြုလာခြင်းကို ခွင့်ပြုပေးခဲ့ပြီး ၉ - ၅ -၂၀၁၇ ရက်မှစပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများတွင် ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစွာစုဆောင်းခဲ့ရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR)နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ တပ်မတော်တွင်းမှ ပြန်လည်နုတ်ထွက်ခွင့်ပြုသည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အစဉ်အမြဲ သယ်ပိုးထမ်းရွက်လျက်ရှိ**

မြန်မာ့တပ်မတော်သည် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီး ၃ ရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အစဉ်အမြဲသယ်ပိုးထမ်းရွက်လျက်ရှိရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဝေးလံခေါင်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် အထူးဆေးကုသမှုအဖွဲ့များ စေလွှတ်၍ လည်းကောင်း၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့် လည်းကောင်း ဒေသခံပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်သည့် အကြိမ်အရေအတွက် ၁၂၇၇ ကြိမ်၊ ဆေးဝါးကုသမှုခံယူသည့် ဒေသခံပြည်သူ ၅၃၅၄၇၀ ရှိခဲ့ပြီး ၎င်းတို့အနက်မှ ၃၃၆၃ ဦးကို တပ်မတော်ဆေးရုံများသို့ ပြောင်းရွှေ့တက်ရောက် ဆေးကုသစေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရွှေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များပါဝင်သည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များ၊ တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စခန်းချလေ့ကျင့်ရေးပြုလုပ်စဉ်။

**ကျန်းမာရေးစောင့်ရှောက်မှုများပေး**

ရွှေ့လျားခွဲစိတ်၊ ဓာတ်ခွဲနှင့် ဓာတ်မှန်ရိုက်ယာဉ်များဖြင့် ပြည်သူလူထုအတွင်းအဖြစ်များသည့် တီဘီရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည် အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများကိုလည်း ရှာဖွေဖော်ထုတ်ကုသပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ အသေးစား ခွဲစိတ်ကုသမှုများ၊ အကြီးစားခွဲစိတ်ကုသမှုများ၊ အရေးပေါ်ခွဲစိတ်ကုသမှုများနှင့် မျက်စိခွဲကုသမှုများပြုလုပ်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု နှစ်ကြိမ်၊ အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွား/မီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၇၂၁၀ ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**အဆင့်မြင့်ဆေးရုံတစ်ရုံနှင့် ညီမျှ**

မြို့ရွာနှင့်အလှမ်းဝေးကာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့ တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု (အရာရှိ)များလိုက်ပါပြီး CT Scan Room၊ Minor Eye Operation Room၊ Minor Operation Theatre၊ အထူးကြပ်မတ်ကုသဆောင်၊ ECG နှင့် နှလုံးရောဂါရှာဖွေစစ်ဆေးသည့် Echo စက်၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်စက်၊ သွေးအတွင်းရောဂါ ရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်းစမ်းသပ်စက်များနှင့် သားဖွား/မီးယပ်လူနာများကို ကုသပေးနိုင်သည့် သားဖွားခန်းတစ်ခန်းပါရှိပြီး ၂၅ ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံတစ်ရုံနှင့် ညီမျှသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်အတွင်း ရန်ကုန်မှကိုကိုးကျွန်း၊ ဟိုင်းကြီးကျွန်း မြို့နယ်တို့သို့ သွားရောက်ကြည့်ရှုကုသပေးနိုင်ခဲ့ပါသည်။ အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၆၃၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါသည်။

**ဆေးရုံရေယာဉ်ပေါ်၌ မွေးဖွား**

၂၀၁၇ ခုနှစ် ဧပြီလ ၂၄ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၁၀ ရက်အထိ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူ ၁၁၄၃၁ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အလားတူ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၇ ရက်အထိ ရန်ကုန်မှ လပွတ္တာမြို့နှင့် မအူပင်မြို့တို့သို့ သွားရောက်ကာ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူလူထု စုစုပေါင်း ၁၈၆၇၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင် မိခင် တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်းတွင် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါသည်။

**စဉ်ဆက်မပြတ် ဆောင်ရွက်**

ချင်းပြည်နယ်နှင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင် တပ်မတော်မှ ပါရဂူ၊ ဆေးမှူး အရာရှိများဖြင့် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး လိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ပေး လျက်ရှိပါသည်။ ထို့ပြင် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ ၃ နှစ်တာသက်တမ်းပူးတွဲဥက္ကဋ္ဌတာဝန်ကို တပ်မတော်ဆေးတပ်ဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ဆေးတပ်ဖွဲ့တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့မှ ပထမအကြိမ် အာဆီယံစစ်ဘက်ဆေးပညာညီလာခံ (1st ASEAN Military Medicine Conference -1st AMMC) ကို ၂၀၁၈ ခုနှစ်

*အချပ်ပို (ဃ) သို့*



တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စခန်းချလေ့ကျင့်ရေးပြုလုပ်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

*အချုပ်ပို (၈) မှ*

ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ Melia ဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ပါသည်။

**အဓိကကျသောအခန်းကဏ္ဍတွင် ပါဝင်**

မြန်မာ့တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသော တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်များဖြစ်အောင် Standard Army အဖြစ် တည်ဆောက်ရာတွင် တပ်မတော်သားတိုင်း စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် ဆိုသည့် စွမ်းရည် ၃ ရပ် ပြည့်စုံမှုသည် အဓိကကျသောအခန်းကဏ္ဍတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်သားတိုင်း စွမ်းရည် ၃ ရပ် ပြည့်စုံနိုင်ရေးအတွက် တပ်မတော်လေ့ကျင့်ရေးတပ်၊ ကျောင်း၊ သိပ္ပံနှင့် တက္ကသိုလ်များတွင် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် အိန္ဒိယတပ်မတော် Mobile Training Team ဖြင့် မြန်မာ့တပ်မတော်မှ အရာရှိ၊ အခြားအဆင့်များအား ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဘာသာရပ်ကို စာတွေ့၊ လက်တွေ့ပို့ချ ပေးလျက်ရှိပါသည်။

**ပြည်သူ့ စစ်မဟာဗျူဟာ**

နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း အထူးသဖြင့် အမျိုးသမီးစစ်မှုထမ်းကဏ္ဍဖွံ့ဖြိုးစေရန် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း ၂ ကြိမ်၊ ဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး)သင်တန်း ၂ ကြိမ်၊ အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) မွမ်းမံသင်တန်း ၁ ကြိမ်တို့ကို အသီးသီးဖွင့်လှစ်သင်ကြားခဲ့ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများရှိ တက္ကသိုလ်များသို့ စေလွှတ်၍ မဟာဘွဲ့နှင့်ပါရဂူ ဘွဲ့သင်တန်းများသို့ တက်ရောက်စေလျက်ရှိပါသည်။ ယခုအချိန်တွင် မြန်မာ့တပ်မတော်မှ အရာရှိများကို တောင်ဆူဒန်နိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံများရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်သို့ သွားရောက်တာဝန်ထမ်းဆောင်စေလျက် ရှိပါသည်။ မျက်မှောက်ကာလ ဘက်စုံစစ်ပွဲဆင်နွဲနေသောအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်တွဲ၍ ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ် လုံခြုံရေးသည် စစ်မှုရေးရာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အားလုံးပတ်သက်ဆက်နွှယ်နေကြောင်း ကမ္ဘာ့နိုင်ငံများမှ ဖြစ်စဉ်ဖြစ်ရပ်များအရ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့ဘဝလုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှု လိုအပ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်မှုအခြေအနေများကို ဖော်ပြအပ်ပါသည်။

**တက္ကသိုလ်လေ့ကျင့်ရေးတပ်များဖွင့်**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြုံ တွေ့လာပါက လေ့ ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီးဖြစ်ရန် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ခုနှစ် တက္ကသိုလ်ပညာသင်နှစ်တွင် ၁၃-၂-၂၀၁၈ ရက်မှ ၂၉-၈-၂၀၁၈ ရက်အထိ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၈၉၅ ဦး၊ အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၀၂၈ ဦး၊ အမှတ် (၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၃၉၄ ဦး၊ အမှတ်(၄)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၆၀၈ ဦးနှင့် အမှတ်(၆) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၃၄၅ ဦး စုစုပေါင်း ၄၂၇၀ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို ပြန်တမ်းဝင်အရာရှိများအဖြစ်ခန့်အပ်နိုင်ရေးအတွက် အကြံပေးအဖွဲ့မှ စိစစ်ရွေးချယ်၍ ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့်ကိုက်ညီပြီး သင့်လျော်သည့် ဆရာ၊ ဆရာမများကို သက်ဆိုင်ရာ တပ်များမှ ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံ့သားကောင်းများ မွေးထုတ်**

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တပ်ဖွဲ့ဝင်ကျောင်းဆရာ ၁၇ ဦး၊ ဆရာမ ၅ ဦး၊ စုစုပေါင်း အရာရှိ ၂၂ ဦး ခန့်အပ်ပေးနိုင်ခဲ့ပါသည်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား သင်တန်းတက်ရောက်လေ့ကျင့်စေခြင်းဖြင့် နိုင်ငံတော်၏ မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ထိန်းလိုသော စိတ်ဓာတ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာနိုင်စေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ နိုင်ငံတော်အတွက် အားထားရသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

**တစ်တပ်တစ်အားပါဝင်ကူညီ**

မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို မှတ်တမ်းပြုတင်ဆက် လိုက်ရပါသည်။ ။



ဆိုင်ကလုန်းမုန်တိုင်း (မိုရာ) ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ လေဘေးကူညီကယ်ဆယ်ရေးအတွက် တပ်မတော် (လေ) မှ Y - 8 လေယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးစဉ်။



ဒေသခံပြည်သူများအား ရွှေ့လျားခွဲစိတ်ကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ရန်ကုန် - အမ်း - စစ်တွေသွားကားလမ်း မိုင်တိုင် ၂၈ အနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပခုံးမြေသားပြိုကျပြီး လမ်းကြောင်းပိတ်ဆို့နေမှုကို ရှင်းလင်းဖယ်ရှားပေးစဉ်။

# ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒသုံးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့




ဒုတိယသမ္မတ ဦးမြင့်ဆွေ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းခမ်းချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

●—— ရှင်မင်း ——●

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ် ဓာတ်အားများ တိုးတက်ကောင်းမွန်ရရှိရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဟူသည့် မူဝါဒသုံးရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ ကာလအတွင်း ဦးတည်လုပ်ဆောင်ခဲ့သည်။**

### အဆင့်မြင့်လယ်ယာ

စစ်ကိုင်းတိုင်းဒေသကြီး၏ မူဝါဒတစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် မြေယာမဲ့ ပြည်သူများအတွက် လယ်ယာမြေဧက ၁၆၀၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့်အပြင် အဆင့်မြင့် လယ်ယာကေများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာဆိုရင် အဆင့်မြင့် လယ်ယာကေတွေ ဖော်ထုတ်ပေးခဲ့တာ ဧက တစ်ထောင်ကျော်ရှိသွားပြီဖြစ်တယ်၊ လယ်မဲ့ယာမဲ့ ပြည်သူတွေအတွက် လယ်ယာမြေဧက ၁၆၀၀ ကျော်ကို အကောင်အထည်ဖော်ပေးခဲ့ပါတယ်၊ ဒါကလည်း ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီး တိုးတက်ဖွံ့ဖြိုးအောင် လုပ်မယ်လို့ ပြောထားတဲ့အတွက်ကြောင့် ဖြစ်တယ်၊ ဒါ့ကြောင့် ဒါတွေ လုပ်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ပြောကြားသည်။

"အစိုးရအဖွဲ့က တောင်သူတွေကိုလည်း လုပ်ငန်းအဆင်ပြေအောင် ကူညီပေးပါတယ်၊ တောင်သူတွေအတွက် အစိုးရအဖွဲ့ဆီကို အကြံပြုပြောချင်တာက တောင်သူတွေအတွက် သီးနှံဈေးကွက်ကို တည်ငြိမ်အောင် လုပ်ပေးပါလို့ ပြောလိုပါတယ်" ဟု ချောင်းဦးမြို့နယ် ကြာပိုင်ကျေးရွာမှ တောင်သူ ဦးဘိုရီက ပြောကြားသည်။

### လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရန်

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မူဝါဒသုံးရပ် ချမှတ်ကာ ပြည်သူ့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျွန်တော်တို့ အစိုးရတာဝန်ယူချိန်ဟာ အခုဆိုရင် နှစ်နှစ်တာကာလအတွင်း ရောက်ခဲ့ပြီ၊ ပြည်သူတွေရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒသုံးရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်၊ အဲဒီမူဝါဒတွေကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲ့လူမှုစီးပွားဘဝ မြင့်တင်လာစေရန်၊ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နဲ့ လျှပ်စစ်ဓာတ်အားတွေ တိုးတက်ရရှိစေရန်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန်တို့ဖြစ်တယ်၊ အဲဒီမူတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့အနေနဲ့ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်" ဟု ပြောကြားသည်။



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာမြင့်နိုင်**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်နှစ်တာအတွင်း အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ကျေးလက်လမ်း မိုင်ပေါင်း ၁၂၁၀ မိုင်၊ ကျေးလက်တံတား ၉၆၆ စင်း၊ လမ်းဦးစီးဌာနက ဆောင်ရွက်တဲ့ လမ်းမိုင်ပေါင်း ၃၃၆ မိုင်၊ တံတားပေါင်း ၂၆၇ စင်းကို တည်ဆောက်ပေးနိုင်ခဲ့တယ်၊ အထူးသဖြင့် ချင်းတွင်းမြစ်ကူးတံတားဖြစ်တဲ့ ချင်းတွင်းတံတား (ကလေး)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)၊ ချင်းတွင်းတံတား(ခန္တီး) သုံးစင်းကို တည်ဆောက်ပေးနိုင်ခဲ့တယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ကျေးရွာ ၄၉၉၀ ကို လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*အချပ်ပို (စ) သို့*



စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)

*အချပ်ပို (င) မှ*

“ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ရှမ်းပြည်နယ်ပြီးရင် ဒုတိယအကြီးဆုံးပါ၊ ပြီးတော့ တိုင်းဒေသကြီးတွေမှာ အကျယ်ဆုံးပါ၊ ကျွန်တော်တို့ တိုင်းဒေသကြီးထဲက တချို့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတယ်။

**လျှပ်စစ်ဓာတ်အားခွဲရုံတွေ တိုးချဲ့**

“ဒါ့ကြောင့် အစိုးရအဖွဲ့အနေနဲ့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်၊ သိသာထင်ရှားတဲ့ တိုးတက်မှုကတော့ မြစ်ကူးတံတားတွေ တည်ဆောက်ပေးနိုင်တယ်၊ ပြည်ထောင်စုလမ်းမကြီးနဲ့ ကျေးလက်လမ်းတွေ တိုးတက်ဖောက်လုပ်ပေးနိုင်တယ်၊ တိုင်းဒေသကြီးအတွင်းက ကျေးရွာစုစုပေါင်းရဲ့ ၈၉ ဒသမ ၀၃ ရာခိုင်နှုန်းအထိ ကျေးလက် မီးလင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ လျှပ်စစ်ဓာတ်အားခွဲရုံတွေ တိုးချဲ့တာ၊ အဆင့်မြှင့်တာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

“နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လဟယ်မြို့နဲ့ နန်းယွန်းမြို့တို့မှာ အသေးစားရေအားလျှပ်စစ်စီမံကိန်း နှစ်ခု တည်ဆောက်ပြီး အခုဆိုရင် လျှပ်စစ်မီးဖြန့်ဝေပေးနိုင်ခဲ့ပါပြီ၊ အိုးအိမ်အဆောက်အအုံအနေနဲ့ ဝင်ငွေနည်း ပြည်သူတွေအတွက် အခန်းပေါင်း ၂၄၀ ပါတဲ့ ၁၂ ခန်းတွဲ၊ လေးထပ် တိုက်ငါးလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။



**စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဇလုံတောင်ပေါ်သို့ ခရီးသွားများ လာရောက်လည်ပတ်နေမှုကို တွေ့ရစဉ်။** ဓာတ်ပုံ ဝင်းဦး (ဇေယျာတိုင်း)



**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ GAP စိုက်ပျိုးနည်းစနစ်များ အသုံးပြုထားသည့် သရက်ခြံကို တွေ့ရစဉ်။** ဓာတ်ပုံ-အောင်ဝင်းငြိမ်း(ကန့်ဘလူ)

**ခရီးသွားဇုန်**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မူဝါဒတစ်ခုဖြစ်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့ ခြောက်မြို့ကို အခြေခံပြီး ခရီးသွားဇုန် ခြောက်ဇုန် သတ်မှတ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ သတ်မှတ်လုပ်ဆောင်ခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်း ပြည်တွင်းခရီးသွား နှစ်ဆကျော် တိုးတက်ဝင်ရောက်ခဲ့ပြီး ပြည်ပခရီးသွားဝင်ရောက်မှုလည်း တိုးတက်ခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ကျွန်တော်ကိုယ်တိုင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးထဲမှာ မပျက်စီးတဲ့ သဘာဝတောတောင်တွေ ရှိတယ်၊ တချို့နေရာတွေ ပျက်စီးနေတာတွေလည်း ရှိတယ်၊ ဒီပျက်စီးတဲ့နေရာမှာ ဝါးစိုက်ပျိုးဖို့ လုပ်နေတာရှိတယ်၊ ပြီးတော့ အထင်ကရ သမိုင်းအမွေအနှစ်တွေရှိတယ်၊ အခုဆိုရင် ကမ္ဘာ့အကြီးဆုံး ကျွန်းပင်ကြီးကို တွေ့ရှိခဲ့ပြီးပြီ၊ ဝန်းသိုမြို့ မိုင်းသိုရွာမှာလည်း ရှေးဟောင်းပျူခေတ် အဆောက်အအုံတွေ တွေ့ထားတယ်၊ ဆက်လက်ပြီးတော့ သမိုင်းအမွေအနှစ်တွေကို ရှာဖွေထိန်းသိမ်းသွားမယ်။

**သမိုင်းဝင် လေ့လာစရာနေရာ**

“ကျွန်တော်တို့ ဒေသမှာ ဒေသခံလူမျိုးစုတွေလည်း ရှိတယ်၊ ဒီလူမျိုးစုတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ ရှိနေတာကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးကို ပြည်တွင်းပြည်ပ ခရီးသွားတွေ စိတ်ဝင်စားတဲ့ တိုင်းဒေသကြီးတစ်ခု ဖြစ်တယ်၊ ခရီးသွားတွေအတွက် ဝင်ပေါက်ဖြစ်တဲ့ စစ်ကိုင်းမြို့မှာ ခရီးသွားတွေ စိတ်ဝင်စားတဲ့ ကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်၊ မင်းဝံဒေသခရီးစဉ်အပြင် နေရာသစ်ဖြစ်တဲ့ အင်္ဂလိပ်ခေတ်က အစေခံခံတပ်နဲ့ ကနောင်မင်းသားကြီးရဲ့ ဖန်ချက်စက်ရုံနဲ့ သမိုင်းဝင် လေ့လာစရာနေရာအများကြီးကို ဖော်ထုတ်ခဲ့ပါတယ်။

*အချပ်ပို (ဆ) သို့*

“ပြည်သူတွေရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး မူဝါဒသုံးရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်၊ အဲဒီ မူဝါဒတွေကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝ မြင့်တင်လာစေရန်၊ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နဲ့ လျှပ်စစ်ဓာတ်အားတွေ တိုးတက်ရရှိစေရန်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန်တို့ဖြစ်”



**စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မင်းကင်းဓာတ်အားခွဲရုံ။**

*အချပ်ပို(စ)မှ*

**ပြန်လည်ထိန်းသိမ်း**

“ပြီးတော့ ချောင်းဦးမြို့နယ်က ဒုတိယပုဂံလို့တောင် တင်စားလို့ရတယ်၊ ဒါကို ပြန်လည်ထိန်းသိမ်းဖို့ လုပ်နေတယ်၊ အင်းတော်မှာ မန်လည်ဆရာတော်ကြီးရဲ့ နေရာဟာ အင်မတန်လေ့လာစရာကောင်းတဲ့အတွက် ဆောင်ရွက်နေတာတွေရှိပါတယ်၊ ဗန်းမောက်မှာရှိတဲ့ ဇလုံတောင်ဟာ သာယာလှပတယ်၊ ခရီးသွားတွေလည်း လာကြတဲ့အတွက် စနစ်တကျဖြစ်အောင် ဆောင်ရွက်နေတယ်။

**ချပ်သင်းရွှေသမင်ဘေးမဲ့တော**

“သဘာဝအပန်းဖြေနေရာနဲ့ ပတ်သက်ပြီး တွင်းမတောင်တွင်းကြီးနေရာက လှပတယ်၊ လင်းနို့တွေရှိတဲ့ ဇင်းတောင်ကိုလည်း ဆောင်ရွက်နေတယ်၊ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျောင်းသားကျောင်းသူတွေကို သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်အောင်လို့ Camp တွေနဲ့ လေ့လာနိုင်အောင် ဆောင်ရွက်နေတယ်၊ ကန့်ဘလူက ချပ်သင်းရွှေသမင်ဘေးမဲ့တောဟာဆိုရင် အရင်က အကောင် ၃၀၀ ကျော်ကနေ အခု အကောင် ၇၀၀ ကျော်ရှိသွားပါပြီ၊ သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်၊ ခရီးသွားတွေအတွက် သန့်ရှင်းတဲ့ သန့်စင်ခန်းတွေ အသုံးပြုနိုင်အောင်လည်း စက်သုံးဆီအရောင်းဆိုင်တွေမှာ သန့်စင်ခန်းတွေ ဆောင်ရွက်ခဲ့တယ်၊ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးက သန့်စင်ခန်းတွေ ဆောင်ရွက်ခဲ့တဲ့အတွက် ဆုလည်းရရှိခဲ့တယ်။

**ပြည်တွင်းခရီးသွား နှစ်ဆကျော်တိုးတက်**

“ခရီးသွားတွေ များများလာလေ တိုင်းဒေသကြီးထဲက ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများလေဖြစ်ပါတယ်၊ လူမှုစီးပွားဘဝလည်း တိုးတက်လေဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးက ခရီးစဉ်တော်တော်များများကိုတော့ သိကုန်ကြပါပြီ၊ စာရင်းဇယားကောက်လိုက်တော့ ပြည်တွင်းခရီးသွားက နှစ်ဆကျော်တိုးတက်လာတယ်၊ ပြည်ပခရီးသွားက ၄၃ ရာခိုင်နှုန်းအထိ တိုးတက်လာတယ်၊ ဒီလိုတိုးတက်နေတာကို ရောင့်ရဲမနေဘူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီထက်တိုးတက်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထိုသို့ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်ဘဏ္ဍာကို အလေးထားကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေး တားဆီးကာကွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းခံလယ်ယာမြေ ပြန်လည်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်လျက်ရှိပြီး



ကျန်းမာရေးဝန်ကြီးဌာန၊ ပြင်ပပုဂ္ဂလိက သွားဘက်ဆိုင်ရာဆရာဝန်များနှင့် လုပ်အားပေးများ ပူးပေါင်းပါဝင်မှုဖြင့် ဝေးလံခေါင်းပါးသောဒေသဖြစ်သည့် နာဂဒေသမှ ဒေသခံများအား သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

သိမ်းဆည်းလယ်ယာမြေနှင့် ပတ်သက်သည့် အမှုတွဲ ၁၆၁ တွဲကို စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းလယ်ယာမြေ**

“သိမ်းဆည်းခံလယ်ယာမြေတွေကို ပြန်လည်စိစစ်ရေး ကော်မတီဖွဲ့စည်းပြီးတော့ အမှုတွဲပေါင်း ၁၆၁ တွဲကို စိစစ်ပြီး သိမ်းဆည်းလယ်ယာမြေ ဧရိယာပေါင်း ၄၈၀၀၀ ကျော်ကို စွန့်လွှတ်ပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်၊ ကျန်ရှိတာကတော့ နည်းနည်းပဲရှိတော့တယ်လို့ သိရပါတယ်၊ ပြီးတော့ အဲဒီလိုလုပ်တဲ့နေရာမှာ လယ်ယာမြေကို ပြန်လည်မစွန့်လွှတ်နိုင်တာနဲ့ ပတ်သက်ပြီး လျော်ကြေးငွေပေးအပ်တာကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုသည်။



ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဝင်းဦး(ဇေယျာတိုင်း)

**စက်မှုဇုန်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာစက်မှုဇုန်၊ စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် ကလေးစက်မှုဇုန်စသည့် စက်မှုဇုန်လေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

“မုံရွာစက်မှုဇုန်ကတော့ အဓိကပေါ့၊ ဒီစက်မှုဇုန်လေးဇုန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအဆောက်အအုံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေတယ်၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဒေသဆိုင်ရာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ တိုးတက်ရေး အေဂျင်စီကို ဖွဲ့စည်းခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့နည်းပညာ၊ အရင်းအနှီးနဲ့ လျှပ်စစ်ဓာတ်အား ရရှိရေးနဲ့ ထွက်လာတဲ့ ကုန်ပစ္စည်းတွေ ဈေးကွက်ရရှိရေးကို အကောင်ဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**ရင်းနှီးမြှုပ်နှံမှု**

“တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ တိုးတက်လာအောင် ကြိုးပမ်းလျက်ရှိတယ်၊ ပြည်ပကတော့ အခု ရင်းနှီးမြှုပ်နှံသူ နည်းနည်းတော့ လာနေပါပြီ”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

*အချပ်ပို(ဇ)သို့*



မုံရွာမြို့နယ်အတွင်း ပြည်ပခရီးသွားဧည့်သည်အဖွဲ့များ စက်ဘီးစီး၍ လေ့လာနေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-ဝင်းဦး(ဇေယျာတိုင်း)



မုံရွာမြို့နယ်၌ ဆောက်လုပ်ထားသည့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံ အပိုင်း(၁)ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဝင်းဦး(ဇေယျာတိုင်း)



စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း၌ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ထားသည့် စာရာမေရိတောင်တစ်ဝိုက်ရှိ သစ်တောများကို တွေ့ရစဉ်။ ဓာတ်ပုံ-ဝင်းဦး(ဇေယျာတိုင်း)



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်သစ်တောကြိုးဝိုင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ဝင်းဦး(ဇေယျာတိုင်း)

*အချုပ်ပို(ဆ)မှ*

တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ပြည်သူများ၏ တိုင်ကြားစာများကိုလည်း စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ထံမှ တိုင်ကြားစာ ၃၈၁၈ စောင်အနက် ၁၇၀၀ ကို ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့ဖွံ့ဖြိုးတိုးတက်ရေး**

ထိုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုအပေါ် ဒေသခံတစ်ဦးဖြစ်သည့် မုံရွာမြို့ အောင်မင်္ဂလာရပ်မှ ဦးလှဟန်က "မြို့မိမြို့ဖတွေကိုလည်း လက်တွဲခေါ်ယူပြီး အတူတကွဆောင်ရွက်တာကို တွေ့ရပါတယ်၊ ပွင့်လင်းမြင်သာစွာ ပြောဆိုဆောင်ရွက်တာကိုလည်း တွေ့ရှိရပါတယ်၊ ကဏ္ဍတိုင်းမှာ အဆင်ပြေလာတာ တွေ့ရပါတယ်၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေနဲ့ အများကြီး လုပ်ဆောင်ပေးတာကို တွေ့ရပါတယ်၊ တချို့ဌာနတွေမှာ ကြန့်ကြာနေတာတွေလည်း ရှိသေးတယ်၊ ပြောင်းလဲပြီး ပြည်သူအတွက် ဆောင်ရွက်ပေးတဲ့ ဌာနတွေက များပါတယ်"ဟု ပြောသည်။

**အသေးစား ရေအားလျှပ်စစ်စီမံကိန်း**

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ကျွန်တော်က အလုပ်လုပ်ရင် နည်းနည်းလေးဖောက်ထွက်ပြီးတော့ လုပ်ချင်တဲ့အကျင့်က ရှိနေတယ်၊ ရှေ့ဆက်လုပ်ငန်းအနေနဲ့ပြောရရင် တိုင်းဒေသကြီး ဘတ်ဂျက် ၅ ဒသမ ၆ ဘီလီယံနဲ့ မြို့နယ် ၃၇ မြို့နယ်အတွက် မြေထိုးစက်၊ မြေကြိတ်စက်၊ မြေသယ်ယာဉ်တစ်စီးစီ စုစုပေါင်းသုံးစီး ထောက်ပံ့ပေးခဲ့တယ်၊ အဲဒီလို ထောက်ပံ့ပေးတာလည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်နဲ့ ဌာနဆိုင်ရာပူးပေါင်းပြီး ကိုယ့်ဒေသမှာ လိုအပ်တဲ့နေရာတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြန်ဆုံးလုပ်နိုင်ဖို့၊ နောက်ပြီး အထက်ချင်းတွင်းဒေသအတွက် ဟုမ္မလင်းမြို့နယ် နမ့်ပန်ခါးချောင်းမှာ ၃ မဂ္ဂါဝပ်ထွက်မယ့် အသေးစားရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ခန္တီးခရိုင် ကျောက်မျက်ရတနာဒေသမှာ ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိရေးအတွက် ရေမဆေးကျောက်ရှာဖွေသူတွေကို ဝင်ခွင့်ကတ်ပြားကို သုံးရောင်ခွဲပြီး ပေးခဲ့တယ်၊ အဲဒီကတ်ပြားပဲ ဝင်လို့ရမယ်၊ နောက်ကုမ္ပဏီတွေကိုလည်း ရေမဆေးကျောက်တွေကို တစ်နေရာတည်းမှာ သတ်သတ်ပုံပြီးတော့၊ အဲဒီမှာ ဒေသခံနဲ့ ရေမဆေးကျောက်ရှာဖွေသူတို့ အလုပ်အကိုင်ရှေ့ဆက်လုပ်နိုင်ဖို့၊ ကျောက်စိမ်းလုပ်ကွက်နဲ့ ပယင်းလုပ်ကွက်တွေ လက်လုပ်လက်စား ချထားပေးနိုင်ဖို့ လုပ်ကွက်တွေ တိုင်းတာသတ်မှတ်ပေးလျက်ရှိတယ်။

"နောက်ပြီး ခန္တီးဒေသမှာပဲ ကျောက်စိမ်းဈေးကြီး ပေါ်ပေါက်လာဖို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိတယ်၊ ထို့အတူပဲ ဟုမ္မလင်းမြို့နယ် ရွှေထွက်ရာဒေသတွေမှာလည်း အသေးစားနဲ့ အလတ်စားလုပ်ကွက်တွေကိုလည်း မကြာခင် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် လုပ်ကွက်တွေကို ချထားပေးသွားမှာ ဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းမှာ ရွှေတွေထွက်တယ်၊ ထွက်တော့ ဗန်းမောက်မြို့နယ် အတွင်းမှာလည်း အဲဒီလိုချထားဖို့ လုပ်နိုင်ဖို့အတွက် တင်ပြထားတယ်။

**သဖန်းဆိပ်ဆည်**

"ပြီးတော့ သဖန်းဆိပ်ဆည်ဟာ အရှေ့တောင်အာရှမှာ အကြီးဆုံးဆည်၊ ရွှေဘိုတစ်နယ်လုံး သဖန်းဆိပ်ဆည်ကြီးကို အားကိုးနေရတယ်၊ အဲဒီမှာလည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်တယ်၊ အဲဒီသဖန်းဆိပ်ဆည်ရဲ့ရေမြောင်းတွေကအစ သပ်ရပ်အောင် ရှေ့ဆက်ပြီးတော့ JICA နဲ့ ပေါင်းပြီး လုပ်ဆောင်ဖို့ရှိတယ်၊ ရွှေဘိုပေါ်ဆန်းမွှေးကိုလည်း ပို့ကုန်အဖြစ်ဆောင်ရွက်သွားချင်တယ်"ဟု ပြောကြားသည်။

**မူဝါဒသုံးရပ်ကို ချမှတ်**

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒသုံးရပ်ကို ချမှတ်ထားပြီး ချမှတ်ထားသည့်အတိုင်းပင် ပြည်သူ့အကျိုးစီးပွားအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



သဖန်းဆိပ်ရေလှောင်တမံ၌ ရေသိုလှောင်ထားမှုကို တွေ့ရစဉ်။



ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း)။



ချင်းတွင်းမြစ်ကူးတံတား (ကလေးဝ)။